ချစ်ခင်လေးစားရပါသော အလယ်တန်းကျောင်းမိဘများသို့ . . .

မိဘ/ကျောင်းသားလက်ကိုင်စာအုပ်သည် မိဘများအား အလယ်တန်းကျောင်း အစီအစဉ်များကို ခြုံငုံသိရှိစေရန် ရည်ရွယ်ပါသည်။ သင်ရိုးညွှန်းတန်း၊ မျှော်မှန်းချက်များ၊ စည်းကမ်းချက်များနှင့် မူဝါဒလမ်းညွှန်မှုများအတိုင်း ISM ကျောင်း၌အတူကွ လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူကြီးမင်းနှင့် အတူမိမိကလေးအား အတူတကွ ဖတ်စေလိုပါသည်။ သို့မှသာ မိသားစုများအနေဖြင့် မည်သည့်အရာများကို လိုက်နာရမည်ကို ရင်းနှီးကျွမ်းဝင်မှုရှိနိုင်မည်ဖြစ်ပါသည်။ လူကြီးတို့အနေဖြင့် ဤစာအုပ်အားဖတ်ပြီးပါက ပထမဆုံးစာမျက်နှာအား ဖယ်ရှား၍ လက်မှတ်ထိုးပြီး၊ လူကြီးမင်းတို့၏ကလေးနှင့် ကျောင်းတက်ပြီး ပထမပတ်တွင် ကျောင်းသို့ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ရှေ့ဆက်ကြိုးပမ်းမှု အနေဖြင့် စာရွက်သုံးစွဲမှု ပမာဏအားလျှော့ချနိုင်ရန် မိဘများနှင့် အီးမေး(လ်)နှင့်သော်လည်းကောင်း ISM website မှသော်လည်းကောင်း အကြောင်းကြားဆက်သွယ်သွားမည် ဖြစ်ကြောင်းသတိ ပြုစေလိုပါသည်။ကျွန်ုပ်တို့အနေဖြင့် လူကြီးမင်းတို့အား ကျောင်း၌နေ့စဉ်လှုပ်ရှားမှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ဆောင်ချက်အသေးစိတ်တို့အား သိရှိနိုင်စေရန် ကျောင်း website အားပုံမှန် ကြည့်ရှု စေလိုပါသည်။ ထပ်မံ၍ လစဉ်ထုတ်ဝေသော Dragon Chronicle ကိုလည်း website တွင်တင်ထားပါသည်။

ကျွန်ုပ်တို့၏ရည်မှန်းချက်သည် ကျောင်းသား/သူများအားလုံး တသက်တာအတွက် လေ့လာဆည်းပူးခြင်း၊ တက်ကြွစွာပါဝင် သင်ယူလေ့လာသူများအဖြစ်နှင့် ကျွန်ုပ်တို့အသိုင်းအဝိုင်းအတွက် တာဝန်သိစိတ်ရှိသောသူများအဖြစ် လိုအပ်သော စွမ်းရည်များ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပါသည်။ အထက်တန်းကျောင်းတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက်လည်း ၄င်းတို့အား ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပေးပါသည်။ ကျောင်းသား/သူများ၊ ဆရာ/မများနှင့် မိဘများ၏ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လေ့လာဆည်းပူးရာ အသိုင်းအဝန်းတွင် အဖွဲ့ဝင်များဖြစ်သည့်ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုသည်လည်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဆရာ/မများနှင့် မိဘများအားလည်း သင်ယူရာတွင် ကျောင်းသား/သူများနှင့်အတူ တစ်သားတည်းကျစေလိုပါသည်။ ကျောင်းသား/သူများ သင်ယူသော အဓိက/အထူးပြုဘာသာရပ် သင်ရိုးညွှန်းတန်းအားကျယ်ပြန့်သော အစီအစဉ်များ စီစဉ်ပေးနိုင်ခြင်းအတွက် လွန်စွာဂုဏ်ယူမိပါသည်။ တစ်ဘက်မှလည်း အခြားသောဘာသာရပ်များနှင့် ပတ်သက်၍ ဘက်စုံနှံ့စပ်အောင် စူးစမ်းလေ့လာသင်ယူနိုင်သော အခွင့်အလမ်းကို ရနိုင်မည်ဖြစ်ပါသည်။

ကျေးဇူးပြု၍ မိဘဆရာအသင်းအဖွဲ့ပညာပေးနှင့် လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်စေလိုပြီး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် တက်ကြွသော ပညာရေးလုပ်ဆောင်မှုများကို ကျောင်းသို့လာရောက်လေ့လာစေလိုပါသည်။ အလယ်တန်းကျောင်း အတွင်းရေးမှူး အားဆက်သွယ်၍ လူကြီးမင်းကျောင်းသို့လာရောက်မည့် အချိန်အား ချိန်းဆိုနိုင်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ၂၀၁၆/၁၇ စာသင်နှစ်တွင် စံထားထိုက်သော နိုင်ငံတကာလေ့လာဆည်းပူးမှု ပတ်ဝန်းကျင်အဖြစ် တည်ဆောက်လျှက် မျှော်လင့်ချက်များစွာဖြင့် ကောင်းမွန်သောနှစ်ကို ရှေ့ရှုမျှော်လင့်မိပါသည်။

အကောင်းဆုံးဆန္ဒပြုလျှက်

Matt Leishman

Middle School Principal

## Parent responsibilities Acknowledgement

ကျောင်းသားလက်ကိုင်စာအုပ်ကို သင်၏ကလေးနှင့် အတူဖတ်ပါ။ ဖတ်ရှု၍ ပြီးဆုံးပါက အောက်ပါ ပုံစံတွင် လက်မှတ်ရေးထိုးပြီး လူကြီးမင်းကလေး၏ အတန်းပိုင်ဆရာထံသို့ ဩဂုတ်လ (၁၂)ရက်၊ ၂၀၁၆ နောက်ဆုံးထားပြီး ပြန်လည်ပေးပို့စေလိုပါသည်။

ကျွန်တော်/ ကျွန်မတို့ ------------------------ကျောင်းသား/ သူအမည် --------------------

အတန်း ------- သည်ကျောင်းသားလက်ကိုင်စာအုပ်ကို ကျွန်တော်/ ကျွန်မတို့ကလေးနှင့် အတူဖတ်ရှုပြီးပါကြောင်း . . .

- ✓ **ISM** ကျောင်းတွင် မိသားစုသဖွယ် သဘောထားပြီး ဤကျောင်းမှ ချမှတ်ပေးထားသော ပေါ်လစီနှင့် လုပ်ငန်းစဉ်များကို အပြည့်အဝနားလည်သဘောပေါက်ပြီးကျွန်တော်/ ကျွန်မတို့သည် လိုက်နာရမည်ဖြစ်ပါသည်။
- ✓ ကျွန်တော်/ ကျွန်မတို့၏ ယာဉ်မောင်းများကို ရှင်းလင်းအသိပေးပြီးဖြစ်ပါသည်။ အကယ်၍ နောက်နောင်ကာလတွင် ယာဉ်မောင်းအသစ်ပြောင်းလဲခဲ့ပါလျှင် ကျောင်းပို့ကျောင်းကြိုပြုလုပ်သည့်အခါ လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းအသိပေးမည်ဖြစ်ပါသည်။
- ✓ အကယ်၍ ကျွန်တော်/ ကျွန်မတို့ ကလေးနှင့်ပတ်သက်သည့် အတွေ့အကြုံကို သိရှိမေးမြန်း ပြောကြားလိုသည့် ကိစ္စများရှိပါကပထမဆုံးအတန်းပိုင်အားဆက်သွယ်၍လိုအပ်ပါက ကျောင်းအုပ်ကြီးအား ဆက်သွယ်မည်ကို ကတိပြုပါသည်။

--------------------------------------------

မိဘလက်မှတ်

----------------------  ----------------------

ကျောင်းသား/ သူ လက်မှတ်  နေ့စွဲ

## Student Technology Code of Conduct Acknowledgement

ပညာရေးတွင် နည်းပညာဆိုင်ရာ ပညာရပ်များကို အသုံးပြုရန်အတွက် ISM မှမြှင့်တင်ပေးနေပါသည်။ တည်ရှိနေသောနည်းပညာရပ်များကို ကျောင်းသားများ၊ ဆရာ/ ဆရာမများ၊ မိဘများနှင့်အခြားသောသူများ အပြည့်အဝအသုံးပြုနိုင်ရန်အတွက် အသုံးပြုလိုသူများသည် ကျောင်း၏ခန့်ခွဲခြင်းဆိုင်ရာ ဥပဒေကိုလိုက်နာရမည်ဖြစ်သည်။ ISM တွင်ယင်းနည်းပညာ များကိုအသုံးပြုနိုင်ရန်အတွက် (Student Technology Code of Conduct) ကိုကျောင်းသား/ သူနှင့် မိဘများမှ လက်မှတ်ရေးထိုးပြီး ကျောင်း၏ဖိုင်တွဲထဲတွင် သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ကျေးဇူးပြု ဤလက်ကိုင်စာအုပ်တွင်ပါရှိသော (Student Technology Code of Conduct) အားဂရုစိုက်၍ စစ်ဆေးကြည့်ရှုပြီး၊ ကျောင်းသား/ သူနှင့် မိဘမှ ဖတ်ရှုပြီး၍ ချမှတ်ထားသည့် ဥပဒေအားနားလည်သဘောပေါက်ကြောင်း လက်မှတ်ရေးထိုးစေလိုပါသည်။

ကျွန်တော်/ ကျွန်မတို့သည် (Student Technology Code of Conduct)နှင့်ပတ်သက်၍ အပြည့်အဝလိုက်နာရန် သဘောတူကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။

--------------------------------------------

မိဘလက်မှတ်

----------------------  ----------------------

ကျောင်းသား/ သူ လက်မှတ်  နေ့စွဲ

# Contents


2016-2017 ကျောင်းပြက္ခဒိန် ..... 5
Mission Statement ..... 6
Expected School Wide Learning Results ..... 6
ISM Learning Principles ..... 7
ISM Philosophy of Assessment(စီစစ်ခြင်းဒဿန) ..... 7
ISM School Goals 2016/17 ..... 8
History of ISM ..... 8
School Governance and Management (ကျောင်းအုပ်ချုပ်စီမံခန့်ခွဲခြင်း) ..... 9
Accreditation ..... 9
Student Rights and Responsibilities ..... 9
Parent Rights and Responsiblities ..... 10
Parent-Teacher Association (PTA) ..... 11
(The Middle School Academic Programme) ..... 16
- ၆ တန်း (6 Grade) ..... 17
- ၇ တန်း (7 Grade) ..... 20
- ၈ တန်း (8 Grade) ..... 23

အခြားဘာသာသုံးလူမျိုးများအတွက် အင်္ဂလိပ်စာ (ESOL) ..... 26
စာကြည့်တိုက်(Library) ..... 27
MAP စစ်ဆေးခြင်း ..... 27
လေ့လာရေးခရီးများ ..... 27
- နံရံမဲ့ ရက်သတ္တပါတ် ..... 27

အထောက်အကူပြုဝန်ဆောင်မှုများ။ ။ ..... 28
- ကျောင်းဆင်းချိန် အထောက်အကူပြုအစီအစဉ် ။ ။ ..... 28
- Support and Counseling ..... 28
- Academic Honesty ..... 29

Extracurricular Programs ..... 30
- Afterschool Activities ..... 30
- Community Sevrice ..... 30
- Middle School Drama Club ..... 30
- Sports Programs ..... 30

Guidelines, Policies, Routines လိုက်နာရမည့်ကျင့်ဝတ်၊ မူဝါဒနှင့်လုပ်ရိုးလုပ်စဉ်များ ..... 31
Assessment (or) Evaluation and Feedback (အကဲဖြတ်ခြင်း (သို့မဟုတ်) တန်ဖိုးဖြတ်ခြင်းနှင့် တုန့်ပြန်ချက်) ..... 31
Assessment Rubric (အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်းဆိုချက်များ) ..... 31
- Progress Reports (တတ်မြောက်မှု အစီရင်ခံစာ) ..... 32
- Awards ဆုများ ..... 32
- Attendance (ကျောင်းခေါ်ချိန်) ..... 32
- Absents (ကျောင်းပျက်ရက်များ) ..... 32
  - Medical Absents (ဆေးခွင့်) ..... 32
- Making up Missed Work (လွတ်သွားသောစာများကို ပြန်လည်လုပ်ဆောင်ခြင်း) ..... 32
- Notification of Prolonged Absence (ကာလကြာမြင့်စွာကျောင်းတက်ပျက်ကွက်ခြင်းအတွက်အသိပေးခြင်း) ..... 33
- Participation in School Activities (ကျောင်း၏လှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားခြင်း) ..... 33

Principal Descretion (ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် ) ..... 33

ကျောင်းနောက်ကျခြင်း (Tardiness) ..... 33

အနိုင်ကျင့်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်း(Bullying and Fighting) ..... 33

အနိုင်ကျင့်ခြင်း(သို့)ဗိုလ်ကျခြင်းကို အကြောင်းကြားခြင်း (Reporting Bullying or Harassment) ..... 34

လက်ကိုင်ဖုန်းများ (Cell Phones and Hand Phones) ..... 35

အန္တရာယ်ရှိသောပစ္စည်းများ (Dangerous Articles) ..... 35

အခန်းထဲ၌ ကန့်သတ်အချိန်အတွင်း ထိန်းသိမ်းထားခြင်း (Detention) ..... 35

ထမင်းစားရုံ(Dining Hall) ..... 36

သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှု (Dress Code) ..... 36

ကျောင်းတွင်စားသောက်ခြင်း (Eating in School) ..... 36

အားကစားကွင်းနှင့် အားကစားရုံဆိုင်ရာ ကျင့်ဝတ်၊ ကျင့်ထုံးများ (Field and Gym Code of Behavior) ..... 37

အိမ်စာ (Homework) ..... 37

ရိုးသားမှု နှင့် အလေးထားမှု (Honesty and Respect) ..... 37

ခိုးမှု (Theft) ..... 37

လက်သရမ်းသဖျက်ဆီးခြင်း (Vandalism) ..... 38

ကျောင်းဆက်လက်တင်နိုင်ခြင်းရှိ/မရှိခြင်းအတွက် ချမှတ်ထားသည့်မူဝါဒလမ်းစဉ်(Policy of Continuing Enrollment) ..... 38

အစမ်းခန့်ကာလ (Probation) ..... 38

Academic Probation (ပညာရေးနှင့်ဆိုင်သောအစမ်းကာလ) ..... 38

အပြုအမူဆိုင်ရာအစမ်းကာလ (Behavioral Probation) ..... 38

လူမြင်ကွင်းတွင် မေတ္တာမျှခြင်း (Public Displays of Affection ) ..... 39

စာပေလေ့လာခြင်း အုပ်စုများ (Study Groups) ..... 39

ကျောင်းမှ ခေတ္တဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်း (Suspension and Expulsion) ..... 39

Technology Code of Conduct (Acceptable Use Policy) ..... 40

Tuition Teachers ..... 41

School Fees (ကျောင်းလခ) ..... 42

## 2016-2017 ကျောင်းပြက္ခဒိန်

### August

- Aug 1 - Students' First Day
- Aug 24 - Professional Development Day (no school for students)
- Aug 29 - Open House (PS-Gr 2)
- Aug 30 - Open House (Gr 3-5)
- Aug 31 - MS Open House

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

### September

- Sep 1 - HS Open House
- Sep 16 - School Holiday
- Sep 22-Professional Development Day (no school for students)
- Sep 30 - 1st Quarter Ends

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

### October

- Oct 3 - 2nd Quarter Begins
- Oct 10~14 - Thadingyut Holidays
- Oct 20~21 - Conferences Day (12:00 dismissal)

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | | | | | | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

### November

- Nov 12- International day
- Nov 24 - National Day

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | | 25 | 26 |
| 27 | 28 | 29 | 30 | | | |

### December

- Dec 16- 12:00 dismissal (End of 2nd Quarter)
- Dec 19~30 - Winter Holiday

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | | | | | | 24 |
| 25 | | | | | | 31 |

### January

- Jan 2~6 Winter Holidays
- Jan 9 - 3rd Quarter Begins (School resume)
- Jan 27 - Chinese New Year

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | | | | | | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | | 28 |
| 29 | 30 | 31 | | | | |

### February

- Feb 25 - Fun Fair

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | | | | |

### March

- Mar 17 - 3rd Quarter Ends
- Mar 20 - 4th Quarter Begins
- Mar 23~24 - Conferences
- Mar 27 - Armed Forces Day

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | | 28 | 29 | 30 | 31 | |

### April

- April 10~19 - Thingyan Holidays
- April 20 - School Resumes

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | | | | | | 15 |
| 16 | | | | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

### May

- May 11- Kasone Full Moon Day
- May 23 - HS Graduation Day
- May 26 - 12:00 Dismissal (Last day of school for students)
- May 27 Teacher work day until 3:30 pm.

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

- School Activities
- School Wide Events
- Holiday
- Teachers work day
- Conference
- HS Graduation day

# International School of Myanmar

## Mission Statement

ISM ကျောင်းသည်ပညာရေးဆိုင်ရာများကို ကျောင်းသားများ တသက်တာအတွက် လေ့လာဆည်းပူးနေကြသော နေရာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကျောင်းသားများသည် ကမ္ဘာ့အဝှမ်းရှိ တက္ကသိုလ်များတွင် အောင်မြင်စွာ ပညာဆည်းပူးနိုင် ရန်အတွက် ကျွန်ုပ်တို့ကျောင်းမှကျောင်းသားများကို လိုအပ်သော အရည်အချင်းနှင့် အပြုအမူများကို ပေးစွမ်းမည်ဖြစ်သည်။ ထို့အပြင် လျှင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးကို ရင်ဆိုင်နိုင်ရန်အတွက် စာနာစိတ်ရှိသော၊ မိမိကိုယ်ကိုမိမိအားကိုးနိုင်သော အကျိုးရှိသည့်အလုပ်များကို ပြုလုပ်နိုင်သော တာဝန်သိနိုင်ငံသားများ ဖြစ်စေရန်အတွက် လည်းဖြည့်ဆည်းပေးလျှက်ရှိပါသည်။

## Expected School Wide Learning Results

ISM ကျောင်းသားများသည်.. .. .. .. ..

### Involved Citizens

- ပတ်ဝန်းကျင်နှင့် မိမိ၏အသိုင်းအဝိုင်းကိုစာနာပေးခြင်း၊ အလေးထားခြင်းကိုလက်တွေ့ပြသနိုင်ခြင်း
- လျှင်မြန်စွာဆုံးဖြစ်ချက်ချရာတွင် တာဝန်ယူမှုကိုပြသနိုင်ခြင်း
- အခြားသောသူများ၏ရရှိနိုင်သောအခွင့်အရေးများကို သိမြင်အလေးထားမှုပေးနိုင်ခြင်း
- မိမိကိုယ်ကိုနှင့်အခြားသူများ၏ လုံခြုံရေးနှင့်ကျန်းမာရေးကို အထောက်အကူပေးနိုင်ခြင်း

### Academic Achievers

- သင်ရိုးညွှန်းတန်းနယ်ပယ်များအားလုံးတွင် အဆင့်မြင့်မားစေရန်အတွက် အဆက်မပြတ် တိုးတက်မှုရှိစေရန် သုံးသပ်စစ်ဆေးခြင်း နှင့် ပညာရေးလုပ်ငန်းများကိုညှိနှိုင်းပေးခြင်း
- မိမိတစ်ဦးခြင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လွတ်လပ်စွာလုပ်ဆောင်နိုင်ခြင်းကိုပြသခြင်း
- နေရာအနှံ့အပြားမှ သတင်းအချက်အလက်များကိုရှာဖွေနိုင်ခြင်း
- နည်းပညာဆိုင်ရာပညာရပ်များကို သိရှိပြီးတီထွင်အသုံးပြုနိုင်ခြင်း

### Effective Communicator

- မိမိပြောလိုသောအရာများနှင့်မိမိပေးလိုသောအကြံဉာဏ်များကို လျှင်မြန်ထိရောက်စွာပြောဆိုနိုင်ခြင်း
- အလေးအနက်ထားနားထောင်ပေးခြင်း၊ လိုအပ်သည့်မေးခွန်းများမေးခြင်းနှင့် နားလည်မှုပေးနိုင်ခြင်း
- အဖွဲ့၏ရည်မှန်းချက်အောင်မြင်စေရန် အတွက်ထိရောက်သော ပူးပေါင်းဆောင်ရွက်နိုင်သော အရည်အချင်းကို လက်တွေ့ဖေါ်ဆောင်နိုင်ခြင်း
- သင့်လျော်မည့် media/technologyကိုအသုံးပြုပြီးစာဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း မြင်တွေ့ရသည့်အချက်အလက်များကို နားလည်ဖေါ်ဆောင်ပေးခြင်း

### Critical Thinkers

- ပြသနာများကိုဖြေရှင်းနိုင်ရန်အတွက် အကြောင်းအရင်းများကို လေ့လာသုံးသပ်ပြီး အချက်အလက်များကို ထိရောက်စွာ ဖေါ်ဆောင်ပေးခြင်း
- ယခင်ကသိရှိထားသော အသိပညာများနှင့် သတင်းအချက်အလက်များကို အသုံးပြုပြီး အဓိပ္ပါယ်ရှိစွာနားလည် နိုင်ခြင်း
- နည်းလမ်းမျိုးစုံအသုံးပြု၍ ပြသနာများကိုဖြေရှင်းနိုင်ခြင်း
- တရားမျှတမှုမရှိသည့်ကြောင်းအရာများကို တရားမျှတမှုရှိစေရန်ဖြေရှင်းပေးခြင်း

### Self-Directed Life Long Learner

- မိမိကိုယ်တိုင်လေ့လာဆည်းပူးရာတွင် တာဝန်ယူနိုင်ခြင်း
- လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကာယဆိုင်ရာများကို ပိုမိုတိုးတက်စေနိုင်ရန်အတွက် သင်ရိုးညွှန်းတန်းနှင့် ပါတ်သက်သည့်အမျိုးမျိုးသော လှုပ်ရှားမှုများတွင်ပါဝင်နိုင်ခြင်း
- တချိန်တခါမျှ မပြုလုပ်ဖူးသောအတွေးအခေါ် အကြံအစီများကိုလုပ်ဆောင်ရာတွင် စွန့်စား၍လုပ်ကိုင်နိုင်ခြင်း
- သတ်မှတ်ထားသောရည်မှန်းချက်ပန်းတိုင်ကိုလည်းကောင်း၊ အချိန်ကိုစီမံခန့်ခွဲမှုနှင့် အလုပ်များကိုစီမံခန့်ခွဲ နိုင်ခြင်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာပြုလုပ်နိုင်ရန် ဖေါ်ဆောင်ပေးခြင်း

## ISM Learning Principles

ISMကျောင်းအဖွဲ့အစည်းအနေဖြင့် ပညာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသည် အောက်ဖော်ပြပါ အကြောင်းအရာများရှိမှသာပေါ်လွင်လာနိုင်သည်ဟုယူဆပါသည်။

- သင်ကြားရေးပတ်ဝန်းကျင်တွင် တစ်ဦးခြင်းပါဝင် လုပ်ဆောင်နိုင်ခြင်း၊ အတူတကွပူးပေါင်းလုပ်ဆောင်နိုင်ခြင်း တို့ကိုအမြဲကြိုဆို လက်ခံ၍ စိတ်ဓတ်တက်ကြွမှုများ ရှိနေရမည်။
- သင်ကြားသည့်အပိုင်းတွင် တိုးတက်မှုရှိစေပြီး၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဆီလျော်ရမည်။ ထို့အပြင် ကျောင်းသား/သူ တစ်ဦးချင်းစီ၏ သီးသန့်သင်ကြားမှုကို လက်ခံသည့်ပုံသဏ္ဍာန်၊ တတ်ကျွမ်းသည့်အဆင့်၊ စိတ်ပါဝင်စားမှု နှင့်အကြိုဉာဏ်များကို အသိအမှတ်ပြု၊ ဂုဏ်ပြုရမည်။
- လက်တွေ့လုပ်ဆောင်မှုများကြောင့် ကျောင်းသားများအနေဖြင့် စီစစ်ဝေဖန်နိုင်ရန်၊ ပြဿနာဖြေရှင်းနိုင် ရန်နှင့် ထိရောက်စွာ ဆက်သွယ်နိုင်မည်ဖြစ်သည်။
- ကျောင်းသား/သူများအား လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ဆက်စပ်မရှိစေပြီး၊ ဗဟုသုတဆိုင်ရာများကို ပြောင်းယူသုံးစွဲနိုင်ရန် လမ်းညွှန်မှုပေးရန်အတွက် သင်ကြားမှုအပိုင်းများကို စီစဉ်သင်ကြားပေးနိုင်ရမည်။
- စီစစ်မှုနည်းစနစ်များမှာ diagnostic assessment၊ ကျောင်းသားများအနေဖြင့် မိမိကိုယ်ကိုမိမိသုံးသပ်ခြင်း၊ အတန်းဖော်အချင်းချင်း ပြန်လည်စီစစ်ခြင်းနှင့် ဆရာများထံမှ အခါအားလျှော်စွာ တုံ့ပြန်ဖော်ပြချက်များ ပါဝင်ပါသည်။
- သင်ကြားရေးရည်မှန်းချက်များသည် အောင်မြင်မှုရနိုင်မည့် စံများနှင့်ကိုက်ညီရမည်။ ထို့အပြင် အတန်းအဆင့် သတ်မှတ်ထားသည့်စံများ၊ ဘာသာစုံနယ်ပယ်နှင့်လည်း ကိုက်ညီရမည်။ သို့မှသာကျောင်းသား/သူများသည် ရှင်းလင်းသည့်ရည်ရွယ်ချက် ရလဒ်များရရှိနိုင်မည်။

## ISM Philosophy of Assessment(စီစစ်ခြင်းဒဿန)

စီစစ်ခြင်းနှင့် သင်ကြားပို့ချခြင်း နှစ်ခုတို့သည် ISMတွင် ခွဲခြား၍မရနိုင်သော အရာများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားသည် မိမိကိုယ်ကိုပြန်လည်သုံးသပ်စေခြင်းအတွက် အထောက်အကူပြုသကဲ့သို့၊ သင်ကြားမှုပိုင်းကိုလည်း အထောက်အကူပြုစေပြီး စီမံကိန်းချလုပ်ဆောင်နိုင်ရေးကိုလည်း ရှေးရှုသည်။ တိကျထိရောက်မှုရှိသည့် စီစစ်ပေးခြင်းသည် နက်နဲသည့်အယူအဆ နားလည်မှုများ၊ အဆင့်မြင့်တွေးခေါ်မှုများ နှင့်စစ်မှန်သောပြဿနာဖြေရှင်းဖြင်းများကို အလေးအနက်ထားပါသည်။ ဘက်စုံကဏ္ဍအသီးသီးမှစုဆောင်းတွေ့ရှိရသော မျက်မြင်သက်သေပြသည့်အရာများသည် အဓိပ္ပါယ်ရှိခြင်း၊ ပေါ်လွင်အောင်သရုပ်ဖော်ပြခြင်း၊ အချိန်နှင့်အမြင်ကိုပေါ်လွင်အောင်ပြခြင်းများသည် ကျောင်းသားများ၊ ဆရာမိဘတို့နှင့်ထိရောက်စွာ အဆက်အသွယ်ပြုလုပ်နိုင်သည်။

ISMတွင် အရည်အချင်းစီစစ်ခြင်းသည်.......

- ISMသည်ရည်မှန်းချက်၊ သင်ကြားမှုပိုင်းဆိုင်ရာမူဝါဒများ၊ သင်ရိုးညွှန်းတန်းစံထားနှုန်း၊ benchmarksများနှင့် တပြေးညီရှိသည်။
- ISMမှလက်ခံကျင့်သုံးနေသည့် Understanding by Designဖြစ်သည့်စီမံချက်လမ်းစဉ်နှင့်လည်း အပြောင်းအလဲမရှိတူညီပါသည်။
- နေ့စဉ်အစီအစဉ်ချခြင်းနှင့် သင်ကြားမှုအပိုင်းအတွက်လည်း အရေးကြီးသည်။
- နားလည်မှုပေးခြင်းနှင့် တဆင့်ကူးပြောင်းခြင်းအတွက် လည်းပံ့ဖော်ပေးစေသည်။
- စီစစ်ရေးသည် formativeနှင့် summativeနှစ်မျိုးပါဝင်ပြီး သင်ကြားရေး ရည်မှန်းချက်များအတွက် ဆီလျှော်တိကျသည့် တုံ့ပြန်ချက် အဖြေများပေးသည်။

- ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် သင်ကြားခံယူမှု ပုံစံအမျိုးမျိုးတို့နှင့်ကိုက်ညီအောင်ဆောင်ရွက်ထားပါသည်။
- ကျောင်းအသိုင်းအဝန်းမှ လူများကိုလည်း ရှင်းလင်းနားလည်စေပါသည်။
- သင်ကြားသည့်ယူနစ်တိုင်းတွင် အဓိကမေးခွန်းများကိုမေးပြီး၊ နားလည်စေရန်ရည်ရွယ်ပါသည်။
- မိမိကိုယ်ကို မိမိသုံးသပ်ပြီးရည်ရွယ်ချက်များ၊ ရည်မှန်းချက်များချမှတ်နိုင်ရန် ဆရာ/မများနှင့် ကျောင်းသား/သူများ အတူတကွ လုပ်ဆောင်ရန် အခွင့်အလမ်းများပေးသည်။
- အခါအားလျော်စွာ ကျောင်းသား/သူတစ်ဦးချင်းစီ၏ တိုးတက်မှုကိုပြသပါသည်။

ISM တွင်......

- စံ၊ မှတ်ကျောက်ပေါ်တွင်အခြေခံသည်။
- ကျောင်းသားတစ်ဦးစီ၏ကြိုးပမ်းမှုနှင့် သင်ကြားရေးရည်မှန်းချက်များ၊ အောင်မြင်မှုများကိုသီးခြားစွာအသိအမှတ်ပြုသည်။
- နည်းမျိုးစုံဖြင့် မိဘများနှင့် ကျောင်းသား/သူများကို ပုံမှန်ဆက်သွယ်မှုပေးသည်။
- ဆရာ/မမှအကဲဖြတ်လေ့လာခြင်းနှင့် ကျောင်းသား/သူ၏ မိမိကိုယ်ကိုမိမိသုံးသပ်ခြင်းတို့လည်းပါဝင်ပါသည်။

## ISM School Goals 2016/17

- ကျောင်းသား/သူများအားလုံးသည် ၎င်းတို့၏တက်ရောက်ရသည့်အတန်းအလိုက် ပညာရေးဆိုင်ရာ အင်္ဂလိပ်စာအားကျွမ်းကျင်စွာတတ်မြောက်စေရန်။
- အတန်းအတွင်း ညွှန်ကြားချက်များအား ကျိုးကြောင်းဆီလျော်စွာတွေးခေါ် ဝေဖန်သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာတတ်ခြင်း နှင့် ပေါင်းစပ်ဖွဲ့စည်းနိုင်သော အရည်အသွေးတို့အား ပိုမိုရှုမြင့်လာစေရန်။
- သင်ယူခြင်းနှင့် သင်ကြားခြင်းတို့တွင် အသုံးပြုသော အချက်အလက်များကို တိုးတက်စေရန်၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာခြင်း (MAP)၊ Fountas and Pinell, writing prompt, SAT နှင့် AP tests အစရှိသည့် စီအစဉ်များအားအသုံးပြုခြင်း။
- အဖွဲ့အစည်း၏ သင်ရိုးညွှန်းတမ်း၊ ဖွဲ့စည်းပုံနှင့် အသင်းအဖွဲ့အစရှိသည့် ကဏ္ဍပေါင်းစုံအား တစ်လုံးတစ်ဝတည်းဖြစ်စေရန်။
- အကဲဖြတ်မှုနှင့် အစီရင်ခံတင်ပြတတ်သည့် လေ့ကျင့်မှုများအား စဉ်ဆက်မပြတ် ESLRs နှင့် စံအဖြစ်သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းတို့နှင့်ကိုက်ညီမှုရှိစေပြီး တိုးတက်လာစေရန်။

## History of ISM

ISM ကျောင်းသည်၁၉၈၈ခုနှစ်မှ မြောက်အမေရိကပညာရေးပုံစံဖြင့် မြန်မာနှင့် ရန်ကုန်မြို့တွင်းနေထိုင်၍ပြည်ပနိုင်ငံမှလာရောက်သော ကျောင်းသား/သူများ လေ့လာဆည်းပူးနိုင်ရန်ရည်ရွယ်၍ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းစတင်ဖွင့်လှစ်စဉ်က မူကြိုမှ၄တန်းအထိ ကျောင်းသား/သူဦးရေ ၄၈ယောက်သာရှိခဲ့ပြီး၊ နောက်ပိုင်းနှစ်များတွင် လျှင်မြန်စွာ ကြီးထွားလာခဲ့သည်။ ၁၉၉၉ခုနှစ်တွင် ကျောင်းကြီးအား ယခုလက်ရှိကျောင်းနေရာသို့ ပြောင်းရွှေ့ခဲ့ပြီး၊ ကျောင်းစာသင်ခန်းပေါင်း (၂၄)ခန်း၊ ကျောင်းသား/သူပေါင်း (၁၀၀)ကျော်နှင့် ခြောက်တန်းအထိဖွင့်လှစ်ခဲ့ပါသည်။ နောက်ပိုင်းနှစ်များတွင် အဆောက်အဦးအသစ်အား ဆောက်လုပ်ခဲ့ပြီး သတ္တမတန်းအား တိုး၍ဖွင့်လှစ်ခဲ့ပါသည်။ထပ်မံ၍ အဆောက်အဦး၂လုံးဆောက်လုပ်ခဲ့ခြင်းကြောင့် ရှေ့ဆက်၍ တိုးတက်လာသော ရလဒ်အရခြောက်တန်းမှ ဆယ့်နှစ်တန်းအထိဖွင့်လှစ်နိုင် ခဲ့ပါသည်။ ကျောင်း၏ဂုဏ်သတင်းကျော်ဇောလာမှုကြောင့်ကျောင်းကြီးသည် ဆက်လက်ကြီးထွားလာပြီး၊ ၂၀၁၂ခုနှစ်တွင် မူလတန်းကျောင်းကြီး အားကျောင်းသား/သူပေါင်း ၆၀၀ခန့်ဆန့်သော အဆောက်အဦးအသစ်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ အလယ်တန်းကျောင်းကြီးအားယခင်မူလတန်းကျောင်း အဆောက်အဦးသို့ ပြောင်းရွှေ့ခဲ့ပြီး၊ အထက်တန်းကျောင်းကြီးတွင်ယခုအခါ အဆောက်အဦး ၂လုံးရှိပါသည်။ ၂၀၁၆–၁၇ စာသင်နှစ်တွင် ကျောင်းအပ်လာသော ကျောင်းသား/သူပေါင်း ၁၂၀၀နီးပါးခန့်ရှိခဲ့ပါသည်။

## School Governance and Management (ကျောင်းအုပ်ချုပ်စီမံခန့်ခွဲခြင်း)

ISMကျောင်းအား နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ နှင့် ပညာရေးနယ်ပယ်အား တတ်ကျွမ်းသောမြန်မာအမျိုးသမီးများမှ အုပ်ချုပ်ခဲ့ပါသည်။ ဘုတ်အဖွဲ့များမှ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာဦးစီးနိုင်သောအရာရှိဖြစ်သောဒါရိုက်တာအား တာဝန်ပေးခန့်အပ်ပါသည်။ မြန်မာဝန်ထမ်းများကိုလည်း ဘုတ်အဖွဲ့မှ ခန့်အပ်ပါသည်။ ဒါရိုက်တာမှ အထွေထွေလုပ်ငန်းစဉ်များအားဘုတ်အဖွဲ့မှ ညွှန်ကြားချက်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ပါသည်။

မူလတန်းကျောင်း၊ အလယ်တန်းကျောင်း နှင့်အထက်တန်းကျောင်းမှ ကျောင်းအုပ်များသည်ကျောင်း၏နေ့စဉ်လုပ်ငန်းကဏ္ဍများကို မိမိတို့၏သက်ဆိုင်ရာ အဆောက်အဦးအလိုက် တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ ဒါရိုက်တာနှင့်ဖြစ်စေ ပုံမှန်ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းတို့ဖြင့် စီမံခန့်ခွဲအုပ်ချုပ်ပါသည်။ဒါရိုက်တာ ကျောင်းတက်ပျက်ကွက်သည့် အချိန်တွင် ကျောင်းအုပ်ကြီးများမှ ကျောင်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှုများကို တာဝန်ယူဆုံးဖြတ်ပေးခြင်းများ ပြုလုပ်ပါသည်။ ဒါရိုက်တာသည် ဘုတ်အဖွဲ့ဝင်များနှင့် အစည်းအဝေးတွင်ပုံမှန်တွေ့ဆုံသော်လည်း၊ ကျောင်းအုပ်ကြီးများသည် တစ်ခါတစ်ရံသာ အစည်းအဝေးတွင် တက်ရောက်ခွင့်ရရှိပါသည်။ Business Manager သည် ကျောင်းဘဏ္ဍာရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပြီး၊ ဘုတ်အဖွဲ့ထံသို့ ပုံမှန်အစီရင်ခံတင်ပြမှုများပြုလုပ်ပါသည်။ HR မန်နေဂျာသည် ဝန်ထမ်းများအကျိုးအတွက် စီမံဆောင်ရွက်ပြီး၊ ကျန်းမာရေးအာမခံချက်၊ ဗီဇာလုပ်ငန်းစဉ်များ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် လေယာဉ်လက်မှတ်များ နှင့် အိမ်ယာနေရာချထားခြင်းများ အစရှိသည့်အရာများကိုလည်း စီစဉ်ဆောင်ရွက် ပေးပါသည်။

## Accreditation

ISM ကျောင်းသည် အနောက်တိုင်းကျောင်းများနှင့်ကောလိပ်ကျောင်းများအသင်းအဖွဲ့ **WASC** မှအပြည့်အဝတရားဝင် အသိအမှတ်ပြုခြင်း ခံရသော ကျောင်းဖြစ်ပါသည်။ထိုကဲ့သို့ တရားဝင်အသိအမှတ်ပြုခံရခြင်းသည် ကျောင်းသား/သူများအတွက် ကောလိပ်ကျောင်းများနှင့် အမေရိကန်နိုင်ငံနှင့် အခြားသောနိုင်ငံခြားတိုင်းပြည်များသို့ ချဉ်းကပ်ဝင်နိုင်ရောက်နိုင်သော အခွင့်အလမ်းကောင်းများအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ISM ကျောင်းအတွက် အရည်အသွေးကောင်းများနှင့် ပညာရေးဆိုင်ရာ အစီအစဉ်များတွင် စဉ်ဆက်မပြတ်တိုးတက် ခိုင်မာစေရန်အတွက် အောင်မြင်မှုကို ပေးစွမ်းသောကိရိယာတစ်ခုဖြစ်စေပါသည်။ ၂၀၁၆ခုနှစ်၊ မတ်လတွင် **WASC** မှစစ်ဆေးရေးကော်မတီအဖွဲ့သည် ISM ကျောင်းသို့လာရောက်ခဲ့ပြီး ကျောင်း၏ကိုယ်ပိုင်လေ့လာဆည်းပူးမှုနှင့် တိုးတက်မှုရှိရန်လိုအပ်သည့် အရေးကြီးသည့်အပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှုရှိ/မရှိကို အတည်ပြုရန် ဦးစွာလာရောက်လေ့လာစစ်ဆေးခဲ့ပါသည်။ **WASC** ကော်မရှင်မှ တရားဝင်အသိအမှတ်ပြုအဖြစ်အပြည့်အဝ သတ်မှတ်ပေးခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် mid-cycle visit အနေဖြင့် လာရောက်မည်ဖြစ်ပါသည်။

ထပ်မံ၍ – ISM ကျောင်းသည် **EARCOS** ၏အချိန်ပြည့်အဖွဲ့ဝင်ဖြစ်ပါသည်။ ယင်းမှ ဒါရိုက်တာများ၊ စီမံခန့်ခွဲခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအရည်အသွေးပိုင်းတွင် တိုးတက်မှုရှိစေသော အခွင့်အလမ်းကောင်းများရရှိစေခြင်းနှင့် အလားတူနိုင်ငံတကာကျောင်းများနှင့် အတူတကွပူးပေါင်းလုပ်ဆောင်နိုင်ခြင်းအတွက် လှုံ့ဆော်ပေးပါသည်။

## Student Rights and Responsibilities

**ISM** ကျောင်းရှိ ကျောင်းသား/သူများအနေဖြင့် ယခုကဲ့သို့အခွင့်အလမ်းများ ရရှိနိုင်ပါသည် . . . .

- အဓိပ္ပါယ်ပြည့်ဝသောပညာရေးနှင့် မြင့်မားသော ပညာရေးအဆင့်အတန်းဖြင့် ကျောင်းသား/သူတစ်ဦးစီတိုင်းသည် **ISM** ကျောင်း၏လုပ်ဆောင်နိုင်မှု စွမ်းရည်များအတွင်း ပြည့်ဝလုံလောက်စွာကိုက်ညီမှုရှိစေခြင်း။
- စည်းကမ်းချက်များ၊ စည်းမျဉ်းများ နှင့် မူဝါဒများ နှင့် ပြစ်ဒဏ်ပေးခြင်း စသည့် ပြဋ္ဌါန်းချက်ကို အချိန်မီ သတိပြုမိစေခြင်း
- ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိခြင်းနှင့် မိမိကိုယ်ပိုင်ပစ္စည်းများကို ကာကွယ်နိုင်ခြင်း၊ အဆောက်အအုံအား ဘေးကင်းစေခြင်းနှင့် သန့်ရှင်းစေခြင်း တို့လည်းပါဝင်ပါသည်။
- အကြောင်းကိစ္စ တစ်စုံတစ်ရာရှိခဲ့လျှင် ဆရာ/မများ၊ ကျောင်းအုပ်ကြီးများ၊ ဒါရိုက်တာတို့နှင့် ဆွေးနွေးတိုင်ပင်နိုင်ခြင်း

**ISM** အသိုင်းအဝန်း အဖွဲ့ဝင်များအနေဖြင့် ကျောင်းသား/သူများသည် ယခုကဲ့သို့ မျှော်လင့်ချက်များထားရပါမည် . . . .

- ကျောင်းသို့ သင့်လျော်စွာ ဝတ်စားဆင်ယင်လာရမည်ဖြစ်ပြီး၊ လိုအပ်သောပစ္စည်းများယူဆောင်လာခြင်းနှင့် သင်ယူလိုစိတ်ရှိရမည်။
- အများအတွက် စဉ်းစားဆင်ခြင်ပေးခြင်းနေဖြင့် အသံကျယ်ခြင်း၊ ဆူညံသောင်းကျန်းသော အပြုအမူများနှင့် ယဉ်ကျေးမှုမရှိသော (သို့) ညစ်ညမ်းသည့်စကားများပြောဆိုခြင်းကို ရှောင်ကျဉ်ခြင်းတို့ကို ပြသနိုင်ရမည်ဖြစ်ပါသည်။
- ကျောင်းနှင့် အခြားသောသူများ၏ ပစ္စည်းများကို လေးစားရမည်ဖြစ်ပါသည်။ စာအုပ်များ၊ ပစ္စည်းများနှင့် အခြားသော ကျောင်းပိုင်ပစ္စည်းများကို အကောင်းပကတိအတိုင်း ထိန်းသိမ်းရန်တို့လည်းပါ ဝင်ပါသည်။
- ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ပြသနာဖြစ်အောင်ဖန်တီးခြင်း တို့ကိုရှောင်ကျဉ်ရမည်။
- ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်သုံးခြင်း၊ တရားမဝင်ဆေးများသုံးစွဲခြင်း (သို့) အခြားသော ဥပဒေနှင့်မညီသော အရာများနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော ပစ္စည်းများသုံးစွဲခြင်းတို့မှ ရှောင်ကျဉ်ရမည်ဖြစ်ပါသည်။
- နောက်ကျတတ်သောအမူအကျင့်နှင့် ခွင့်ချက်မရှိပဲ ပျက်ကွက်ခြင်းများကို ရှောင်ကျဉ်ခြင်းဖြင့် သင်ကြားလေ့လာခြင်းင်န်းစဉ်များ၊ လေ့လာဆည်းပူးမှုဝန်းကျင်နှင့် အခြားသူများအားလေးစားမှုကို ပြသရမည်ဖြစ်ပါသည်။
- ဆီလျော်သောအတန်းတွင်း အပြုအမူများဖြင့် ပြုမူနေထိုင်ခြင်း၊ ၄င်းတို့၏ဆရာ/မများအား ရိုသေစွာဆက်ဆံခြင်းနှင့် အတန်းဖော်များအား ဖော်ရွေစွာပေါင်းဖော်ခြင်းတို့အား ဖော်ပြရမည်ဖြစ်ပါသည်။
- တက်ကြွသောလှုပ်ရှားမှုများအဖြင့် ကြိုတင်ပြင်ဆင်ပြီးမှ အတန်းတိုင်းသို့ဝင်ရောက်ရန်နှင့် ပူးပေါင်းပါဝင်ရန်အတွက် အဆင်သင့်ရှိနေရမည်ဖြစ်ပါသည်။

## Parent Rights and Responsiblities

**ISM** ကျောင်းရှိမိဘများအနေဖြင့် ယခုကဲ့သို့အခွင့်အလမ်းများ ရရှိနိုင်ပါသည် . . . .

- ကလေးများအတွက် လေးနက်၍အဓိပ္ပာယ်ရှိသော ပညာရေး၊ ပြည့်စုံ၍မြင့်မားသော ပညာရေးစံသတ်မှတ်ချက်များနှင့် **ISM** ဘောင်အတွင်း ကလေးတစ်ဦးစီတိုင်း တွင်လိုအပ်သော လုပ်ဆောင်နိုင်သော စွမ်းရည်များကို ရရှိစေခြင်း။
- သင်ရိုးညွှန်းတန်း၊ ကျောင်း၏လမ်းညွှန်ချက်များနှင့် မျှော်မှန်းချက်များ အစရှိသည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ သိရှိနိုင်ခြင်း။
- မိမိကလေး၏ပညာရေးနှင့်ပတ်၍ မေးခွန်းများမေးမြန်းလိုခြင်း (သို့) စိတ်ပူပန်ခြင်းများရှိပါက ဆရာ/ဆရာမ (သို့) ကျောင်းအုပ်ကြီးထံသို့ ဆက်သွယ်မေးမြန်းနိုင်ခြင်းဖြင့် အချိန်မီပြန်လည် တုန့်ပြန်မှုများကိုလည်း မျှော်လင့်နိုင်စေခြင်း။ ပထဦးစွာ ဆရာ/မထံသို့ ဆက်သွယ်ပြောဆိုရမည်ဖြစ်ပြီး၊ ထိုမှကျောင်းအုပ်ကြီးထံဆက်သွယ်ပြောဆိုပြီး၊ ထိုမှတစ်ဆင့်ဒါရိုက်တာထံသို့ အဆင့်ဆင့် ဆက်သွယ် ပြောဆိုရမည်ဖြစ်ပါသည်။
- ပညာရည်တိုးတက်မှုများကို **Learning Updates,** နှစ်ဝက်အလိုက်တိုးတက်မှုမှတ်တမ်းနှင့် တစ်နှစ်လျှင် (၂)ကြိမ်ပြုလုပ်သည့် ကျောင်းသား/သူများဦးဆောင်သည့် တွေ့ဆုံဆွေးနွေးပွဲတွင်လည်းသိရှိနိုင်ပြီး၊ ဆရာ/မများနှင့်လည်းတွေ့ဆုံခွင့်တောင်း၍ တွေ့ဆုံခြင်းဖြင့်လည်းသိရှိနိုင်ပါသည်။

အိမ်နှင့်ကျောင်းအတူအကွ ရင်းနှီးစွာပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကျောင်းသား/သူများလည်း အကောင်းဆုံး သင်ယူနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ပြုလုပ်ရန် တိုက်တွန်းလှုံ့ဆော်သည့် အနေဖြင့် **ISM** မှမိဘများသို့ အကြံပြုလိုသည်မှာ . . . .

- ကျောင်းသား/သူများကို နေ့စဉ်စာကျက်ရန် နှင့် ကျောင်းစာများကို အလေးထားတတ်ရန် တိုက်တွန်းရမည်ဖြစ်သည်။
- နေ့စဉ်တိုင်း **student planner** ထဲတွင်ရေးထားသော ကျောင်းအိမ်စာများကို စစ်ဆေးကြည့်ရှုရန်။
- ကျောင်းဆင်းချိန်တွင် သင်နှင့်အတူသင့်ကလေး ကစားနိုင်မည့် ပုံမှန်အချိန်နှင့်နေရာကို စီစဉ်ပေးရန်။ အိမ်စာမလုပ်မီ တစ်နာရီခန့် ကလေးငယ်များနှင့် ကစားခြင်းသည် ၄င်းတို့အတွက် အလွန်ပင်ကောင်းမွန်လှပါသည်။
- အိမ်၌ပုံမှန် စာကြည့် (စာဖတ်ခြင်း၊ အိမ်စာပြီးအောင်လုပ်ခြင်း) ရန်နေရာနှင့် အချိန်ကိုသတ်မှတ်စီစဉ်ပေးရန်။
- ကျောင်းတက်ရက် ညများတွင် မိမိကလေးသည် ပြည့်ဝစွာအိပ်စက်ခြင်း ရရှိစေရန်အလေးအနက်ထားစေခြင်း။
- အတန်းတွင်း စာသင်ကြားခြင်း အစီအစဉ်အား အနှောင့်အယှက်မဖြစ်စေရန် မိမိကလေးကို ကျောင်းသို့အချိန်မီပို့ပေးရမည်ဖြစ်ပါသည်။
- သတ်မှတ်ထားသည့် လိုက်နာရမည့် အဝတ်အစားကိုသာဝတ်ဆင်ရမည်ဖြစ်ပါသည်။

- မိမိကလေးအား ပြဋ္ဌါန်းထားသည့် ကျောင်းပြက္ခဒိန်အတိုင်း ကျောင်းတက်စေရမည်ဖြစ်ပြီး၊ အားလပ်ရက်ယူခြင်း (သို့) ခရီးထွက်ခြင်းများ ကိုကျောင်းတက်ရက်အတွင်း မစီစဉ်လိုပါ။
- ကျောင်းနှင့်မိမိကလေး၏ အတန်းပိုင်ဆရာ/ဆရာမများနှင့် ပုံမှန်ဆက်သွယ်မှုပြုလုပ်ရမည်ဖြစ်ပါသည်။
- ကျောင်းမှဆက်သွယ်နိုင်မည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာကို စီစဉ်ပေးရန်။
- မိဘအနေဖြင့် ရန်ကုန်မြို့မှ အဝေးသို့ခရီးထွက်ခဲ့လျှင် မိမိကလေးသည် စောင့်လျှောက်မည့်သူတစ်စုံတစ်ဦးနှင့် ကျန်ရှိနေမည့်အကြောင်း ကျောင်းသို့အကြောင်းကြားရမည်ဖြစ်ပါသည်။
- မိမိကလေး၏ အကြားအာရုံ၊ အမြင်အာရုံများနှင့် ပတ်သက်၍ လိုအပ်ပါက ပျောက်ကင်းစေရန် ပုံမှန်စစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ပါသည်။
- ကျောင်းလခနှင့် ပျောက်ဆုံးပျက်စီးသွားသော စာအုပ်ဖိုးများကို အချိန်မီပေးချေရမည်ဖြစ်ပါသည်။
- ကျောင်းမှကျင်းပပြုလုပ်သည့် ပွဲများတွင်ပါဝင်ခြင်းနှင့် မိဘ/ဆရာ/ကျောင်းသား တွေ့ဆုံပွဲများကို တက်ရောက်ခြင်းဖြင့် အခွင့်အလမ်းကောင်းများကို ရယူနိုင်မည်ဖြစ်ပါသည်။

## Parents and School

မိဘဆရာအသင်း

ISMကျောင်းမိဘဆရာအသင်းကြီးသည် ၂၀၁၂ခုနှစ်တွင် ကျောင်းတစ်ကျောင်းစီမှ ကျောင်းကိုယ်စားပြုအနေဖြင့် ကိုယ်စားလှယ်သုံးဦးအား (မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း) မဲပေးစနစ်ဖြင့် ရွေးချယ်ပြီး ပြန်လည်ဖွဲ့စည်းထားပြီး အလွန်အရေးပါသော ကော်မတီအဖွဲ့လည်းဖြစ်ပါသည်။ISMကျောင်းသားမိဘများအားလုံးသည် မိဘဆရာအသင်းဝင်များအဖြစ် အလိုအလျောက်ပါဝင်ပြီးဖြစ်ပါသောကြောင့် အခမ်းအနားပွဲများ နှင့် အစည်းအဝေးပွဲများအားတက်ရောက် ပါရန်တိုက်တွန်းအပ်ပါသည်။ အလယ်တန်းကျောင်း မိဘကိုယ်စားလှယ်သုံးဦးသည် အလယ်တန်းကျောင်းကျောင်းအုပ်နှင့် တစ်လလျှင်တစ်ကြိမ်တွေ့ဆုံပြီး ဆရာ/မများနှင့်အတူတကွ မိဘများအတွက်ပညာပေးအစီအစဉ်များနှင့် လှူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်၍ကူညီပေးပါသည်။ထပ်မံ၍ မိဘများ၏စိတ်ပူပင်စရာကိစ္စများ (သို့) သိလိုသည့်မေးခွန်းများကို ကျောင်းအုပ်ကြီးနှင့် ဆွေးနွေးတိုင်ပင်ခြင်းများပြု လုပ်ပြီး၊ မိဘများအားလုံးနှင့် အကြောင်းအရာများ အတူတကွဝေမျှရန် coffee mornings (သို့) ညနေခင်းပိုင်းတွင် ပြုလုပ်သည့်ပွဲလမ်းများတွင် ဧည့်ခံရာ၌ကူညီပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။မိဘများမှလည်း ကျောင်း၌ပြုလုပ်ကျင်းပသော International Day (အပြည်ပြည်ဆိုင်ရာနေ့)၊ Fun Fair (ပျော်ပွဲရွှင်ပွဲ) နှင့် Thingyan Festivities (သင်္ကြန်ပွဲတော် ကျင်းပခြင်းများ) အစရှိသောပွဲလမ်းများတွင် ပါဝင်ကူညီပေးပါသည်။

## Parent-Teacher Association (PTA)

**Mission:**

မိဘဆရာအသင်းမှ လှုပ်ရှားဆောင်ရွက်မှုသည် ကျွန်ုပ်တို့၏ ကလေးများအား ကူညီပံ့ပိုးပေးခြင်းနှင့်အတူ ISMအဖွဲ့အစည်းတစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည်။မိဘဆရာအသင်းမှ ဦးဆောင်လျှက် ကျောင်းတွင်းလှုပ်ရှားဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် မိဘများ၊ ဆရာများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်းပိုင်ရှင်များအကြား ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ဆောင်ပေးရန်ဖြစ်သည်။

**Goals:**

၁။ ကျွန်ုပ်တို့ကလေးများ၏ ပညာရည် စဉ်ဆက်မပြတ် တိုးတက်လာစေရန်၊
၂။ ကျောင်းသားမိဘများအနေနှင့် ကျောင်း၏ ဖွဲ့စည်းမှုနှင့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊
၃။ မိဘများမှ ကျောင်းသာယာဖွံ့ဖြိုးရေးအတွက် စိတ်ဝင်တစားနှင့် အကြံဉာဏ်ကောင်းများပေးနိုင်စေခြင်းငှာ လမ်းကြောင်းများဖော်ဆောင်ပေးရန်၊
၄။ အဖွဲ့အစည်း၊ အစုအဖွဲ့ အသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊
၅။ ကျောင်း၏ အရည်အသွေး တန်ဖိုးမြင့်တက်မှုအတွက် ကူညီပံ့ပိုးပေးရန်။
၆။ လူတိုင်းပူးပေါင်းပါဝင်မှုတို့ဖြင့် ဖွဲ့စည်းထားသော ဝန်းကျင်ကောင်းကို မြင့်တင်ရန်။

## Activities:

မိဘဆရာအသင်းမှ တစ်နှစ်ပါတ်လုံး အတိုင်းအတာဖြင့် ဆောက်ရွက်လျှက်ရှိသော အစီအစဉ်များမှာ–

PTA Meeting:

၁. ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲ– သက်ဆိုင်ရာကျောင်းများ၏ ဆောက်ရွက်ချက်များနှင့် အစီအစဉ်များကို အသိပေးခြင်းနှင့် ပါဝင်ကူညီပံ့ပိုးပေးခြင်း (လစဉ်)

၂. ကျောင်းဒါရိုက်တာမှ ကျောင်းအားလုံးမှ မိဘများနှင့် တွေ့ဆုံခြင်း၊ သက်ဆိုင်ရာ ကျောင်းများ၏ ဆောက်ရွက်ချက်များနှင့် အစီအစဉ်များကို အသိပေးခြင်းနှင့် ပါဝင်ကူညီပံ့ပိုးပေးခြင်း (သုံးလတစ်ကြိမ်)

PTA Events:

၃. ဆရာအသစ်များအား ကြိုဆိုခြင်းအနေနှင့် နေ့လည်စာကျွေးခြင်း

၄. ဆရာ/မိဘများ ရင်းရင်းနှီးနှီး တွေ့ဆုံပွဲများ

၅. ကျောင်းတစ်ခုလုံးအနေနှင့် ကျင်းပသော (အပြည်ပြည်ဆိုင်ရာနေ့)၊Fun Fair (ပျော်ပွဲရွှင်ပွဲ)နှင့် Thingyan Festivities (သင်္ကြန်ပွဲတော် ကျင်းပခြင်းများ)

၆. ISM၏လုပ်ဆောင်သော စီမံကိန်းများအတွက် အထောက်အကူဖြစ်စေရန် ရန်ပုံငွေရှာပေးခြင်း

### Elections and Representation on the PTA:

ISM ကျောင်းသားမိဘများအားလုံးသည် မိဘဆရာအသင်းဝင်များအဖြစ် အလိုအလျောက်ပါဝင်ပြီးဖြစ်သည်။ စာသင်နှစ် တစ်နှစ် ကုန်ဆုံးတိုင်း၊ မိဘဆရာသအင်း အမှုဆောင်အစည်းအဝေး ကျင်းပ၍ ကော်မတီကို ဦးဆောင်နိုင်သော အသင်းသားများကို ရွေးချယ်ပါသည်။ စာသင်နှစ်အသစ်အတွက် မိဘဆရာအသင်းအမှုဆောင်လောင်းများ အမည်စာရင်းကို အစည်းအဝေးတွင် တင်သွင်း၍ မဲခွဲ၍ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ ကျောင်းတစ်ကျောင်းစီတိုင်း၏ မိဘဆရာအသင်းကိုယ်စားလှယ်များထဲမှ ကျောင်းတစ်ကျောင်းလုံးအတွက် ကိုယ်စားပြုအဖြစ် တစ်ဦးကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ PTA Executive Council တွင်ကျောင်းအသီးသီးမှ ကျောင်းအုပ်များမှ အတူတကွပူးပေါင်းပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

### PTA Committees

မူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ PTA ကော်မတီသည်သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့်အနည်းဆုံးတစ်လလျှင်တစ်ကြိမ်တွေ့ဆုံ၍ကျောင်းနှင့်သက်ဆိုင်သောအကြောင်းအရာများကိုဆွေးနွေးတိုင်ပင်ကြမည်ဖြစ်ပါသည်။

### Whole School PTA Representatives

ISMကျောင်းနှင့် ပတ်သက်သော ပြဿနာကိစ္စအဝဝနှင့် အစီအစဉ်များအတွက် PTA ၏ခေါင်းစဉ်ခွဲ အားလုံးအနက်မှ ကိုယ်စားလှယ်တစ်ဦးကို သုံးလတစ်ကြိမ်ကျင်းပသော ဒါရိုက်တာနှင့် တွေ့ဆုံပွဲအတွက် ရွေးချယ်တင် မြှောက်ပါသည်။ ဤကိုယ်စားလှယ်သည် PTA ဥက္ကဋ္ဌ အဖြစ်သော်လည်းကောင်း၊ အတွင်းရေးမှူး အဖြစ်သော်လည်းကောင်း၊ ဘဏ္ဍာရေးမှူး အဖြစ်သော်လည်းကောင်း၊ ရာထူးနေရာအားလုံးတွင် တာဝန်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

### Official ISM Events

မည်သည့်အခြေအနေမျိုးတွင်မဆို ကျောင်းအမည်တံဆိပ်ကိုအသုံးပြုခြင်း (သို့) ရန်ပုံငွေများကောက်ခံခြင်းပြုလုပ်လိုပါက BOD အဖွဲ့ဝင်များ၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်ဖြစ်ပါသည်။ ဥပမာ– အများအကျိုးအတွက် ပံ့ပိုးပေးရန် ရန်ပုံငွေကောက်ခံခြင်း (သို့) အရေးပေါ်ကယ်ဆယ်ရေး (မြန်နိုင်ငံရေဘေးဒုက္ခသည်များအတွက် ISM ဝန်ထမ်းများအနေဖြင့် ပါဝင်ကူညီပေးရန်) ရန်ပုံငွေ ကောက်ခံခြင်းတို့ဖြစ်ပါသည်။

## Lines of Communication

ကျွန်ုပ်တို့၏ မိဘဆရာအသင်း အမှုဆောင် အဖွဲ့သည် ကျောင်းသားများအားလုံးအတွက် အဖွဲ့အစည်းတစ်ခုအဖြစ်လည်းကောင်း ပံ့ပိုးပေးနိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ မိဘများအနေဖြင့် သူ/သူမ၏ကလေးလေ့လာဆည်းပူးမှုနှင့် ပတ်သက်၍ပြောဆိုလိုပါက သင့်လျော်သည့် ဆက်သွယ်ရေး လမ်းကြောင်းများအနေနှင့် May 1,2013 ရက်စွဲဖြင့် PTAဖွဲ့စည်းမှုအရ၊

၁. ဆရာ/မနှင့် တွေ့ဆုံစကားပြောရန်

၂. အတန်းလိုက်သတ်မှတ်ထားသည့် ခေါင်းဆောင်နှင့်တွေ့ဆုံရန်

၃. ကျောင်းအုပ်နှင့် တွေ့ဆုံစကားပြောရန်

၄. ဒါရိုက်တာနှင့် တွေ့ဆုံစကားပြောရန် တို့ဖြစ်ပါသည်။

**<u>Parent Civility</u>** (မိဘများအနေဖြင့် ယဉ်ကျေးမှုအရ လိုက်နာရမည့် စည်းကမ်းချက်)

မည်သည့်ကျောင်းသား/သူ၏ ပညာသင်ကြားရေးတွင် မည်သည့်မိဘမဆို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း၊ မည်သည့်ဝန်ထမ်းကိုမဆို အလုပ်ချိန်တွင် အကျိုးစီးပွားထိခိုက်အောင် ပြုလုပ်ခြင်း (သို့) ကျောင်း၏ဂုဏ်သတင်းအား ထိခိုက်နစ်နာစေခြင်းတို့ကို မပြုလုပ်စေလိုပါ။ ဤချမှတ်ထားသည့် စည်းကမ်းချက်အား လိုက်နာမှုမရှိသည့် မည်သည့်မိဘမဆို **ISM** ကျောင်းမှ တားမြစ်ပိတ်ပင်ခြင်းခံရမည်ဖြစ်ပြီး၊ ၎င်းတို့၏ကလေးများသည်လည်း ကျောင်း၌ဆက်လက်တက်ရောက်နိုင်မည် မဟုတ်ပါ။

## <u>Events for Parents</u>

ထပ်မံ၍ မိဘဆရာအသင်း အစည်းအဝေးတွင် မိဘများအား အခြားသောအကြောင်းအရာများဖြစ်သည့် သတင်းအချက်အလက်များ သိရှိရန်နှင့် ကျောင်းနှင့်မိဘများကြားတွင် ခိုင်မာစွာရင်းနှီးမှုရှိစေရန် ကူညီပေးခြင်း၊ ကျောင်းသား/သူများအတွက် ခိုင်မာသော အတွေ့အကြုံများ သေချာစွာရရှိ စေရန်ပါဝင်ကူညီရန် တိုက်တွန်းအပ်ပါသည်။

## <u>Meet the Teachers</u>

ဩဂုတ်လကျောင်းမဖွင့်မီ နေ့လည်ပိုင်းအချိန်တွင် ကျောင်းသား/သူများအတွက် အချိန်ဇယားယူခြင်းနှင့် ဆရာ/ဆရာမများနှင့် ခေတ္တတွေ့ဆုံနိုင်ရန် ကျောင်းသား/သူများနှင့် မိဘများအား ကျောင်းသို့လာရောက်လည်ပတ်ရန် ဖိတ်ခေါ်လိုပါသည်။ ယခုကဲ့သို့ လာရောက်စေလိုခြင်းမှာ မိမိတက်ရောက်ရမည့်အတန်းကို သိရှိစေပြီး ကလေးများအနေဖြင့် ကျောင်းနှစ်စတက်လျှင် အဆင်သင့်ဖြစ်နေစေရန် ရည်ရွယ်ပါသည်။ (မိဘနှင့်ဆရာ/ဆရာမများ အချိန်ကြာမြင့်စွာ စကားပြောရန်မဟုတ်ပါ)။

## <u>Open House</u>

ကျောင်းဖွင့်ပြီးချိန် ဩဂုတ်လ တတိယပတ်တွင် **Open House** အားပြုလုပ်ကျင်းပါသည်။ ဤပွဲ၌ ဆရာ/မများသည်မိဘများအား တစ်နှစ်လုံးစာ သင်ရိုးညွှန်းတန်းနှင့် မျှော်မှန်းချက်များကို ခြုံငုံသုံးသပ် တင်ပြသွားခြင်းတို့ကို ကြားနိုင်မည့် အခွင့်အရေးကောင်းပင်ဖြစ်ပါသည်။ မိဘနှင့်ဆရာ/မတို့အချင်းချင်း သိကျွမ်းခွင့်ရနိုင်သော အချိန်ပင်ဖြစ်ပါသည်။ထိုညနေခင်းအတွက် အစီအစဉ်ရေးဆွဲပြီးဖြစ်ပါသောကြောင့် မိဘများအနေဖြင့် မိမိတို့ကလေး၏ အချိန်ဇယားအတိုင်း ဆရာ/မတစ်ဦးစီတိုင်းနှင့် မိနစ်အနည်းငယ်စီ တွေ့ဆုံနိုင်ပါသည်။

## <u>Student-Led Conferences</u>

အလယ်တန်းကျောင်းတွင် ကျောင်းသား/သူများသည် **1st quarter**နှင့် **3rdquarter**တို့တွင်ပြုလုပ်သည့် မိဘ/ဆရာတွေ့ဆုံ ဆွေးနွေးပွဲတွင် ၎င်းတို့မှ ဦးဆောင်သွားမည်ဖြစ်ပါသည်။ အကောင်းဆုံး နိုင်ငံတကာကျောင်းများ၌ ပြုလုပ်သည့်ဖြစ်စဉ်ဖြစ်ပါသည်။ ဆရာ/ဆရာမများသည် ကျောင်းသား/သူများ၏ လေ့လာဆည်းပူးမှုတို့ကို ထင်ဟပ်စေရန် ပံ့ပိုးပေးသကဲ့သို့ ၎င်းတို့ ၏သတ်မှတ်ထားသောစံနှုန်း နှင့် ရည်မှန်းချက်များ ပြည့်မီမှုရှိ မရှိကိုခွဲခြားသိရှိနိုင်ပြီး ရှေ့ဆက်၍တိုးတက်မှုရှိစေရန် လုပ်ဆောင်နိုင် မည်ဖြစ်ပါသည်။ ကျောင်းသား/သူများသည် ၎င်းတို့၏မိဘများကို သူ/သူမတို့၏ မူရင်းဘာသာစကားဖြင့် မိမိတို့လုပ်ဆောင်ရသော ဘာသာရပ်အားလုံးကို ပြောပြနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား/သူများသည် တစ်သက်တာသင်ယူသူများအဖြစ် မိမိကိုယ်ကို လမ်းညွှန်ပြသသူများဖြစ်လာစေရန် မိမိတို့၏လေ့လာဆည်းပူးမှုများကို တာဝန်ယူနိုင်သူများ ဖြစ်ရပါမည်။ **ESLRs** အချက်များထဲမှ တစ်ချက်ဖြစ်ပါသည်။

## <u>Parent-Teacher Conferences</u>

မိဘများအနေဖြင့် မိမိကလေး၏ လေ့လာဆည်းပူးနှင့် ပတ်သက်၍ ဆွေးနွေးလိုပါက ဆရာ/ဆရာမ တစ်ဦး (သို့) အားလုံးနှင့်လည်း တွေ့ဆုံနိုင်ရန် ချိန်းဆိုနိုင်ပါသည်။ ဆရာ/ဆရာမဘက်မှသော်လည်ကောင်း၊ မိဘဘက်မှသော်လည်းကောင်း အကြောင်းကိစ္စရှိပါက အချိန်မရွေးဆက်သွယ်နိုင်ပါသည်။ ချိန်းဆိုမှုများကို ဆရာ/ဆရာမဘက်မှသော်လည်ကောင်း၊ မိဘဘက်မှ သော်လည်းကောင်း အဆင်ပြေမည့်အချိန်ကို ချိန်းဆိုနိုင်ပါသည်။ ယခုကဲ့သို့ ပြောဆိုရမည့် အကြောင်းကိစ္စ ပေါ်ပေါက်လာပါက မိဘများအနေဖြင့် ကျောင်းပြက္ခဒိန်တွင် ဖော်ပြထားသည့် အစဉ်အလာအတိုင်းသတ်မှတ်ထားသည့် တွေ့ဆုံဆွေးနွေးပွဲရက်ကို စောင့်ဆိုင်းရန် မလိုအပ်ပါ။ မိဘ/ဆရာတွေ့ဆုံပွဲအား တစ်နှစ်လျှင်နှစ်ကြိမ် **First** နှင့် **Third quarters** တို့တွင်ကျင်းပပြုလုပ်ပါသည်။ ထိုနေ့ရက်များတွင် မိဘများအနေဖြင့် ဆရာ/မများနှင့်တွေ့ဆုံရန် **appointment** ယူစရာမလိုအပ်ပါ။

## Open Days

ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလတိုင်းတွင် **Open Day** ကိုစီစဥ်ပေးပါသည်။ ထိုနေ့တွင် မိဘများအနေဖြင့် လာရောက်၍ တစ်နေကုန် (သို့) တစ်စိတ်တစ်ဒေသအဖြစ် သက်ဆိုင်ရာ အတန်းများသို့ လာရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။ မြန်မာကျောင်းတွင် စာသင်ကြားမှုပုံစံသည် **ISM** ကျောင်း၌သင်ကြားသော သဘောတရားများနှင့် လေ့ကျင့်သင်ကြားမှုပုံစံသည် ကွဲပြားခြားနားပါသည်။ တစ်ခါတစ်ရံမိဘများသည် မိမိကလေးများ (သို့) အခြားမိဘများထံမှ ကြားသော အကြောင်းအရာများကြောင့် တွေဝေမှုများဖြစ်ပေါ်စေပါသည်။ **ISM** အလယ်တန်းကျောင်း၌ လေ့လာဆည်းပူးမှုရာတွင် ပျော်ရွှင်ပြီး စိတ်လှုပ်ရှားဖွယ် ကောင်းသလို မိဘများလည်း ကျောင်းတွင်လာရောက်၍ အချိန်ပေးခြင်းဖြင့် အတူပါဝင်နိုင်ခြင်း၊ လေ့လာဆည်းပူး နားလည်နိုင်ခြင်း အခွင့်အလမ်းကောင်းများကိုရရှိနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား/သူများနှင့် လက်ထောက်ဆရာ/ဆရာမများမှလည်း လှုပ်ရှားမှုများနှင့် စီမံကိန်းများ ကိုဘာသာပြန်ပေးခြင်းဖြင့် ရှင်းလင်းပြောကြားပေးမည်ဖြစ်ပါသည်။

## Parent Teacher Association Meetings

တစ်နှစ်ပတ်လုံးတွင် နံနက်ခင်း (သို့) မွန်းလွဲပိုင်းအချိန်တို့တွင် ပညာရေး (သို့) ကလေးများအား ပြုစုပျိုးထောင်ခြင်း အစရှိသော ခေါင်းစဥ်များဖြင့် ဆရာ/များ (သို့) မိဘများမှ အကြံဥာဏ်များပေးခြင်းနှင့် မိမိကလေးနှင့် ပတ်သက်၍ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေဆိုခြင်းအတွက် စည်းဝေးပွဲပြုလုပ်ပါသည်။

## All School Events

နိုဝင်ဘာလတွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာနေ့၌ ISM ကျောင်းတွင်ရှိသော နိုင်ငံတကာမှလူမျိုးပေါင်းစုံသည် မိမိတို့နိုင်ငံအား ကိုယ်စားပြုတက်ရောက်ပြီး မိမိတို့သက်ဆိုင်ရာ ဓလေ့ရိုးရာအစားအစာများနှင့် လှုပ်ရှားမှုများဖလှယ်ကြသော အခမ်းအနားကျင်းပ ပြုလုပ်ပါသည်။

ဖေဖော်ဝါရီလတွင် ဈေးရောင်းပွဲကျင်းပပြီး ရံပုံငွေရှာဖွေသောပွဲဖြစ်ပါသည်။ ထိုပွဲမှဆရာ/ဆရာမများနှင့် ကျောင်းသားများသည် ကျောင်းတွင်လိုအပ်သော လှုပ်ရှားမှုများနှင့် မိမိဒေသတွင်းရှိ နွမ်းပါးသူများအား ကူညီနိုင်ရန်အတွက် ရံပုံငွေများရှာဖွေနိုင်သော အခွင့်အလမ်းကောင်းများ ရရှိနိုင်ပါသည်။

မိဘများသည် ယေဘူယျအားဖြင့် ယခုပွဲ နှစ်ပွဲစလုံးတွင် ပါဝင်ကူညီပြီး၊ လူတိုင်းလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်အပ်ပါသည်။ မိဘများအနေခြင့် စနေနေ့တိုင်းတွင်ကျင်းပပြုလုပ်သည့် ပွဲတွင်တက်ရောက်ရန် တိုက်တွန်းအပ်ပါသည်။

## Visiting Campus

မိဘများသည် ကျောင်းအုပ်ကြီး၊ အကြံပေးပုဂ္ဂိုလ် (သို့) မိမိကလေး၏ဆရာ/ဆရာမများနှင့် တွေ့ဆုံရန်ချိန်းဆိုလိုပါက (၅၃၀၀၈၂၊ ၅၃၀၀၈၃၊ ၀၉ ၇၃၀၇၅၉၀၀) (သို့) အီးမေး(လ်) (ismmiddleschool@gmail.com) (သို့) အလယ်တန်းကျောင်းမှ အတွင်းရေးမှူး (သို့) မိမိကလေးနှင့် အကြောင်းကြားစာပေး၍ ဆက်သွယ်နိုင်ပါသည်။ ချိန်းဆိုထားခြင်းမရှိပဲ ရောက်ရှိလာခြင်းအား ခွင့်ပြုသော်လည်း လူကြီးမင်းတို့တွေ့ဆုံလိုသော ပုဂ္ဂိုလ်အနေဖြင့် ထိုအချိန်တွင် တွေ့ဆုံရန် မအားမလပ်ဖြစ်နိုင်ကြောင်း သတိပြုသင့်ပါသည်။

ယဉ်ကျေးမှုအရ ဧည့်သည်များသည် အတန်းတွင်း (သို့) ဆရာ/ဆရာမနှင့် မတွေ့ဆုံမီ ကျောင်းရုံးခန်းသို့ သွားရောက်ပြီး၊ ယင်းသို့လည်ပတ်တွေ့ဆုံနိုင် ခွင့်ရှိ/မရှိကိုမေးမြန်း ရမည်ဖြစ်ပါသည်။ ဧည့်သည်များအားလုံးသည် ကျောင်းသို့ရောက်ရှိလာပါက လုံခြုံရေးများထံတွင် စာရင်းပေးသွင်းရ မည်ဖြစ်ပါသည်။ ဧည့်သည်များအားလုံးသည် ကျောင်းဝင်းထဲတွင် ကျောင်းချိန်အတွင်း ဧည့်ကဒ်ပြားများ ဝတ်ဆင်ရမည်ဖြစ်ပါသည်။

ဒရိုင်ဘာများ၊ ကလေးထိန်းများ (သို့) မိဘများသည် ထမင်းဂျိုင့် (သို့) ကလေးများအတွက် အခြားသောပစ္စည်းများ ယူဆောင်လာပါက ကျောင်းတက်ရက်အတွင်းတွင် သက်ဆိုင်ရာအတန်းတစ်တန်းစီသို့ ကိုယ်တိုင်ယူဆောင်သွားခြင်းမျိုးကို ခွင့်မပြုပါ။ ပစ္စည်းများအားလုံးကို ဧည့်ကြိုထံတွင်သာ ပေးထားခဲ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယခုကဲ့သို့ပြုလုပ်နိုင်ခြင်းမှာ အရေးပေါ်ကိစ္စများဖြစ်ပေါ်လာခြင်းအတွက်သာ အကြံပေးခြင်းဖြစ်ပါသည်။ ကျောင်းသား/သူများဖြစ်ပါက မိမိစာအုပ်များ၊ ပစ္စည်းများ နှင့် ထမင်းဂျိုင့်များကို မိမိကိုယ်တိုင် သယ်ဆောင်လာရန်မှာ ၎င်းတို့၏တာဝန်ပင်ဖြစ်ပါသည်။

## Current Student Contact Information

ကျောင်းနှစ်စတွင် မိဘများအား မိမိကလေး၏ လက်ရှိအချက်အလက်များဖြစ်သော အိမ်လိပ်စာ၊ အိမ်ဖုန်းနံပါတ်၊ မိဘလက်ကိုင်ဖုန်းနံပါတ်များနှင့် မိဘ၏အီးမေး(လ်)လိပ်စာတို့အား ကျောင်းသို့ပေးစေလိုပါသည်။ ကျောင်းတက်နေသည့် တစ်နှစ်ပတ်လုံးတွင် ယင်းအချက်များထဲမှ တစ်စုံတစ်ရာ အပြောင်းအလဲများရှိပါက ဧည့်ကြိုထံသို့ ချက်ခြင်းအကြောင်းကြားစေလိုပါသည်။

## Student Health

အကယ်၍ မိမိကလေး၏ကျန်းမာရေးနှင့် ပတ်သက်၍ အထူးဖော်ပြရန်လိုအပ်ပါက မိဘများအနေဖြင့် ကျောင်းသို့ချက်ချင်း အသိပေးအကြောင်းကြားရမည်ဖြစ်ပါသည်။ ကျေးဇူးပြု၍ ကျန်းမာရေးနှင့် ဆက်နွယ်သည့် မေးခွန်းများနှင့် သိရှိလိုသည်များအတွက် အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို ဖော်ပြပေးထားပါသည်။

- အကယ်၍ကူးစက်တတ်သော ရောဂါခံစားနေရသော ကျောင်းသား/သူများသည် ကျောင်းပြန်လည်တက်ရောက်ပါက သက်ဆိုင်ရာဆရာဝန်ထံမှ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာမှု အခြေအနေနှင့်ပတ်သက်သော ထောက်ခံစာအား ယူဆောင်လာရန် လိုအပ်ပါသည်။
- အကယ်၍ ကလေးများသည် ကျောင်းတက်ရန် လုံလောက်သော အခြေအနေရှိပါက ကျောင်း PE အတန်းနှင့် ပုံမှန်ကျောင်း လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရမည်ဖြစ်ပါသည်။
- အကယ်၍ ကျောင်းသား/သူများသည် ကျောင်းတက်နေစဉ်အတွင်း ဖျားနာပါက ကျောင်းသူနာပြု (သို့) ကျောင်းအုပ်ကြီးတို့၏ အဆုံးအဖြတ်ဖြင့် အိမ်သို့ပြန်ခိုင်းမည်ဖြစ်ပါသည်။
- ထိခိုက်ရှနာပွန်းပဲ့ခြင်းများနှင့် minor emergencies ကိစ္စရပ်များကိုကျောင်းသူနာပြုမှ ကြည့်ရှုဂရုစိုက်ပေးသွားမည်ဖြစ်ပါသည်။ ယင်းထက်ပို၍အရေးကြီးသော မတော်တဆထိခိုက်မှုများအတွက် အရေးယူဆောင်ရွက်မှုများအား မိဘထံသို့ချက်ခြင်း အကြောင်းကြား ပေးသွားမည်ဖြစ်ပါသည်။
- မိဘများအနေဖြင့် နှစ်စဉ်ကျောင်းလခ ပေးစဉ်ကတည်းက အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက ကလေးအား ကျောင်းမှဆေးရုံသို့ ပို့ဆောင်ပေးခြင်းကိုခွင့်ပြုပြီး ဆေးကုသစရိတ်ကိုမိဘများမှကျခံမည်ဟု သဘောတူညီပြီးသားဖြစ်ပါသည်။
- ကျောင်းချိန်တွင် ကျောင်းသား/သူသည် ဆရာဝန်ညွှန်ကြားထားသော ဆေးအားသောက်ရန် လိုအပ်ပါက ကျောင်းသို့အကြောင်းကြားရပါမည်။

## Withdrawing from ISM

ကျောင်းသား/သူများအားလုံးသည် ကျောင်း၌တစ်နှစ်ပတ်လုံးရှိနေရှိရန် မျှော်လင့်ပါသည်။ အကယ်၍ ကျောင်းသား/သူအနေဖြင့် နေရာပြောင်းရွှေ့ခြင်း (သို့) မိသားစုအခြေနေကြောင့် ကျောင်းမှနုတ်ထွက် မည်ဆိုပါလျှင် ဖြစ်နိုင်ပါကကွာတာတစ်ခုပြီးဆုံးချိန် (သို့) ကျောင်းနှစ်ဝက်ပြီးဆုံးချိန် မှကျောင်းထွက်စေလိုပါသည်။ ကျောင်းသား/သူကျောင်းထွက်မည့်နေ့ရက်မတိုင်မီ အနည်းဆုံးတစ်လစော၍ ကျောင်းသို့ အကြောင်းကြားရမည်ဖြစ်ပါသည်။ သို့မှသာ ကျောင်းသား/သူအတွက် assignment များကိုပြီးဆုံးအောင် ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ ကျောင်းမှမထွက်မီ အတန်းဖော်သူငယ်ချင်းများ၊ ဆရာ/မများနှင့် အချိန်ပေးနေနိုင်ပြီး၊ ကျောင်းဝန်ထမ်းမှ ကျောင်းသား/သူ၏ မှတ်တမ်းများကို စုဆောင်း၍အခြားသောကျောင်းသို့ တဆင့်ပေးပို့နိုင်မည်ဖြစ်ပါသည်။ ကျောင်းမှတ်တမ်းများကို မိဘ/အုပ်ထိန်းသူကိုသာ ပေးသွားမည်ဖြစ်ပြီး၊ ဘဏ္ဍာရေးဌါနမှ ကျောင်းလခအားလုံး ပေးသွင်းပြီးကြောင်း ပြောမှသာရရှိနိုင်မည်ဖြစ်ပါသည်။

## Procedures to Reslove Parent-Teacher Disagreements

အကယ်၍ မိဘများအနေဖြင့်ဆရာ/မများအပေါ် မကျေနပ်ချက်များ (သို့) သဘောထားကွဲလွဲမှုရှိပါက ကျောင်းအုပ်ကြီး၊ ဒါရိုက်တာ (သို့) BOD တို့အား ဆက်သွယ်ခြင်းမပြုမီ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ မည့်သည့်မကျေနပ်ချက်များကိုမဆို BOD များ (သို့) ဒါရိုက်တာထံသို့ တိုက်ရိုက်သွားရောက်ပြောဆိုသော်လည်း သက်ဆိုင်ရာ ကျောင်းအုပ်ကိုသာ ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

<u>အဆင့်(၁) – တိုက်ရိုက်ပြောဆိုခြင်း</u>

အကယ်၍ မိဘနေဖြင့် ဆရာ/မနှင့် သဘောထားကွဲလွဲခြင်း (သို့) နားလည်မှုလွဲခြင်းတို့ရှိခဲ့ပါလျှင် မိမိတို့ပြောဆိုလိုသော အကြောင်းအရာများ အားပထမဦးစွာ ဆရာ/မအားတိုက်ရိုက်ဆက်သွယ်၍ တွေ့ဆုံရန်နိုင်ရန် စီစဉ်သင့်ပါသည်။ ဆရာ/မအနေဖြင့် မိဘနှင့်အမြန်ဆုံးတွေ့ဆုံမည်ဖြစ် ပါသည်။

အဆင့်(၂) – သက်ဆိုင်ရာအတန်းအလိုက် ခေါင်းဆောင် ဆရာ/မနှင့်တွေ့ဆုံခြင်း
အကယ်၍ မိဘအနေဖြင့် အတန်းပိုင်ဆရာ/မနှင့်တွေ့ဆုံ ဆွေးနွေးရာ၌ စိတ်ကျေနပ်မှုမရှိပါက သက်ဆိုင်ရာအတန်းအလိုက် ခေါင်းဆောင် ဆရာ/မနှင့် ထပ်မံတွေ့ဆုံ ဆွေးနွေးနိုင်ပါသည်။

အဆင့်(၃) – ကျောင်းအုပ်ကြီးနှင့်တွေ့ဆုံခြင်း
အကယ်၍ မိဘ (သို့) ဆရာ/မအနေဖြင့်ပထမတွေ့ဆုံသော အစည်းအဝေး၏ ရလဒ်အပေါ်ကျေနပ်မှုမရှိပါက ကျောင်းအုပ်နှင့်တွေ့ဆုံရန် စီစဉ်နိုင်ပါသည်။

အဆင့်(၄) – ထုံးတမ်းစဉ်လာအတိုင်း လုပ်ကိုင်ခြင်း
အကယ်၍ကျောင်းအုပ်ကြီးနှင့်တွေ့ဆုံပြီးနောက်ပိုင်း ပြသနာဖြေရှင်းနိုင်ခြင်းမရှိဟု မိဘအနေဖြင့်ယူဆပါက ဒါရိုက်တာနှင့် တွေ့ဆုံရန် စီစဉ်နိုင် ပါသည်။

## (The Middle School Academic Programme)

**အလယ်တန်းကျောင်းပညာရေးအစီအစဉ်**

အလယ်တန်းကျောင်းတွင် ၆ တန်း၊ ၇ တန်း၊ ၈ တန်းတို့ပါဝင်ပြီး အတန်း ၁ တန်းတွင် ၄ ခန်းရှိပါသည်။ ၆ တန်း ခလေးများသည် သတ်မှတ်ထားသည့် အတန်းများတွင် ၁ နှစ်ပတ်လုံး တက်ရောက်ရမည်ဖြစ်ပါသည်။ ၇ တန်းနှင့် ၈ တန်းကျောင်းသားများ အချို့ဘာသာရပ်များကို စိတ်ကြိုက်ရွေးချယ်တက်ခွင့်ရှိသောကြောင့် သတ်မှတ်ထားသည့် အတန်းတစ်နေရာတည်း တက်ရောက်ခြင်းမရှိဘဲ၊ မိမိရွေးချယ်ထားသည့် စိတ်ကြိုက်ဘာသာရပ်အလိုက် သီးခြားအတန်းများတွင် တက်ရောက်ကြရပါမည်။ ထိုအတန်းချိန်များသည် တပတ် ၅ ရက်၊ ပထမနှစ်ဝက်တွင် quarter ၂၊ ဒုတိယနှစ်ဝက်တွင် quarter ၂ ခု အဖြစ် သင်ကြားသွားမည်။ ထို့အပြင် အလယ်တန်းကျောင်းသားတိုင်းသည် အကြံပေး သင်ခန်းစာ (Advisory) အတန်းများတွင် ပါဝင်တက်ရောက်နိုင်သည့် အခွင့်အရေးရှိကြမည်။ ထိုအတန်းတစ်တန်းတွင် ဆရာ ကျောင်းသား ၁၅ ယောက်သည် ၄င်းတို့၏ အကြံပေးဆရာ/မများနှင့် လူမှုရေး–စိတ်ခံစားချက်ဆွေးနွေးမှုများနှင့် စာပေဆိုင်ရာ စွမ်းရည်များအား ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ပါသည်။

ကျောင်းသားများသည်ကျောင်းသို့ နံနက် ၈ နာရီ ရောက်ရှိရမည်ဖြစ်ပါသည်။ ကျောင်းသို့ ၈း၁၀ နာရီထက်နောက်မကျစေလိုပါ။ သက်ဆိုင်ရာ အတန်းများတွင် ကျောင်းတက်မှတ်တမ်း attendance ယူရန် ၅ မိနစ် အချိန်ယူပါသည်။ ပထမဆုံးအချိန်သည် ၈း၁၅ တွင် စတင်မည်။ ၃ နာရီတွင် ကျောင်းဆင်းမည်။ အကယ်၍ ကျောင်းပြက္ခဒိန်တွင် အခြားအကြောင်းအရာရှိ၍ သတ်မှတ်ထားပါလျှင်၊ ကျောင်းဆင်းချိန် ချွင်းချက်ရှိပါမည်။

**၆တန်းကျောင်းသားများသည်** English, Language Arts, Socca/Studies, Mathamatics and Science ဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပါသည်။ ပိုမို၍ ကျယ်ပြန့်သော အစီအစဉ်ဖြင့် သင်ကြားပေးသွားမည်ဖြစ်ပြီး၊ ဘာသာရပ်အသီးသီးအတွက် စာနှင့်ပတ်သက်သည့် တတ်ကျွမ်းမှုများကို လေ့ကျင့်ပေးသွားမည်။ ဘာသာရပ်သင်ရိုးညွှန်းတမ်းများတစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိစေရန် ရည်ရွယ်၍ သင်ကြားသွားမည်ဖြစ်ပါသည်။ ယင်းစနစ်ဖြင့် ကျောင်းသားများအတွက် ဘာသာရပ် ၂ ခုကို ဆရာတစ်ဦးတည်းက သင်ကြားသည့် အတွေ့အကြုံအားရရှိစေပြီး၊ ဆရာတစ်ဦးတည်းက ဘာသာရပ် ၂ ခု၏ ဆက်စပ်မှုကို ထိရောက်စွာ ပုံဖော် သင်ကြားပေးနိုင်မည်ဖြစ်သည်။ နည်းပညာ ဆက်စပ်အသုံးချမှုများကို ကျွမ်းကျင်ပညာရှင်မှ မဖြစ်မနေသင်ကြားရမည့် ဘာသာရပ်နယ်ပယ်များထဲတွင် ထည့်သွင်းသင်ကြားပေး သွားမည်ဖြစ်ပါသည်။

ထပ်ပေါင်း၍ ကျောင်းသား/သူတိုင်းသည် Mandarin ဘာသာရပ်အား တစ်နှစ်သင်ယူရမည်ဖြစ်ပါသည်။

**၇တန်းတွင်** အဓိကဘာသာရပ်များကို မသင်မနေရသင်ကြားရမည် ဖြစ်သော်လည်း၊ တစ်ခုစီတိုင်းတွင် စိတ်ကြိုက်ဘာသာရပ်များကို ရွေးချယ်ရမည်ဖြစ်ပါသည်။ ကျောင်းသား/သူများသည် Art, Choir, band, theatre နှင့် Mandarin (or) Spanish တို့ကို စိတ်ကြိုက်ဘာသာရပ်များအဖြစ် ရွေးချယ်သင်ယူရမည်။ Band ကို တနှစ်စာ သင်ခန်းစာအဖြစ် သင်ယူနိုင်သည်။

**၈တန်းကျောင်းသားများသည်** အဓိကဘာသာရပ်များနှင့် စိတ်ကြိုက်ဘာသာရပ်များကို တစ်နှစ်ပတ်လုံးဆက်လက်သင်ကြားရမည်။ သို့သော် ကျောင်းသား/သူများသည် Art, Choir, band, theatre နှင့် Mandarin (or) Spanish တို့ကို စိတ်ကြိုက်ဘာသာရပ်များအဖြစ် ရွေးချယ်သင်ယူရမည်။

ESOL ကျောင်းသားများသည် နိုင်ငံခြားဘာသာယူခွင့် မရှိပါ။ အင်္ဂလိပ်စာသင်ကြားနေမှုကို မနှောင့်နှေးစေလိုလျှင် ESOL ကျောင်းသားများကို ESOL အစီအစဉ်မှ လွတ်သွားသည့်တိုင် နိုင်ငံခြားဘာသာ သင်ယူခွင့်အတွက် တစ်နှစ် စောင့်ပြီးမှ သင်ယူခွင့်ပြုပါမည်။

ဖော်ပြပါအကြောင်းအရာများသည် အတန်းတစ်တန်းစီတိုင်း၏ ဘာသာရပ်တစ်ခုစီတိုင်းနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းအား အကျဉ်းချုံးပြန်လည်သုံးသပ်ဖော်ပြခြင်းဖြစ်ပါသည်။ ဆရာ/မများမှ ပိုမိုအသေးစိတ်ကျသော အချက်အလက်များကို ကျောင်းနှစ်စဖွင့်သည့်အချိန်တွင် မိဘများအတွက် ပြင်ဆင်ပေးမည်ဖြစ်ပါသည်။ အတန်းတစ်တန်းစီတိုင်း၏ Curriculum calendar အားကျောင်း Website တွင်တင်ထားမည်ဖြစ်သည်။

## ၆ တန်း (6 Grade)

### English

(၆)တန်း၏ English Language Arts (ELA) အစီအစဉ်မှာ ကျောင်းသား/သူများနှင့် ဆရာ/ဆရာမတို့ထိတွေ့မှု အပြန်အလှန်ရှိပြီး၊ ကျောင်းသားအချင်းချင်း၊ ဆရာနှင့်ကျောင်းသားပို၍ နားလည်မှု၊ တစ်ဦးပေါ်တစ်ဦး လေးစားမှုရှိပြီး၊ တက်ကြွသည့်သင်ကြားရေး အသိုင်းအဝန်းတစ်ခု ပို၍ဖြစ်လာနိုင်စေရန် အဓိကရည်ရွယ်ပါသည်။ (၆)တန်းကျောင်းသား/သူများသည် Common Core Standards အပေါ်အခြေခံ၍ သင်ခန်းစာများကို ပြီးဆုံးအောင်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ဆရာ/ဆရာမမှ ကျောင်းသားရသူများနှင့် နေ့စဉ်တွေ့ဆုံသွားမည်ဖြစ်သည်။ ကျောင်းသား/သူများသည် တစ်နှစ်ပတ်လုံး စာဖတ်ခြင်း၊ စာရေးခြင်း၊ နားထောင်ခြင်းနှင့် ပြောဆိုခြင်းစသော လှုပ်ရှားမှုများဖြင့် ကျွမ်းကျင်မှုများကို ပို၍မြင့်မားတိုးတက်စေမည်။ ယင်းကျွမ်းကျင်မှု များကို Readers’ and Writers’ Workshops များဖြင့် ကျွမ်းကျင်မှုများ မြင့်မားစေရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဝေါဟာရများ ကြွယ်ဝစေပြီး၊ သဒ္ဒါပိုင်းတွင်လည်းတိုးတက်လာစေရန် တစ်နှစ်ပတ်လုံး သင်ကြားပေးမည်ဖြစ်ပါသည်။ ကျောင်းသား/သူများအနေဖြင့် စာဖတ်ခြင်းနှင့် အရေးအသားအပိုင်းစွမ်းရည်များ မြင့်မားလာစေခြင်းသာမက ၎င်းတို့စွမ်းရည်များအပေါ် ယုံကြည်မှုအပြည့်ဖြင့် ပညာရေးနှင့်လူမှုရေးဆိုင်ရာ Standard English အားနားလည်သဘောပေါက်ပြီး၊ အသုံးချတတ်၍ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်တတ်သူများ ဖြစ်လာစေမည်ဖြစ်သည်။

Readers’ Workshop များမှ တစ်ဆင့် ထူးချွန်သော စာရေးသားသည့် ပုံစံများကိုလည်း လေ့လာသင်ကြားပေးပြီး ကျောင်းသားများ မိမိ၏ စာဖတ်သူများအတွက် ဖတ်ရှု့ခံစားနိုင်ရန် အရေးအသား၊ အသုံးအနှုန်းများကိုလည်း လေ့လာသင်ကြားပေးမည်။ ကျောင်းသား/သူများ၏အရေးအသားများကို 6+1 traits rubric အားအသုံးပြု၍ အကဲဖြတ်စစ်ဆေးသွားမည်ဖြစ်ပါသည်။ ယင်းသို့ ပုံမှန်အစဉ်မပြတ် ရေးသားလေ့ကျင့်စေခြင်းဖြင့် ကျောင်းသားများ၏ စိတ်ကူး၊ ဖွဲ့စည်းပုံ၊ စိတ်ကူးယဉ်ရေးသားခြင်း၊ အချက်အလက်ကို ဖော်ပြရေးသားခြင်း၊ စကားလုံးရွေးချယ်ပုံ၊ သဒ္ဒါ (Grammer) တိုးတက်မှုရှိခြင်း စသည့်အရေးအသားကျွမ်းကျင်မှုတို့ကို လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

### Social Studies

(၆)တန်း humanities အတန်းတွင် ကျောင်းသား များကို (origins of human history) လူသားတို့၏ သမိုင်းအစကို မိတ်ဆက်သင်ကြားပြီး၊ ပထဝီနှင့်မြေပုံများ၊ သမိုင်းဦးဘုံမြေခေတ် ယဉ်ကျေးမှု၊ ရှေးခေတ်မြန်မာ၊ Mesopotamia၊ အီဂျစ်၊ အိန္ဒိယ၊ တရုတ်နှင့် Mesoamerica နိုင်ငံများ၏ သမိုင်းစဉ်များကို အလေးထားသင်ကြားပေးသွားမည်ဖြစ်သည်။ အထူးသဖြင့်ကျောင်းသား/သူများသည် လူမှုအဖွဲ့အစည်း၊ မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် အနေအထားနှင့် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်း၏ ဖွဲ့စည်းပုံများ တစ်ခုနှင့်တစ်ခုဆက်နွယ်ပုံများ ကိုသိရှိစေရန် ရည်ရွယ်ပါသည်။

ယင်းသို့ လေ့လာသင်ကြားပေးလျက် ကျောင်းသားများ၏ နားလည်သဘောပေါက်မှု ပို၍ထိရောက်စေရန် ကျွမ်းကျင်မှုအမျိုးမျိုးဖြင့် သင်ကြားသွား မည်။ ကျောင်းသား/သူများသည် ဆွေးနွေးခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ မူရင်း Source Secondary Source ရေးသားထုတ်ဝေထားသော သမိုင်း စာအုပ်များ၊ သမိုင်းရှု့ဒေါင့်မှ ရေးသားပြုစုမှုစသည်တို့ကို လေ့လာရမည်။ ယင်းသို့ resources အစုံကို လေ့လာသုံးသပ်ခြင်းဖြင့် ကျောင်းသား များသည် ဘာကြောင့် ရှေးဟောင်းစမိုင်းအစဉ်ကို လေ့လာရကြောင်း၊ လူမှုသမိုင်းကဏ္ဍများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ စဉ်းစားမေးမြန်းနိုင်ခြင်းများကို ပြုလုပ်နိုင်ကြမည်ဖြစ်ပါသည်။

(၆)တန်း social studies အတန်းမှ သင်ကြားမှုကြောင့် ကျောင်းသားများ၏ တီထွင်ကြံဆ၊ ခွဲခြမ်းစိတ်ဖြာနိုင်သူများ၊ အရေး၊ အဖတ်၊ စကားပြော၊ နားထောင်နိုင်သူအများအဖြစ် ကျွမ်းကျင်နိုင်သူများ ဖြစ်စေမည်။ ယင်းတို့သည် လူ့အသိုင်းအဝိုင်းတွင်၊ တစ်ဦးချင်းသို့ ထိရောက်စွာ လူ့အသိုင်းဝိုင်းအတွင်း၊ ထိရောက်စွာ ပြောဆိုဆွေးနွေးနိုင်သူများဖြစ်စေမည်။ စိတ်ကူးဉာဏ်ကောင်းသော၊ ခွဲခြမ်းသုံးသပ်နိုင်သော တွေးခေါ်သူ၊ စာဖတ်သူများဖြစ်အောင် သင်ယူရင်း၊ တစ်ဦးချင်းစိတ်ရော၊ အစုအဖွဲ့အလိုက်ပါ ထိရောက်စွာ ရေးသားပြောဆိုနိုင်သူများအဖြစ် (၆)တန်းကျောင်းသားများသည် မိမိတို့ကိုယ်ကို လမ်းညွှန်နိုင်၍ စဉ်ဆက်မပြတ် သင်ယူသူများဖြစ်သွားမည်။

**Mathermatics**

(၆) တန်း သင်္ချာတွင် Pre-Algebra ကို စတင်မိတ်ဆက်သင်ကြားပြီး (၈)တန်း ပြီးဆုံးသည့်အခါ Algebra 1 သင်ကြားမှု ပြီးဆုံးမည်ဖြစ်သည်။ အလယ်တန်းကျောင်း (၃)နှစ် ကာလတွင် ကျောင်းသားများသည် သင်္ချာပညာရှင်များကဲ့သို့ တွေးခေါ်နိုင်အောင် လေ့ကျင့်ပေးပြီး သင်္ချာလေ့ကျင့်မှုများကို Common Core Standards စံဖြင့် ကိုက်ညီအောင် လေ့ကျင့်ကြရမည်။ (၆)တန်း သင်္ချာ သင်ရိုးညွှန်းတန်းသည် အရေးကြီးသည့်ကဏ္ဍ (၄)ရပ်တွင် အခြေခံ၍ သင်ကြားမည်။ (၁) Ratio နှင့် Rate ကို အမြှောက်အစားနှင့် ဆက်စပ်မှုရှိစေပြီး၊ ပုစ္ဆာများကို Ratio နှင့် Rates နှင့် ဖြေရှင်းနည်း၊ (၂) တွက်နည်း (၄)ရပ်ကို Rational နှင့် Negative numbers များဖြင့် တွက်ချက်နားလည်ခြင်း၊ (၃) Expressions နှင့် Linean equaliens၂ား နားလည်ခြင်း၊ (၃) Expressions နှင့် Linean equaliens များဖြင့် တွက်နည်းနှင့် (၄) စာရင်း ဇယားအရ တွက်ချက်နည်းကို နားလည်ခြင်းတို့ ပါဝင်မည်။ သင်္ချာသင်တန်းကို ဆရာက ဦးဆောင်ပေးခြင်းမဟုတ်ဘဲ ကျောင်းသားများ ကသာ လေ့လာ၊ ရှာဖွေသုံးသပ်ခြင်းဖြင့်သာ သင်ယူစေမည်။ ကျောင်းသားများ မိမိတို့၏ အရည်အချင်းကို မိမိတို့အချင်းချင်းပူးပေါင်းပြီး၊ တိကျစွာဖော်ထုတ်နိုင်ခြင်းနှင့် သင်္ချာပိုင်းဆိုင်ရာ တွေ့ခေါ်မှုများကို အခြားဘာသာရပ်များ၌ သုံးချနိုင်စေရန် သုံးသပ်သင်ကြားပေးမည်။

**Science**

သိပ္ပံဘာသာရပ်တွင် လေ့လာရန် သိပ္ပံနည်းကျ လေ့လာခြင်း၊ သိပ္ပံနည်းကျ အသုံးပြုခြင်းနှင့် အင်ဂျင်နီယာ ဒီဇိုင်းတို့ကို အသုံးပြု၍ သဘောပေါက်နားလည်မှုကို ဖော်ပြခြင်း၊ စီမံကိန်းများကို ပုံဖော်နိုင်ခြင်းနှင့် ဆိုလိုရင်းများကို ဝေဖန်သုံးသပ်နိုင်ခြင်း တို့ကိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ အဓိကခေါင်းစဉ် (၃)ခုအနေဖြင့် Life Science, Physical Science and Earth Science ဟူ၍ခွဲခြားထားပါသည်။

Life science တွင်ကျောင်းသား/သူများသည် မတူညီသောသက်ရှိဇီဝရုပ်များ၏ သက်ရှိတို့၏ဖွဲ့စည်းတည်ဆောက်မှုစနစ်နှင့် အပြန်အလှန် အကျိုးသက်ရောက်မှုများကို လေ့လာသင်ယူရမည်ဖြစ်ပါသည်။ ထို့အပြင် လက်တွေ့မြင်တွေ့ရမှုများကို အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် မျိုးရိုးဗီဇနှင့်ဆိုင်သော အချက်အလက်များသည် ဇီဝရုပ်များ ကြီးထွားမှုနှင့် သင့်တော်ကိုက်ညီမှုရှိစေရန် အတွက်အကျိုးသက်ရောက်မှုရှိပုံကို ရှင်းလင်းပြောပြနိုင်မည်ဖြစ်သည်။ ကျောင်းသား/သူများသည် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သည့် ဓါတုဗေဒဓါတ်ပြုမှုများနှင့် ကမ္ဘာမြေကြီးလုပ်ဆောင်ချက်ဖြစ်သည့် စွမ်းအင်များစီးဆင်းမှုများကိုလည်း သင်ယူလေ့လာသွားမည်ဖြစ်ပါသည်။

Physical science တွင်ကျောင်းသား/သူများသည် atomic ဖွဲ့စည်းပုံတွင် ပါဝင်သော မော်လီကျူးများဖွဲ့စည်းပါဝင်မှု၊ ဓါတုဗေဒ ဓါတ်ပြုမှုများနှင့် ဒြပ်ဝတ္ထုများပြောင်းလဲမှုများကို ကောက်ချက်ဆွဲနိုင်ခြင်းတို့တွင် တိုးတက်လာနိုင်မည်ဖြစ်သည်။ Law of Conservation of Mass နည်းဥပဒေသသည် မိမိတို့၏အနီးပတ်ဝန်းကျင်တွင်ရှိသောအရာများကို တစ်စည်းတစ်လုံးတည်းဖြစ်စေသည့် အရာများကို ရှာဖွေစစ်ဆေးနိုင်မည်ဖြစ်သည်။ ကျောင်းသား/သူများသည် စွမ်းအင်ဖြစ်တည်မှုကို လက်တွေ့စမ်းသပ်ပြုလုပ်ခြင်းများနှင့် စူးစမ်းရှာဖွေခြင်းများကို မိမိတို့ကိုယ်တိုင်လုပ် ဆောင်နိုင်မည်ဖြစ်သည်။ လျှပ်စစ်ဂုဏ်သတ္တိများကို ခွဲခြမ်းစိတ်ဖြာ အလေးထား လေ့လာခြင်းဖြင့် လျှပ်စစ်စွမ်းအားထုတ်လုပ်ပုံ၊ လျှပ်စစ်စွမ်းအားထုတ်လွှတ်ပုံနှင့် လျှပ်စစ်ဓါတ်သွားရာလမ်းကြောင်းတို့၏ လုပ်ဆောင်မှုများကို သိရှိနားလည်စေနိုင်မည်ဖြစ်သည်။

Earth and space science တွင်ကျောင်းသား/သူများသည် ကမ္ဘာ့မြေမျက်နှာသွင်ပြင်သည် ရေ၊ ရေခဲပြင်တို့တရွေ့ရွေ့တိုက်စားခြင်းကြောင့် ပြောင်းလဲလာခြင်း၊ plate tectonics များရွေ့လျားခြင်း၊ လူသားများအတွက်လိုအပ်သည့် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းပြောဆိုနိုင်မည်ဖြစ်သည်။ ကျောင်းသား/သူများသည် ရေထု၊ လေထုနှင့် သက်ရှိများတည်ရှိရာနေရာတို့ အပြန်အလှန်ဆက်သွယ်မှုများကိုသင်ယူလေ့လာပြီး၊ ၎င်းအရာတစ်ခုစီတိုင်းသည် လူသားများအတွက် အကျိုးသက်ရောက်မှုရှိခြင်းအား အသေးစိတ်သိရှိနိုင်မည် ဖြစ်ပါသည်။ ကျောင်းသား/သူများသည် ရာသီဥတုများ၊ ဒီရေအတက်အကျများ၊ နေအဖွဲ့အစည်းအတွက် ကမ္ဘာမြေကြီး၏ လုပ်ဆောင်သည့် အခန်းကဏ္ဍနှင့် နေ၊ လ၊ ဂြိုလ်၊ နက္ခတ်တို့နှင့် ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ပိုမိုသိရှိပြီး၊ စံနမူနာများကို အသုံးပြု၍ ဖော်ပြနိုင်မည်ဖြစ်သည်။

**ကိုယ်ကာယပညာရပ် (Phusical Education)**

PE သည် ကလေးများအတွက် သင့်တော်သော ကျန်းမာရေးအစီအစဉ်ကို မျှဝေပေးရင်း အားကစားကို ကြိုက်နှစ်သက်တတ်စေရန်၊ ကျန်းမာကြံ့ခိုင်သော ဘဝတစ်ခုတည်ဆောက်နိုင်ရန် သင်ယူနိုင်ခွင့်ပေးသည်။ အားကစား၏ အခြေခံနည်းစနစ်များ၊ စည်းကမ်းသင်ကြားရင်း အသင်းလိုက်လှုပ်ရှားတတ်စေရန် အလေးထားပေးသည်။ ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင်ကျန်းမာရေး အခြေအနေကို စစ်ဆေးရင်း တာဝန်သိတတ်မှု၊ အကောင်းမြင်သဘောထားဖြင့် ဆက်ဆံမှု၊ အင်တိုက်အားတိုက်လှုပ်ရှားမှု အစရှိသည့် စိတ်ပညာနှင့် လူမှုရေးအသိတို့ကို အားကစားလှုပ်ရှားမှုမှတစ်ဆင့် သင်ယူရမည်။
ပါဝင်သောယူနစ်များမှာ –

- ကာယကြံ့ခိုင်မှု၏ အရည်အသွေးတိုးတက်မှု၊ ခွဲခြားစိတ်ဖြာမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု။
- ပူးပေါင်းပါဝင်လုပ်ဆောင်မှုများနှင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမှုနည်းသည့် ကစားနည်းများ။

- ကျွမ်းကျင်သော ပစ်ခတ်ခြင်းနှင့် ဖမ်းခြင်းအတွက် အဖွဲ့လိုက် လက်ပစ်ဘော၊ ပြင်းထန်သော Frisbee and Softball ကစားနည်းများ။
- Volleyball ကစားနည်းတွင် သက်ဆိုင်ရာ ကစားနည်းစနစ်များ။
- Badmington ကစားနည်းတွင်လည်း rocket ရိုက်ခြင်းနည်းစနစ်များ။
- Basketball, Soccer, Hockey နှင့် Football ကစားနည်း၊ နည်းစနစ်များ ပါဝင်သည်။

**ကျန်းမာရေးနှင့်ပတ်သက်သည့်များကို သင်ကြားခြင်း (Health)**

Health class သည် ဆယ်ကျော်သက်အရွယ်ကလေးများ ကျန်းမာရေးပြဿနာများ၊ အကြောင်းများနှင့်သက်ဆိုင်မည့် လိုအပ်သည့် ဗဟုသုတ၊ အတွေးအခေါ်များကို ပိုမို၍သိရှိနားလည်ရန် သင်ကြားပေးမည်။ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေး၊ အာဟာရ၊ ကိုယ်လက်လှုပ်ရှားမှုနှင့် လုံခြုံမှုတို့အကြောင်းကို သင်ကြားမည်။ မူလတန်းမှ အလယ်တန်းသို့ ပြောင်းလာသည်နှင့် ကလေးများသည် ကိုယ့်ကိုကိုယ်နှင့် ပတ်ဝန်းကျင်၏ ကျန်းမာရေးဆိုင်ရာများကို တာဝန်ယူနိုင်ရမည်။

ကလေးများသည် –

- အစားအစာများကို ခွဲခြမ်းစိတ်ဖြာပြီး အဓိကအာဟာရများကို သိရှိနားလည်ရမည်။
- ကာယလှုပ်ရှားမှုနှင့် ကျန်းမာသောဘဝနေထိုင်မှုတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသော အချက်များကို အသိအမှတ်ပြုရမည်။
- လူတစ်ယောက်၏ ကြီးထွားပုံအဆင့်ဆင့်နှင့် အရွယ်ရောက်ချိန်တွင် ပြောင်းလဲမှုများကို ဆွေးနွေးခြင်းတို့ ပါဝင်မည်။
- အန္တရာယ်ကင်းရှင်းရေး အသိပညာကို ဆန်းစစ်မြှင့်တင်ပေးမည်။
- ကျန်းမာရေးရှုဒေါင့် (၅)ခု (physical, intellectual, emotional, spiritual နှင့် social) ၏ ဆက်စပ်မှုကို မျှတသော ဘဝနေထိုင်မှု ဖြစ်အောင် အသုံးချနိုင်စေမည်။

**Art**

(၆)တန်းကလေးများသည် ပန်းချီပညာကို အပတ်စဉ် သင်ကြားရမည်။ ၎င်းတို့၏ အခြားဘာသာရပ်အပေါ် နားလည်မှုကို ပန်းချီပညာဖြင့် ပေါင်းစပ်အသုံးချနိုင်သည်။ ပန်းချီ၏ အခြေခံနည်းစနစ်များကို လေ့လာရပြီး လူမှုရေးဘာသာရပ် (Humanities) မှ သင်ကြားသော အကြောင်းအရာအချို့ကို ပန်းချီဖြင့် ပရောဂျက်ပြုလုပ်ရမည်။ ခဲတံ၊ ဆေး၊ ဆီဆေး၊ ရောင်စုံခဲတံ၊ ရေဆေးနှင့် မာကာတို့ကို လက်တွေ့သုံးစွဲခွင့်ရမည်။ ရွှံ့စေးဖြင့် ပြုလုပ်သော အနုပညာ၊ စက္ကူ၊ ပိတ်စ၊ ဓာတ်ပုံစသည်တို့ကို ဖြတ်ညှပ်ကပ်၍ ပုံဖော်သော အနုပညာ၊ အရုပ်များကို ကော်ပါသော စက္ကူဖျော့ဖတ်ဖြင့် ပြုလုပ်ရသော ပညာများကိုလည်း လေ့လာရမည်။

**Theatre ပြဇာတ်**

ပြဇာတ်နှင့် စကားပြောဆိုမှုဆိုင်ရာ ပညာရပ်များကို ဖော်ထုတ်ခြင်းအားဖြင့် ကျောင်းသားများကို ပြဇာတ်သဘော၊ သရုပ်ဆောင်ခြင်းနှင့် အသံလေ့ကျင့်မှုများကို သိသာစေသည်။ ကျောင်းသားများကို ရုပ်သေးပညာ၊ ပုံပြောခြင်းပညာ၊ ဟာသသရုပ်ဖော်ခြင်းပညာ၊ ပုံတူအတုခိုး၍ သရုပ်ဆောင်ခြင်းပညာ၊ ရုပ်ချည်းပြောဆို သရုပ်ဆောင်သည့်ပညာ၊ ပြဇာတ်ကခြင်းပညာ စသည့် Theatre ပညာ လှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားစေမည်။ ထိုလှုပ်ရှားမှုများဖြင့် ကျောင်းသားများသည် ကိုယ်ကာယနှင့်အသံများဖြင့် သရုပ်ဆောင်တတ်ခြင်း၊ လူထုကို တင်ဆက်ပြသနိုင်မည့် ကျွမ်းကျင်မှုများကိုလည်း လေ့လာနိုင်မည်။

**Music ဂီတ**

ISM ၏ ဂီတသင်ရိုးညွှန်းတန်းသည် ဘက်စုံဂီတ ကျွမ်းကျင်မှုကို သိရှိနားလည်ပြီး၊ လက်တွေ့တီးမှုတ်နိုင်သည့် အခွင့်အလမ်းများကိုပါ ပေးသည်။ (၆)တန်းမှ ကျောင်းသားများသည် ရက်သတ္တပါတ်တွင် (၁)ကြိမ် ဂီတ တီးမှုတ်ရာတွင်ပါဝင်သည်။ ကျောင်းသားများ၏ လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို ဂီတလှုပ်ရှားမှုများဖြင့် မြှင့်တင်ပေးသည်။ သင်ကြားမှုအပိုင်းတွင် စာပေသင်ကြားခြင်းနှင့် တက်ကြွစွာဂီတတွင် ပါဝင်ခြင်းတို့ကို ဆက်စပ်မှုပေးသည်။

**Integrated Technology**

အလယ်တန်းကျောင်း၏ နည်းပညာအသုံးချမှုသည် သင်ရိုးညွှန်းတမ်း၏စံသတ်မှတ်ချက်နှင့် ရည်ရွယ်ချက်များကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ကျောင်းသား/သူများသည် နည်းပညာအသစ်များနှင့် နည်းဗျူဟာများကို ရှာဖွေလေ့လာခြင်းဖြင့် ၎င်းတို့၏ နည်းပညာဆိုင်ရာ အသိုင်းအဝိုင်းတွင် အဆက်အစပ်မိစွာ အပြည့်အဝ ပါဝင်နိုင်မည်ဖြစ်သည်။ နည်းပညာပေါင်းစပ်မှုသည် မိမိကိုယ်တိုင် သင်ယူမှု၊ ပူးပေါင်းလုပ်ဆောင်မှု၊ တီထွင်နိုင်စွမ်း နှင့် ၎င်းတို့၏ အနာဂါတ်အတွက်လည်း ကြိုတင်ပြင်ဆင်ရာ၌ အားပေးလှုံ့ဆော်မှု တစ်ရပ်ဖြစ်စေပါသည်။

**Exploratory World Languages**

ကျောင်းသား/သူများအားလုံးသည် Mandarin ဘာသာရပ်အား တစ်နှစ်သင်ယူရမည်ဖြစ်သည်။ ယင်းဘာသာ၏ နေ့စဉ်သုံးသဒ္ဒါ၊ စာလုံးများကို မိတ်ဆက်သင်ကြားပေးပြီး ရေးသားပုံရေးသားနည်း အနည်းငယ်ကိုလည်း သင်ကြားပေးသည်။ ယင်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အပိုင်းကိုလည်း သင်ကြားပေးသည်။ အခြားဘာသာမှ ကျောင်းသား/သူများလည်း တက်ရောက်ခွင့်ရှိပြီး အိမ်ရှင်နိုင်ငံ၏ စာစကား၊ ယဉ်ကျေးမှု ပွဲတော်စသည်များကိုပါ ပါဝင်လေ့လာဆွေးနွေးနိုင်သည်။ Mandarin ဘာသာရပ်အား ဖြတန်းကျောင်းသား/သူများအတွက် ရွေးချယ်သင်ကြားစေခြင်းမှာ ကမ္ဘာတစ်ဝှမ်းရှိ နယ်ပယ်တွင် ၎င်းဘာသာစကားအား တွင်ကျယ်စွာအသုံးပြုလာခြင်းကြောင့်ဖြစ်သည်။

## ၇ တန်း (7 Grade)

**English**

တစ်နှစ်ပတ်လုံး ကျောင်းသား/သူများသည် ဝတ္ထုတိုများ၊ လုံးချင်းဝတ္ထုများ၊ Non fiction များ၊ သရုပ်ဆောင်ပြဇာတ်များနှင့် ကဗျာစာပေများ၊ စာပေ၏ အနှစ်သာရများကို လေ့လာဆည်းပူးခြင်းဖြင့် ယင်းတို့၏အရေးအဖတ် အတွေးအခေါ် စကားပြောခြင်းများကို တိုးတက်စေရန် ကြိုးပမ်းကြမည်။ ကျောင်းသား/သူများသည် စာပေဆိုင်ရာ ဖတ်စာအုပ်အမျိုးမျိုးဖြင့် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို စာပေများနှင့် ဆက်စပ်မှုရှိခြင်း၊ အတွေးအခေါ်များကိုခွဲခြမ်းစိတ်ဖြာနိုင်ပြီး vocabulary စာလုံးများ ပို၍ကြွယ်ဝမှုများကိုပြသနိုင်မည်ဖြစ်သည်။

(၇)တန်းတွင် ကျောင်းသားများသည် writing process စာရေးသားသည့် အစဉ်ဖြင့် အရေးအသား ကျွမ်းကျင်တိုးတက်စေရန်၊ စိတ်ကူးများကို အပြန်အလှန်ဆွေးနွေးခြင်း၊ အကြမ်းရေးဆွဲခြင်း၊ အတန်းဖော်နှင့်ဆရာ/ဆရာမနှင့် ဆွေးနွေးခြင်း၊ စိစစ်တည်းဖြတ်ခြင်းနှင့် ထုတ်ဝေခြင်းများကို ပြင်းထန်စွာ အာရုံစိုက်လေ့လာကြသည်။ ကျောင်းသားများသည် ဇာတ်လမ်းများ၊ တင်စားရေးသား ချက်များနှင့် သရုပ်ဖော်စာစီစာကုံးများ၊ ကဗျာများနှင့် ပုံပြင်အတိုလေးများ စသည်တို့ကို ရေးသားပြုစုကြမည်ဖြစ်သည်။ စာရေးသားပုံနည်းစနစ်များနှင့် သဒ္ဒါအသုံးအနှုန်းများ ပို၍နားလည်စေပြီး ယင်းသို့နားလည်ခြင်းကို အရေး အသား အပြောအဆိုများမှတစ်ဆင့် ကျောင်းသားများသည် ဖော်ဆောင်ပေးကြမည်။

အထူးကြိုးပမ်းအားထုတ်စေခြင်းအားဖြင့် စာဖတ်ခြင်းနှင့် စာရေးသားခြင်းတို့တွင် ထူးချွန်သောကျောင်းသား/ကျောင်းသူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေပါသည်။ ၎င်းအပိုင်းတို့တွင် လိုအပ်လျှက်ရှိသည့် ကျောင်းသား/ကျောင်းသူများအတွက် ငြမ်းအဖြစ်အထောက် အကူဖြစ်စေမည်ဖြစ်သည်။ ESOL ကျောင်းသား/ကျောင်းသူများအတွက် အထောက်အကူဖြစ်စေပြီး၊ တွန်းအားပေးမြင့်တင်ပေးခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို ကဏ္ဍတစ်ခုတည်းအဖြစ် ပေါင်းစပ်နိုင်မည်ဖြစ်သည်။

**Social Studies**

ယခုသင်ခန်းစာတွင် ယဉ်ကျေးမှုနှင့် အချိန်ကာလမှတဆင့် ကျောင်းသား/ကျောင်းသူများသည် လူသားတို့၏ သမိုင်းကို စမ်းစစ်နိုင်ကြမည်။ Migration ပဋိပက္ခများ၊ သယံဇာတပစ္စည်းများ၊ ကုန်စည်ဖလှယ်မှုများနှင့် ပတ်ဝန်းကျင်စသည့် လူသားများ တွေ့ကြုံကျင်လည်ရမည့် အဓိကအရာများကို ကိုင်တွယ်စဉ်းစားကြရမည်။ ထိုပြဿနာများကို စာပေရှုဒေါင့်အမျိုးမျိုးမှ ကျောင်းသား/ကျောင်းသူများသည် လေ့လာပိုင်းခြားနိုင်သည်။

ကျောင်းသားများသည် စာဖတ်ခြင်း၊ ရေးသားခြင်း၊ ပြောဆိုခြင်း စသည့် ကျွမ်းကျင်မှုများ တိုးတက်လာသည့်နှင့်အမျှ ထိုအကြောင်းအရာများကို ဆန်းစစ်နိုင်ရမည်။ ဤသို့ပြုလုပ်နိုင်ရန် ကျောင်းသားများသည် မိမိတို့၏ မျိုးရိုးဆင်းသက်လာပုံ၊ အသိုင်းအဝန်းထဲတွင် လှုပ်ရှားလာပုံနှင့် ကမ္ဘာကြီးတွင် တည်ရှိ နေသော ဆက်စပ်မှုများ လေ့လာကြရမည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သယံဇာတခွဲဝေသုံးစွဲပုံနှင့် မိမိတို့နေထိုင်သည့်ပတ်ဝန်းကျင်ကို မည်သို့မည်ပုံ တိုးတက်အောင်ပုံသွင်းလှုပ်ရှားမည်ကို စီမံကိန်းများချ၍ ဖန်တီးမည်။ (၇)တန်း social studies အတန်းသည် လက်ရှိခေတ်မှီသော လူ့အသိုင်း အဝန်းနှင့် ကျောင်းသားများ မိမိတို့၏ အတွေ့အကြုံများနှင့် ဆက်စပ်ပေးနိုင်အောင်ရည်ရွယ်၍ သင်ကြားပေးမည်။ ထိုမှသာ ကျောင်းသား/ကျောင်းသူများသည် ယင်းတို့ သင်ကြား တတ်ကျွမ်းခဲ့သည့် ဗဟုသုတအသစ်များကို လက်တွေ့ဘဝတကယ့်အစစ်အမှန် အခြေအနေများတွင် ထည့်သွင်း စဉ်းစားသွားနိုင် မည်ဖြစ်သည်။

**Mathematics သင်္ချာ**

(၆) တန်းမှစ၍ အလယ်တန်းသင်္ချာကို စတင်သင်ကြားခဲ့ပြီး၊ (၇)တန်းတွင် ပို၍မြင့်သော သင်္ချာအပိုင်းကို ဆက်လက်သင်ကြားပြီး (၈)တန်း တွင် Algebra 1 ကို ပြီးဆုံးအောင်သင်ခဲ့မည်။ ISM ကျောင်းသားများသည် ယင်းအလယ်တန်းကျောင်း (၃)နှစ် ကာလအတွင်း သင်္ချာပညာရှင် များကဲ့သို့ တွေးခေါ်နိုင်ကြပြီး၊ Common Core Standards အတိုင်း သင်္ချာလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ (၇)တန်း သင်ရိုးညွှန်းတမ်းတွင် အရေးကြီးသည့် ကဏ္ဍ (၄)ခုကို အလေးထားပါသည်။

(၇) တန်း သင်္ချာသင်ရိုးသည် အောက်ဖော်ပြပါအခန်း (၄)ခုအပေါ်တွင် အခြေခံထားပါသည်။ ကျိုးကြောင်းစဉ်းစား၍ ညီမျှချက်များနှင့် ဖော်ပြချက်များကို ပုံသေနည်းတွက်ထုတ်ခြင်းများအပြင် System of Equations နှင့် Linear Equations ကို အမျိုးအစားအလိုက် ပုံစံတည်ဆောက်၍ တွက်ချက်ခြင်းဖြစ်ပါသည်။ Function နှင့်ပတ်သက်သော သဘောတရားများကို ဆုပ်ရယူနားလည်နိုင်ရန်နှင့် စာရင်းအင်း သင်္ချာ၏ အစိတ်အပိုင်းဖြစ်သော အရေအတွက်အနည်းအများ ကျိုးကြောင်းဆက်စပ်မှုကို Funcctions များ အသုံးပြုရန် ဖော်ပြခြင်းဖြစ်ပါသည်။ ပုစ္ဆာများဖြေရှင်းရာတွင် တိကျတိုင်းထွာသော 2D, 3D ဆွဲ၍ ဖြေရှင်းခြင်းနှင့် ၎င်း 2D, 3D ပုံများကို ကျိုးကြောင်းဆင်ခြင် သုံးသပ်ခြင်းဖြစ်သည်။ ဥပမာ အစုများပေါ်မူတည်၍ ဖြစ်နိုင်ချေရှိသောရလဒ်အပေါ်၌ ယူဆချက်များကို ဆင်ခြင်သုံးသပ် ကောက်ချက်ချခြင်းတို့ဖြစ်ပါသည်။

သင်္ချာစာသင်ခန်းတွင် ဆရာဦးဆောင်သင်ကြားမှုထက် ကျောင်းသားကိုယ်တိုင်အား စူးစမ်းရှာဖွေခြင်းနှင့် ရှာဖွေတွေ့ရှိတက်မြောက်စေရန် အထူးပြုသင်ကြားသည့်ပုံစံဖြစ်ပါသည်။ ကျောင်းသားများအား အကဲဖြတ်ရာ၌ ၎င်းတို့၏ပင်ကိုယ် အရည်အသွေးများဖြစ်သော အဖွဲ့အစည်းနှင့် ပြီးမြောက်အောင်မြင်အောင် ပူးပေါင်းတတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆောင်ရွက်ရာ၌ တိကျသေသပ်မှုရှိခြင်းတို့အပြင် အခြေအနေ အမျိုးမျိုးသော အကြောင်းအရာတို့၌ သင်္ချာ၏ သဘောတရားများကို အသုံးပြုနိုင်ခြင်းတို့ပေါ်၌လည်း စိစစ်အကဲဖြတ်ပါသည်။

**<u>Science သိပ္ပံ</u>**

(၇)တန်းသိပ္ပံဘာသာရပ်တွင် သက်ရှိတို့၏ဖွဲ့စည်းပုံနှင့် အပြန်အလှန်ဆက်နွယ်မှုများ၊ စွမ်းအင်နှင့်ဝတ္ထုပစ္စည်း၊ ကမ္ဘာမြေကြီးဆွဲအားနှင့် လုပ်ဆောင်ချက်များ နှင့် စကြဝဠာအတွင်းရှိစွမ်းအင်များနှင့်ရွေ့လျားမှုများဟူ၍ အဓိကအပိုင်းလေးပိုင်းခွဲ၍ အလေးထား သင်ကြားသွားမည်ဖြစ်ပါသည်။ လေ့လာသင်ယူမှုသည် စူးစမ်းလေ့လာ ရှာဖွေမှုများအပေါ်အခြေခံခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုများသည် ကလေး၏ သင်ယူမှု အတွေ့အကြုံ ရရှိစေရန် အရေးပါလှပါသည်။ The Next Generation Science Standards နှင့်အညီယခုသင်ခန်းစာအား သင့်လျော်ကိုက်ညီစေပြီး၊ မရှိမဖြစ်လိုအပ်သည့် နည်းပညာပိုင်း၊ အင်ဂျင်နီယာပိုင်း၊ သင်္ချာစွမ်းရည်ပိုင်းနှင့် ၂၁ရာစုရှိစွမ်းရည်များတို့နှင့် အချိတ်အဆက်မိစေပါသည်။ နောက်ဆုံးတွင် မြင့်မားစွာ တွေးခေါ်ကြံဆနိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်များတိုးတက်လာခြင်းနှင့် သိပ္ပံပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အသုံးချခြင်းအစရှိသည့် နယ်ပယ်များအား အလေးထားသွားမည်ဖြစ်သည်။

**<u>Phusical Education</u>**

ကျောင်းသားများသည် အားကစားကို ဆက်လက်မြတ်နိုးတတ်ရန်နှင့် ၎င်းတို့၏ဘဝတွင် ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ရန် ကိုယ်လက်လှုပ်ရှားမှုဘာသာရပ်ကို သင်ကြားပေးမည်။ (၇)တန်းတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ခြင်းများနှင့် ဆုံးဖြတ်ချက်ချနိုင်မှုများကို ၎င်းဘာသာရပ်များက တွန်းအားပေးပါသည်။ ၎င်းတွင် ကျောင်းသားများမှ ပြိုင်ပွဲအစစ်အမှန်များနှင့် ပတ်သက်သော အားကစားဗဟုသုတများနှင့် ကိုယ်လက်လှုပ်ရှားမှုများကို သင်ကြားရပါမည်။ ကျောင်းသားများ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုများကို ထိန်းသိမ်းခြင်းသည် ခန္ဓာကိုယ်ကို ကျန်းမာစေသည့်အပြင် ကျန်းမာကြံ့ခိုင် ဖျတ်လတ်မှုကို တိုးတက်စေသည်။ ဤဘာသာရပ်တွင် ဦးဆောင်မှုစွမ်းရည်၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးကို တိုးတက်စေသည်။ ထို့အပြင် မိမိကိုယ်ကို တာဝန်ယူတတ်မှု၊ ပတ်ဝန်းကျင်နှင့် အပြန်အလှန်ကောင်းကြိုးပြုတတ်မှု၊ သင်ကြားရေးနှင့် ကိုယ်ကာယလှုပ်ရှားမှုများတွင် အားကစားအဖွဲ့လိုက် အင်တိုက်အားတိုက် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြရမည်။

သင်ကြားရမည့် ယူနစ်များမှာ –

- ကာယကြံ့ခိုင်မှုနှင့်ပတ်သက်၍ သုံးသပ်မှု၊ အရည်အသွေး တိုးတက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု။
- ပူးပေါင်းပါဝင်လုပ်ဆောင်မှုများနှင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမှုနည်းသည့် အားကစားနည်းများ။
- ကျွမ်းကျင်သော ပစ်ခြင်းနှင့် ဖမ်းခြင်းအတွက် အဖွဲ့လိုက် လက်ပစ်ဘော၊ Fisber ပစ်ကစားနည်း၊ Flag football ကစားနည်း။
- Volleyball ကစားနည်းနှင့် ဆက်စပ်သော ကစားနည်းများ
- Badmington ကစားနည်းတွင်လည်း Rocket ရိုက်ခြင်း နည်းစနစ်များ
- Basket Ball, Soccer, Hockey နှင့် Fustal ကစားနည်းနှင့် ဘောလုံးနှင့်ဆက်စပ်သော ကစားနည်းများ။
- အသင်းကို ခေါင်းဆောင်နိုင်သည့် ကျွမ်းကျင်အတတ်ပညာ (ထူးသဖြင့် အသင်းကို ခေါင်းဆောင်နိုင်ခြင်းနှင့် သွေးပူလေ့ကျင့်ခန်း ပြုလုပ်ခြင်း။)

**<u>Health ကျန်းမာရေး</u>**

ဤဘာသာရပ်သည် ပျိုဖော်ဝင်ချိန် ကျောင်းသား/သူများ၏ အသိပညာ ဗဟုသုတနှင့် သဘောထားများ တိုးတက်စေသော ကျန်းမာရေးနှင့် ပတ်သက်သော အရေးကြီးသည့် အပိုင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲဖြစ်သော ကလေးများအတွက် သင့်လျော်သော အယူအဆနှင့်ပတ်သက်၍ ကျန်းမာရေးလေ့ကျင့်ခန်းများ၊ လူမှုအကျိုးပြုခြင်း၊ လုံခြုံစေခြင်း၊ ကြီးထွားခြင်းနှင့် ဖွံ့ဖြိုးခြင်းများ သင်ခန်းစာတွင် ပါဝင်သည်။ မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်သည့် ကျန်းမာသော လူနေမှုဘဝရှိနိုင်ရန်အတွက် ပံ့ပိုးပေးသည့် လုပ်ရပ်ဖြစ်သောကြောင့် ကျောင်းသားများသည် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချခြင်းကို အလေးထားကြသည်။
ကျောင်းသားများသည် –

- အပြုအမူ အလေ့အကျင့်များကို ပိုင်းခြားစိတ်ဖြာသင်ယူခြင်းနှင့် အချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း။
- မိမိ၏ ကျန်းမာရေးကို အချက် (၅)ချက်လုံးဖြင့် တိုင်းတာ၍ စူးစမ်းစစ်ဆေးခြင်း။
- မိမိ၏ပန်းတိုင်ကို သတ်မှတ်တတ်ရန် သင်ကြားခြင်း။
- ၎င်းတို့၏ မိသားစုနှင့်ရွယ်တူ အပေါင်းဖော်များအား စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းမှုကို အလေးပေးခြင်း။
- သက်တူရွယ်တူ အပေါင်းဖော်များ၏ ဖိအားကိုထိရောက်စွာ ကိုင်တွယ်ပြီး အသိအမှတ်ပြုခြင်း။

**Elective Choices In 7th Grade (One Semester each)**

**Art**

ယခုအစီအစဉ်တွင် ကျောင်းသား/သူများသည် အနုပညာပိုင်းဆိုင်ရာစွမ်းရည်နှင့် စိတ်အားထက်သန်စွာလုပ်ဆောင်ခြင်းစသည်တို့သည် ပုံမှန် (၇)တန်း ပန်းချီအတန်းထက် ပို၍အကျိုးရှိစေပါသည်။ ပရောဂျက်များသည် ကျောင်းသား/သူ၏ အနုပညာနှင့်ပတ်သည့်၍ မိမိကိုယ်ကို လေးစားတတ်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်တတ်ခြင်းအရည်အချင်းအတွက် လှုံ့ဆော်ပေးခြင်းနှင့် ၎င်းတို့၏အနုပညာလက်ရာနှင့် ပတ်သက်၍ စာဖြင့်ရေးသားခြင်းနှင့် နှုတ်ဖြင့်ပြောဆိုခြင်းဖြင့် အင်္ဂလိပ်စာစွမ်းရည်များ တိုးတက်လာမည်ဖြစ်ပါသည်။ အနုပညာလက်ရာသည် နေရာအထားအသိုဖန်တီးမှု၊ ပုံရိပ်ကြည်လင်ပြတ်သားမှု၊ အရောင်၊ အနုပညာဖန်တီးမှုစွမ်းရည်နှင့် ပြုမူလုပ်ဆောင်မှု များကိုအကဲဖြတ်ပေးပါသည်။ ကျောင်းသား/သူများသည် ရွှံ့စေး၊ သတ္တု၊ lino prints ၊ ဆေးခြယ်ခြင်းနှင့် ကော်ပါသည့်စက္ကူပျော့များကို အသုံးပြုပါသည်။

**Band**

(၆) တန်း တေးဂီတပိုင်း၏ အတွေ့အကြုံအရ ကျောင်းသားများသည် ၎င်းတို့နှင့်သင့်တော်သော တူရိယာပစ္စည်းကို ရွေးချယ်ခြင်းနှင့် အဖွဲ့လိုက်သော် လည်းကောင်း၊ တစ်ဦးတည်းသော် လည်းကောင်း ကောင်းမွန်စွာတီးခတ်နိုင်ရန် သင်ယူမှု၌ ကျွမ်းကျင်ခြင်းများကို အထောက်အကူဖြစ်စေသည်။ ပြောင်မြောက်သော တင်ဆက်မှုကို ပြသနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် အမူအကျင့်များကို ရရှိစေရန် မူတည်သည်။ ကျောင်းသားများသည် ၎င်းတို့ရွေးချယ်ထားသော တူရိယာဖြင့် တေးဂီတသင်္ကေတများကို နားလည်သဘောပေါက်၍ ပြန်လည်တီးခတ်နိုင်ရန် သင်ကြားရသည်။ ထို့အပြင် တူရိယာအားလုံး၏ အပြန်အလှန်ဆက်သွယ်မှုရှိပုံကို သင်ယူရသည်။ (၈)တန်းတွင် ဂီတပညာကို ဆက်လက် သင်ယူရန် အစီအစဉ်ရှိသော ကျောင်းသားများသည် ယခုနှစ်တစ်နှစ်ပတ်လုံး အမြဲလေ့ကျင့်ရန် လိုအပ်ပါသည်။

**Choir**

သီချင်းဆိုဖို့ရန် နှစ်သက်ကြသော ကျောင်းသားများအတွက် Choir ဘာသာရပ်ကို ပံ့ပိုးပေးထားပြီး ၎င်းတွင်မှန်ကန်သော အသက်ရှူနည်းများ၊ နားထောင်မှုစွမ်းရည်နှင့် အသံအနိမ့်အမြင့် ထိန်းချုပ်နိုင်သော နည်းလမ်းများ ပါဝင်သည်။ ကျောင်းသားများအနေဖြင့် ယဉ်ကျေးမှုအမျိုးမျိုးမှ လာသော သံစဉ်ပုံစံများနှင့် သီချင်းကြီးများမှအစ ခေတ်ပေါ်တေးများကို လက်တွေ့လေ့လာနိုင်မည်ဖြစ်သည်။ တဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း သီဆိုနိုင်ရန်နှင့် ကျောင်းသားများမှ သံစဉ်အမျိုးမျိုးဖြင့် သီဆိုနိုင်ခြင်း၊ အခြေခံတေးဂီတများနှင့် သီချင်း စပ်ခြင်းများကိုလည်း တိုးတက်စေပါသည်။

**Integrated Technology**

အလယ်တန်းကျောင်း၏ နည်းပညာအသုံးချမှုသည် သင်ရိုးညွှန်းတမ်း၏စံသတ်မှတ်ချက်နှင့် ရည်ရွယ်ချက်များကို အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ ကျောင်းသား/သူများသည် နည်းပညာအသစ်များနှင့် နည်းဗျူဟာများကို ရှာဖွေလေ့လာခြင်းဖြင့် ၎င်းတို့၏ နည်းပညာဆိုင်ရာ အသိုင်းအဝိုင်းတွင် အဆက်အစပ်မိစွာ အပြည့်အဝ ပါဝင်နိုင်မည်ဖြစ်သည်။ နည်းပညာပေါင်းစပ်မှုသည် မိမိကိုယ်တိုင် သင်ယူမှု၊ ပူးပေါင်းလုပ်ဆောင်မှု၊ တီထွင်နိုင်စွမ်း နှင့် ၎င်းတို့၏ အနာဂါတ်အတွက်လည်း ကြိုတင်ပြင်ဆင်ရာ၌ အားပေးလှုံ့ဆော်မှု တစ်ရပ်ဖြစ်စေပါသည်။

**Theatre ပြဇာတ်ပညာ**

ဤဘာသာရပ်သည် သရုပ်ဆောင်ခြင်းနှင့် အသံနှင့်အပြောအဆို ပို၍ကောင်းစေရန် ရည်ရွယ်သော ကျောင်းသားများအတွက်ဖြစ်သည်။ ကျောင်းသားများသည် projects ပရိုချက် အမြောက်အများ လုပ်ဆောင်ရမည်။ ရှေးဟောင်းဂရိပြဇာတ်နှင့် အပြောအဆိုပိုင်းများလည်း ပါဝင် မည်။ ကဗျာဆိုင်ရာ အတတ်ပညာသည် ထိရောက်သော အပြောအဆို လေ့ကျင့်ရာတွင်ပါဝင်သည်။ ကျောင်းသားများသည် ဤပညာရပ်ကို သင်ရာတွင် ကိုယ်လက်လှုပ်ရှားမှုပါဝင်သည့် သရုပ်ဆောင်ခြင်း၊ Partonute နှင့် မျက်နှာပုံနှင့် သရုပ်ဆောင်ပညာရပ်များလည်း ပါဝင်မည်။

**Mandarin**

ကျောင်းသားများသည် တရုတ်ဘာသာစကား၏ အခြေခံပြောဆိုနိုင်သော အရည်အသွေးများနှင့် အခြေခံကောင်းအောင် သင်ယူရပါသည်။ Pinyin Romanization စနစ်ကို အသုံးပြုထားသည့်အပြင် တရုတ်စာပုံစံနှင့် ရေးသားပုံရေးသားနည်းများ ပါဝင်သည့် အဖွဲ့လိုက်ဦးတည်ထား

သော ဘာသာစကားပြောခြင်းနှင့် ကစားပွဲများ၊ သီချင်းဆိုခြင်းများကို အဓိကဦးတည်ချက်ထား သင်ကြားပါသည်။ ဘာသာစကားကို အသုံးပြုနေစဉ် ကျောင်းသားများ၏ တရုတ်နိုင်ငံ၏ယဉ်ကျေးမှုကိုပါ သင်ကြားပေးမည်။

**Spanish**

စပိန်ဘာသာကိုသင်ကြားရာတွင် ရေးခြင်း၊ ဖတ်ခြင်း၊ နားထောင်ခြင်းနှင့် များသောအားဖြင့် စကားပြောခြင်းဟူသော အဆင့်လေးဆင့်ဖြင့် သင်ကြားပါသည်။ လက်တွေ့လုပ်ဆောင်ခြင်းများတွင် ချက်ပြုတ်ခြင်း၊ သီချင်းဆိုခြင်း၊ ကစားခြင်းစသည့် ကဏ္ဍများတွင် နေ့စဉ်ဘဝနှင့် ဆက်နွယ်နေသော ဝေါဟာရနှင့် စပိန်စကား၏ သဒ္ဒါကို မှန်ကန်စွာသုံးနိုင်ခြင်းနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေပါသည်။ စပိန်နိုင်ငံ ဘာသာစကား ပြောဆိုသည့် ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများနှင့် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ကွဲပြားမှုကို လေ့လာသင်ယူသွားနိုင်မည်။

## ၈ တန်း (8 Grade)

**English**

(၈)တန်း၏ English Language Art အတန်းသည် ယခင်ကထားရှိခဲ့သည့် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များအတွက် ပိုမိုအားစိုက်ထားသည့် အစိတ်အပိုင်းများဖွဲ့စည်းပါဝင်ပြီး၊ ကျောင်းသား/သူများအတွက် အထက်တန်းသို့ တက်လှမ်းရာ၌ ကောင်းမွန်သော တိုးတက်မှုများနှင့် အဆင်သင့်ဖြစ်စေရန် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်စေပါသည်။

Reading အားအဖွဲ့လိုက်စာအုပ်များကိုပြီးစီးအောင်ဖတ်ပြီး အတန်းဖော်အချင်းချင်းပြန်လည် ဝေမျှသုံးသပ်ခြင်း နှင့်မည်သည့် အကူအညီမှမပါပဲ ကိုယ်တိုင်လုပ်ဆောင်ခြင်းများအား အတန်းထဲတွင်ပြုလုပ်ပါသည်။ လုပ်ဆောင်ရသည့် လုပ်ငန်းဆောင်တာ များတွင် ဆိုလိုရင်းအကြောင်းအရာ နှင့် ဘာသာစကားသရုပ်ခွဲလေ့လာခြင်း၊ သံပြိုင်ဖတ်ကြားခြင်း၊ အဖွဲ့လိုက် စာအုပ်ပါအကြောင်း အရာများကို ကဏ္ဍအလိုက် တင်ဆက်ပြသခြင်း၊ သတင်းစာရေ့စာမျက်နှာများ၊ ပုံဖြင့်ရေးဆွဲဖော်ပြခြင်း၊ သတင်းလွှင့်ခြင်း နှင့် book chats များ ပါဝင်ပါသည်။ အဓိကကျသည့်စာပေများ ဖြစ်သည့် သမိုင်းကြောင်းနှင့်ဆိုင်သော စိတ်ကူးယဉ်ဝတ္ထု၊ သက်လတ်ပိုင်း စိတ်ကူးယဉ်ဝတ္ထု၊ ဆယ်ကျော်သက်အရွယ်ဝတ္ထုများ၊ ကိုယ်တွေ့မှတ်တမ်းများနှင့် မှတ်သားဖွယ်ရာစုံလင်သော သုတစာပေများအား ဖတ်စေပါသည်။

Writing အပိုင်းတွင် စိတ်ကူးယဉ်စာပေ (ပုံပြင်တိုများ၊ ကဗျာစာပေ)နှင့် သုတစာပေ (bookmarks၊ စာပေများကိုခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း၊ photo essays၊ ခရီးသွားလမ်းညွှန်များ နှင့် သတင်းဆောင်းပါးများ) ရေးသားခြင်းများပါဝင်ပါသည်။

Speaking/Listening လုပ်ဆောင်ရာတွင် ကျယ်ပြန့်သော အစီအစဉ်ရေးဆွဲရန်လိုအပ်ပြီး၊ ပြောဆိုဆွေးနွေးရန် အကြောင်းအရာများပါဝင်ခြင်း၊ အဖွဲ့လိုက်တင်ဆက်ပြသခြင်း၊ စကားပြောများကို တွဲဖက်ခြင်း/မေးခွန်းမေးခြင်းနှင့်ဖြေဆိုခြင်း/စကားစမြည်ပြောဆိုခြင်း၊ Power point ဖြင့်တင်ဆက်ခြင်းနှင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အကြောင်းအရာအား နည်းစနစ်တကျ စကားရည်လု ပြောကြားခြင်းများအား အလေးထားလုပ်ဆောင်မည်ဖြစ်သည်။

Foundations of langugage စွမ်းရည်များအား ဝေါဟာရကြွယ်ဝစေမည့်သင်ခန်းစာများနှင့် ဆက်စပ်မှုရှိသည့် သင်ခန်းစာ အတိုလေးများအားဖြင့် တစ်နှစ်ပတ်လုံး ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသည်။

Critical thinking နှင့်ပတ်သက်၍ ကျောင်းသား/ကျောင်းသူများအား စိတ်ဝင်စားဖွယ် အကြောင်းကိစ္စများ ဆန်းစစ်ဝေဖန်ဆွေးနွေးစေခြင်း၊ ၎င်းတို့၏အမြင်များအား ဖော်ပြစေခြင်း၊ မိမိတို့၏ကိုယ်ပိုင် အမြင်များကိုဖော်ပြခြင်း၊ မိမိကိုယ်ကို စမ်းစစ်သုံးသပ်ခြင်း၊ အတန်းဖော်မှ စမ်းစစ်သုံးသပ်ခြင်း၊ ဆင်ခြင်သုံးသပ်ချက်များအားရေးသားခြင်း၊ feedback များကိုပြန်လည်တုံ့ပြန်ခြင်း၊ အသေးစိတ်အကြောင်းအရာများကို ရွေးချယ်၍ ရှင်းလင်းဖော်ပြခြင်းနှင့် အဖွဲ့လိုက်တင်ဆက်သည့်အချိန်တွင် အစီအစဉ်ရေးဆွဲထားခြင်းမရှိသော အကြောင်းအရာအား ရုတ်တရက် တင်ဆက်ရခြင်းများ လုပ်ဆောင်စေပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများနှင့် လုပ်ငန်းဆောင်တာများသည် စည်းမျဉ်းသတ်မှတ် ဖော်ပြထားခြင်းမဟုတ်ပဲ နှစ်စဉ်ပြောင်းလဲ နိုင်ပါသည်။ အထက်တွင်ဖော်ပြထားသည့် လုပ်ဆောင်ရမည့်အရာအများစုသည်ယခင် Humanilies သင်ခန်းစာမှ ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်ဖူးသည့် အရာများဖြစ်ပါသည်။

**Social Studies**

(၈)တန်း Social Studies အတန်းသည် ကျောင်းသား/သူများကို လက်ရှိခေတ်မှီသော ကမ္ဘာကြီး၊ မိမိတို့၏ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအတွေ့အကြုံများနှင့် ဆက်စပ်ပေးမည်။ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်မှုစွမ်းရည် နှင့် ပြဿနာများဖြေရှင်းနိုင်သော စွမ်းရည်များအားအသုံးချပြီး၊ ပြည်တွင်းယဉ်ကျေးမှုများနှင့်ပတ်သက်၍ ကောင်းမွန်စွာနားလည်နိုင်ခြင်းနှင့် မိသားစုနှင့်ကျောင်းသား/သူသည် အရှေ့တောင်အာရှနိုင်ငံများနှင့်ပတ်သက်၍ အတွေ့အကြုံများ ရရှိနိုင်မည်ဖြစ်သည်။

**Mathencatics Algebra 1**

(၆)တန်းမှစ၍ အလယ်တန်းသင်္ချာကို စတင်သင်ကြားခဲ့ပြီး၊ (၇)တန်းတွင် ပို၍မြင့်သော သင်္ချာအပိုင်းကို ဆက်လက်သင်ကြားပြီး (၈)တန်းတွင် Algebra 1 ကို ပြီးဆုံးအောင်သင်မည်။ ISM ကျောင်းသားများသည် အလယ်တန်းကျောင်း (၃)နှစ်ကာလတွင် သင်္ချာ ပညာရှင်များကဲ့သို့ တွေးခေါ်နိုင်ကြပြီး Common Core Standards အတိုင်း သင်္ချာလေ့ကျင့်မှုများ ပြုလုပ်ကြမည်။

(၈)တန်း သင်ရိုးညွှန်းတမ်းတွင် အရေးကြီးသည့်ကဏ္ဍ (၄)ခုကို အလေးထားမည်။

(၈)တန်း အက္ခရာကိန်းတန်းသင်္ချာတွင် အောက်ပါအခန်း(၄)ခု အပေါ်တွင် အထူးပြု သင်ကြားပေးပါသည်။ Rational နှင့် Irrational ကိန်းများ၏ဂုဏ်သတ္တိများကို အသုံးပြု၍ စာရင်းအင်းသင်္ချာ၏ အစိတ်ပိုင်းဖြစ်သော အရေအတွက်အနည်းများ ဆက်စပ်မှုကို ဆင်ခြင်သုံးသပ်ရန် ဖြစ်ပါသည်။ပုစ္ဆာများကို ကိန်းဂဏန်းများ Expressions များအဖြစ်သို့ ပြောင်းလဲရန် ဆောင်ရွက်စေခြင်းအပြင် ညီမျှချက်များနှင့် မညီမျှချက်များအဖြစ်သို့ ဖန်တီးဖော်ဆောင်သုံးသပ်စေခြင်းဖြစ်ပါသည်။ Function များကို ကွဲပြားခြားနားသော အကြောင်းအရာ အခြေအနေများအတွင်း ပြောင်းလဲပြန်ဆို၍ စိတ်ဖြာသုံးသပ်ခြင်း၊ တည်ဆောက်ခြင်းနှင့် နှိုင်းယှဉ်စေခြင်းဖြစ်ပါသည်။ ကိန်းရှင်တစ်လုံး (သို့) ကိန်းရှင်နှစ်လုံး အစရှိသည်အပေါ်မူတည်၍ အချက်လက် Data များကို ပြောင်းလဲပြန်ဆိုခြင်းနှင့် စုစည်း၍ အနှစ်ချုပ်စေခြင်းတို့ ဖြစ်ပါသည်။

သင်္ချာတန်းတွင် ဆရာက ဦးဆောင်ပြီး သင်ကြားမှုထက် ကျောင်းသားများ၏ စူးစမ်းရှာဖွေမှုကို ပို၍ အလေးထားပါသည်။ ကျောင်းသားများမှ ၎င်းတို့၏စွမ်းရည်ကို ချင့်ချိန်၍ အခြားကျောင်းသားများနှင့် တိကျစွာပူးပေါင်းပြီး အမျိုးမျိုးသော သင်္ချာနှင့်ပတ်သက် သည့် ဆက်စပ်မှုများကို တိကျသေချာအောင် ဆောင်ရွက်စေပါသည်။

ကျောင်းသားများအနေဖြင့် သတ်မှတ်ထားသော အဆင့်ကိုအောင်မြင်ပြီးမြောက်ပါက (၉)တန်းတွင် Geometry ဘာသာကို သင်ကြားခွင့်ရပါမည်။ အကယ်၍ ကျောင်းသားများအနေဖြင့် သင်္ချာနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်မှုကို လိုအပ်ပါက (၉)တန်းတွင် Algebral ကိုဆက်၍ အဆင့်မြင့် ပြန်လည်သင်ကြားရပါမည်။

**Science သိပ္ပံ**

(၈)တန်း သိပ္ပံဘာသာရပ်တွင် ကျောင်းသား/သူများသည် (၆)တန်းနှင့် (၇)တန်းတို့တွင် သင်ယူခဲ့သော အုတ်မြစ်ပေါ်တွင် အခြေခံသည်။ Physical Science, Earth and Space Science နှင့် Environmental Science တို့ကိုသင်ယူခြင်းဖြင့် အခြေခံတွေးခေါ်ယူဆချက် သဘောတရားများနှင့် ဝေါဟာရများအစရှိသည့် ဗဟုသုတများကို တည်ဆောက်နိုင်ပြီး အထက်တန်းကျောင်း တက်ရောက်ရန်အတွက် ပြင်ဆင်ပြီးသားဖြစ်မည်။ စာသင်နှစ်တွင် Newton's Laws of Motion, အပူစွမ်းအင်၊ Periodic Table of Elements, ဓါတုဗေဒဓါတ်ပြုခြင်းများအစရှိသည့် သင်ခန်းစာများပါဝင်သော Physical Science အားအဓိကထား သင်ကြားသွားမည်ဖြစ်သည်။ ကျောင်းသား/သူများအနေဖြင့် ဤကြောင်းအရာများနှင့် ပတ်သက်၍ နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်နားလည်နိုင်ပြီး ၎င်းတို့၏ ပိုင်းခြားစိတ်ဖြာခြင်း၊ စူးစမ်းရှာဖွေခြင်း နှင့် အကျိုးသင့်အကြောင်းသင့် စဉ်းစားတွေးခေါ်ခြင်း စွမ်းရည်များအား ဖွံ့ဖြိုးလာစေနိုင်မည့် စိန်ခေါ်မှုပင်ဖြစ်သည်။

**Physical Education**

ကျောင်းသားများသည် အားကစားနှင့်ခန္ဓာကိုယ်ကျန်းမာရေးအတွက် နေ့စဉ်ပုံမှန်လုပ်ဆောင်ခြင်းကို မြတ်နိုးရန်နှင့်တိုးတက်သည့် သင့်လျော်သော ကာယပညာရေးဖြင့် ကျန်းမာသောဘဝကို ဦးဆောင်ရန် ဆက်လက်သင်ယူကြရပါမည်။ (၈)တန်းတွင် ပါဝင်သည့် အရည်အသွေးများမှာ ဗဟုသုတ၊ ဦးဆောင်မှု၊ စည်းရုံးနိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို အသင်းလိုက် ကစားမှုဘောင်အတွင်းရှိရန် အလေးထားပါသည်။ ယူနစ်တစ်ခုစီတိုင်းတွင် အားကစားပြိုင်ပွဲများနှင့် စာသင်နှစ်တစ်ပိုင်းစီတိုင်းအတွင်း သင်ကြားရသော အားကစားများမှာ အသင်းပေါင်းစုံပါဝင်သော အားကစားနေ့နှင့်အတူ အထွဋ်အထိပ်သို့ ရောက်ရှိနိုင်မည်။ ပါဝင်လှုပ်ရှားမှုအသီးသီးတွင် –

- ကာယကြံ့ခိုင်မှု၏ အရည်အသွေးတိုးတက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု
- ပူးပေါင်းပါဝင်လုပ်ဆောင်မှုများနှင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမှုနည်းသည့် ကစားနည်းများ
- ကျွမ်းကျင်သောပစ်ခြင်းနှင့် ဖမ်းခြင်းအတွက် အဖွဲ့လိုက် လက်ပစ်ဘော၊ ပြင်းထန်သော Frisbee ပစ်ကစားနည်းများ၊ softball နှင့် flag football ထောက်ပံ့ထားပါသည်။
- Volleyball ကစားနည်းတွင် သက်ဆိုင်ရာကစားနည်းစနစ်များ
- Badmenton ကစားနည်းတွင်လည်း ရိုက်ခြင်းနည်းစနစ်များ
- Dribbling ကစားနည်းတွင် basketball, soccer, hockey နှင့် football ကစားနည်းစနစ်များ
- ခုခံကာကွယ်မှုပုံစံနှင့် ထိုးဖောက်ကစားနည်း၊ ကစားနည်း ပရိယာယ်များ၊ အသင်းကိုခေါင်းဆောင်မှု အတတ်ပညာများနှင့် သွေးပူလေ့ကျင့်ခန်းပြုလုပ်ခြင်းများ ပါဝင်မည်။

**Health ကျန်းမာရေး**

ပျိုဖော်ဝင်ချိန် ကျောင်းသားများ၏ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာ၊ အယူအဆနှင့် ကျွမ်းကျင်မှုများရှိစေရန် အထောက်အပံ့ပေးအပ်ထားပါသည်။ မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်အဖွဲ့အစည်းနှင့်ပတ်သက်သော ပြဿနာများ၊ အစာအဟာရ၊ ဆက်သွယ်မှုနှင့်

ကိုယ်ရေးလုံခြုံမှုများ ရှိစေရန်လည်း ဆောင်ရွက်ထားပါသည်။ (၈)တန်း ကျောင်းသားများကိုလည်း ကျန်းမာသော လူမှုဘဝတည်ဆောက်တတ်စေရန် ကိုယ်တိုင်စီမံခန့်ခွဲမှုနှင့် တာဝန်သိတတ်မှုရှိသော ဆုံးဖြတ်ချက်များ ချမှတ်တတ်စေရန် လေ့ကျင့်ပေးထားသည်။ ကျောင်းသားများသည် –

- သက်တူလူငယ်များ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပတ်ဝန်းကျင်များ၌ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးချို့တဲ့မှုများကို လျှော့ချပေးခြင်း။
- မိမိအခြေအနေအပေါ် အသုံးချ၍ ကျန်းမာကြံ့ခိုင်မှု သဘောတရားများကို နားလည်လာခြင်း။
- အစားအစာအုပ်စုများကို နားလည်သဘောပေါက်၍ မိမိစားသောက်နေထိုင်မှုပုံစံကို ချင့်ချိန်တတ်စေခြင်း။
- လူသားတို့ကြီးထွားဖွံ့ဖြိုးလာမှုနှင့် လိင်ပိုင်းဆိုင်ရာများကို ခွဲခြားသိတတ်စေခြင်း။
- ကျန်းမာသောလူမှုအဖွဲ့အစည်း အပြုအမူလက္ခဏာရပ်များကို သိတတ်စေခြင်း။
- ရှေးဦးသူနာပြုစုခြင်း၊ CRP နှင့် ဆိုးရွားသော အခြေအနေမှ ကာကွယ်ခြင်းများကို လေ့လာခြင်းများ ပြုလုပ်ရမည်။

**Elective Choices (8) Grade**

**Chinese** (တစ်နှစ်)

**Spanish** (တစ်နှစ်)

ကျောင်းသားများသည် နိုင်ငံခြားဘာသာရပ်များကို (၆)တန်းနှင့် (၇)တန်းများ၌ ရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းစသော လေ့ကျင့်ခန်းများဖြင့် ထိတွေ့မှုဖြင့် မိတ်ဆက်ပေးခဲ့သည်။ မှန်ကန်သော ဝါကျတည်ဆောက်ပုံများနှင့် သဒ္ဒါလေ့ကျင့်ခန်းများအားဖြင့် အရေးနှင့်အပြောစွမ်းရည် တိုးတက်စေမည်။ နေ့စဉ်သုံး ဝေါဟာရများကို ကြွယ်ဝစေခြင်းဖြင့် လက်တွေ့အသုံးချရာ၌ ထိရောက်မှုရှိစေမည်။

**Band (တစ်နှစ်)**

တီးဝိုင်းကို တစ်နှစ်သင်တန်းတက်ရောက်ရန် စာသင်နှစ် အစောပိုင်းများတွင် ကတိပြုခဲ့သော ကျောင်းသားများသည် တေးဂီတ အခြေခံများကို (၇)တန်း တီးဝိုင်းများနှင့် ပုံမှန်လေ့ကျင့်ချိန်များ၌ စည်းကမ်းတကျ သင်ယူရန် အသင့်ရှိနေရမည်။ ကျောင်းသားများသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော် လည်းကောင်း မိမိတို့၏ တူရိယာများဖြင့် ထူးခြားဆန်းပြားသော တင်ဆက်မှုများ ဖန်တီးနိုင်စေရန် တွေးခေါ်စဉ်းစားလာတတ်စေသည်။ အများအားဖြင့် တူရိယာများမှာ clarinet, flute, saxophone, trumpet, trombone နှင့် percussion တို့ ဖြစ်သော်လည်း ဆရာများအနေဖြင့် ကျောင်းချိန်ပြင်ပ၌ အခြားတူရိယာများကိုလည်း အသုံးပြုခွင့်ပေးထားသည်။

**စုပေါင်းသီဆိုခြင်း (တစ်နှစ်)**

အတွေ့အကြုံလည်းရှိ၊ သီဆိုမှုကိုလည်းနှစ်သက်သူ ကျောင်းသား/သူများအတွက် Gr.8 မှ ပိုမိုစူးစိုက်မှုနှင့်အတူ ဂီတအတွေ့အကြုံသင်ခန်းစာ အသစ်ကို ပေးပါမည်။ တစ်ဦးချင်း၏ စွမ်းရည်များပိုမိုတိုးတက်လာသည်နှင့်အမျှ ကျင့်ဝတ်၊ တာဝန်ယူမှု၊ တာဝန်ခံနိုင်စွမ်း အစရှိသော အကျင့်ကောင်းများသည် စုပေါင်းတေးသီဆိုခြင်းအား အောင်မြင်မှုဖြစ်ပါမည်။

**အနုပညာ (တစ်နှစ်)**

ကျောင်းသား/သူများအနေဖြင့် ယမန်နှစ်များကထက် အနုပညာ ဆက်သွယ်မှုနှင့် နည်းလမ်းများ ပိုမိုနက်ရှိုင်းစွာ လေ့လာသိရှိနိုင်မည်။ ကိုယ်တိုင်တွေ့ကြုံမှုနှင့် ဖြေရှင်းမှုတို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် အနုပညာဖန်တီးမှုစွမ်းရည်မြင့်တက်စေမည်ဖြစ်သည်။ တစ်ဦးချင်းနှင့်အုပ်စုလိုက်လုပ်ငန်းများပါဝင်မည်ဖြစ်ကာ၊ ဥပမာအားဖြင့် အုပ်စုလိုက် နံရံရေးပန်းချီဆေးခြယ်ခြင်းကို လုပ်ဆောင်ရမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းအားလုံးတို့သည် ကျောင်းသား/သူတို့၏ ကိုယ်ပိုင်အရည်အသွေးကို မြှင့်တင်ပေးရန် တီထွင်ဖန်တီးမှုစွမ်းအားကို ပေးရန်နှင့် ၎င်းတို့၏ အနုပညာလက်ရာများကို အင်္ဂလိပ်ဘာသာစကားဖြင့် ရေးရန်၊ ပြောရန်အစရှိသည့်တို့အတွက် သေချာစွာ စီမံဆောင်ရွက်ထားပေးခြင်းဖြစ်သည်။ ဤလက်တွေ့လုပ်ငန်းများမှ (အရောင်) ပေါင်းစပ်ခြင်း၊ မတူကွဲပြားခြားနားမှု၊ အရောင်၊ အနုပညာတီထွင်ကြံဆမှုနှင့် ဖန်တီးမှုစသည့် အရည်အသွေးများကို ပိုမိုတောက်ပြောင်လာစေမည်ဖြစ်သည်။

**ပြဇာတ် (တစ်နှစ်)**

ကျောင်းသား/သူများ Gr.6 နှင့် Gr.7 တွင် သင်ကြားလေ့လာခဲ့ရသော အခြေခံနည်းလမ်းနှင့် စွမ်းရည်များကို တစ်ဆင့်ချဲ့ထွင်၍ သင်ကြားပေးသော သရုပ်ဆောင်ကပြမှုနှင့် အနုပညာထုတ်လုပ်မှုဖြစ်သည့် သရုပ်ဆောင်မှုပညာရပ်ကို အထူးပြုလေ့လာသူတို့အတွက်

လိုသည်ကိုဖြည့်စွက်နိုင်စွမ်း ပြဇာတ်တစ်ခန်းချင်းလုပ်ဆောင်မှုနှင့် ပြဇာတ်/ကပွဲရုံ တင်ဆက်ဖျော်ဖြေမှုတို့ကို လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ကပွဲအစအဆုံး တင်ဆက်မှုစွမ်းရည် (ဇာတ်ခုံနည်းပညာ၊ ဒီဇိုင်းရေးဆွဲမှုနှင့် ဝတ်စားဆင်ယင်မှုအပါအဝင်) ကိုလည်း လက်တွေ့နယ်ပယ်၌ လေ့လာဆောင်ရွက်ကြရမည်ဖြစ်သည်။

## အခြားဘာသာသုံးလူမျိုးများအတွက် အင်္ဂလိပ်စာ (ESOL)

အင်္ဂလိပ်စာလေ့လာရာတွင် အပိုဆောင်းအကူအညီလိုအပ်သော ကျောင်းသား/သူများအတွက်ဖြစ်သည်။ ဤဘာသာကိုယူရမည့် ကျောင်းသား/ သူများသည် မိမိနှင့်တူညီသည့် ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ဝင်ဆန့်နိုင်ရန် ဆက်သွယ်ရေးနှင့် အခြေအနေအလိုက် အသုံးပြု ရမည့် အင်္ဂလိပ်ဘာသာစကားအတွက် အခက်အခဲရှိသူများဖြစ်သည်။ ထိုသို့သော မျှော်လင့်ချက်နှင့်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် အလို့ငှာ ဘာသာဗေဒ၊ ပညာရပ်ဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုတို့ တိုးတက်လာစေရန်နှင့် မိမိတို့ကျောင်း၏ ဆောင်ရွက်နေမှုများကို နားလည်သဘောပေါက်လာစေရန် လိုအပ်ကြောင်း ESOL ဌာနမှ ကောင်းစွာသိရှိသဘောပေါက်ထားပါသည်။ ထို့အတွက် ကူညီနိုင်ရန်၊ လူမှုဆက်ဆံရေးဆိုင်ရာ ဘာသာစကားကျွမ်းကျင်မှုအတွက် (၂)နှစ်ခန့်အပ်လို၍၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုအတွက် (၅)နှစ်မှ (၇)နှစ်အထိ လိုအပ်သည်။

ထို့အတွက်ကြောင့် ESOL မှ ချမှတ်ထားသော အစီအစဉ်၌၊ အင်္ဂလိပ်ဘာသာဖြင့် အရေး၊ အပြော၊ အကြား၊ အဖတ်တို့တွင် ကျွမ်းကျင်လာစေရန်၊ ဘာသာစကားသုံး ဝါကျတည်ဆောက်ပုံတို့ကို သင်ကြားပေးနိုင်ရန် နည်းလမ်းမျိုးစုံပါဝင်ပါသည်။ ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် နည်းလမ်းများအား အသုံးပြုမည်ဖြစ်သည်။
အချို့မှာ–

| | | |
|---|---|---|
| <u>ပါဝင်ခြင်း</u> | – | ESOL ဆရာမှ ဘာသာရပ်သင်ကြားမှု အတန်းများသို့ သွားရောက်၍ ကျောင်းသားများအား အထောက်အကူဖြစ်စေခြင်း |
| <u>တိုင်ပင်ဆွေးနွေးခြင်း</u> | – | ESOL ဆရာများနှင့် အတန်းပိုင်ဆရာ (သို့) ဘာသာရပ်ဆိုင်ရာဆရာများတွေ့ဆုံ၍ နည်းလမ်းညှိနှိုင်းခြင်း၊ သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သူအတွက် အစီအစဉ်ရေးဆွဲခြင်း |
| <u>ESOL အရင်းအမြစ်</u> | – | ဘာသာရပ်ဆိုင်ရာ ပါဝင်မှုလိုအပ်ချက်ကို ESOL ဆရာနှင့်ကျောင်းသားများ အတူတကွ လေ့လာသုံးသပ်ပြီး သင်ကြားမှု အထောက်အကူပြု စာရွက်စာတမ်းများ၊ စစ်ဆေးမှုနှင့်အိမ်စာပြုလုပ်ခြင်းတို့ဖြင့် တတ်မြောက်မှုကိုရယူရန် |

ထို့အပြင် ESOL ဆရာမှ English အတန်းများ၌ အင်္ဂလိပ်စာဘာသာရပ်၏ အခြေခံများကို English ဆရာ/မများက တောင်းဆိုပါက သွားရောက်သင်ကြား ပို့ချပေးမည်ဖြစ်သည်။ ၎င်းပို့ချချက်သည် အင်္ဂလိပ်စာလေ့လာနေသော ကျောင်းသားများ၏ လိုအပ်ချက်အရ တစ်ခန်းလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသ (အုပ်စုတစ်စု)ဖြစ်စေ ၄င်းတို့အတွက် ရည်ညွှန်းသည်။ မိမိ၏သက်ဆိုင်ရာ စာသင်ခန်းများအတွင်း၌ ပြည့်စုံအောင်မြင်စွာ ဆောင်ရွက်လာနိုင်သော အချိန်တွင် ထိုကျောင်းသား/သူအား စိစစ်၍ ESOL ပို့ချမှုမှ ကင်းလွတ်စေမည်ဖြစ်သည်။

ချမှတ်ထားသည့် ပေါ်လစီအရ PreK – Gr.12 အထိ ISM တွင်ကျောင်းအပ်လိုသော ကျောင်းသား/သူအားလုံးသည် အခြားသော နိုင်ငံတစ်ကာအသိအမှတ် ပြုကျောင်းများတွင် နှစ်ပေါင်းများစွာတက်ရောက်ခဲ့ပြီး၊ အခြားကျောင်းမှ ပညာရေးမှတ်တမ်း အဆင့်သတ်မှတ်ချက်များပါရှိသော်လည်း ပြန်လည်စစ်ဆေးခြင်းခံရမည်ဖြစ်ပါသည်။ ထိုစစ်ဆေးခြင်းတွင် ကျောင်းသား/သူ၏ ဘာသာစကားကျွမ်းကျင်မှုတတ်မြောက်မှုအပေါ်တွင် အခြေခံ၍ကျောင်းအပ်လက်ခံခြင်းအား ဆုံးဖြတ်သွားမည်ဖြစ်သည်။ ယခုကဲ့သို့စစ်ဆေးခြင်းအား ISM တွင်ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောင်းသား/သူများအား ထိုကဲ့သို့ စစ်ဆေးရာတွင် အခကြေးငွေပေးဆောင်စရာမလိုပဲ ကျောင်းသား/သူအသစ်များ၏ မိဘများအားလုံးကို စစ်ဆေးမှုရလဒ်အားအကြောင်းကြားပေးသွားမည်ဖြစ်သည်။

အကယ်၍ ISM ကျောင်းသို့ တက်ရောက်ခွင့်ရသည့် ကျောင်းသား/သူ၏ ရမှတ်သည်အလွန်နိမ့် နေပါက ကျောင်းအနေဖြင့် စိတ်ကြိုက်ရွေးချယ်ခွင့် သုံးခုထဲမှ တစ်ခုအား ကမ်းလှမ်းသွားမည်ဖြစ်သည်။ ၁.) ကျောင်းသား/သူအနေဖြင့် ISM သို့တက်ရောက်ခွင့် မရခြင်း။ ၂.) ကျောင်းသား/သူအား မိမိ၏အင်္ဂလိပ်စာ ဘာသာစကားစွမ်းရည် တိုးတက်လာစေရန် အတန်းနိမ့်၍ လက်ခံခြင်း။ ၃.) ကျောင်းသား/သူသည် မိမိယခင်ကတက်ခဲ့သည့် အတန်းအတိုင်း ကန့်သတ်ချက်ဖြင့် တစ်နှစ်ထပ်မံ၍တက်ရောက်ရမည်ဖြစ်သည်။

ကျောင်းသား/သူသည် ပုံမှန်အတန်းထဲတွင် အောင်မြင်အောင်လုပ်ဆောင်နိုင်ပါက ESOL အစီအစဉ်တွင် ဆက်လက်တက်ရောက်ရန် မလိုအပ်တော့ပါ။

## စာကြည့်တိုက် (Library)

အလယ်တန်းကျောင်း၏ တတိယထပ်တွင် တည်ရှိသည်။ ၎င်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများအား အသိပညာ ဗဟုသုတရစေရန်နှင့်၊ ကျောင်း၏သင်ကြားရေး သင်ယူရေးရလဒ်များအတိုင်း ကျောင်းသားများ အမြင့်ဆုံးစံအထိ ရရှိစေနိုင်ရန် စာပေဖတ်ရှုမှု လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်ဖြစ်သည်။ စာကြည့်တိုက်၌ စုဆောင်းထားရှိမှုများသည် စာဖတ်သူများ၏ အဆင့်နှင့်အရည်အချင်းအရ အထောက်အကူဖြစ်စေရန်၊ ကျောင်းသားများ၏ စိတ်ဝင်စားမှုနှင့်ကိုက်ညီစေရန်၊ ယဉ်ကျေးမှုနောက်ခံ မတူညီမှုများ ပျံ့နှံ့မှုကို သိရှိရန်နှင့် ကျောင်းသင်ရိုးညွှန်းတမ်းကို အခြေခံသော သုတေသနပြုမှု၊ ရှာဖွေမှုတို့ကို အထောက်အကူပြုရန် စသည်တို့နှင့်ကိုက်ညီအောင် ဆောင်ရွက်ထားသည်။ ကျောင်းသားများသည် စာကြည့်တိုက်သို့ ဆရာနှင့်အတူတကွဖြစ်စေ၊ အားလပ်ချိန်များ၌ဖြစ်စေ လာရောက်အသုံးပြုနိုင်သည်။ တစ်ခါတစ်ရံတွင် ဆရာမှကျောင်းသားအုပ်စုတစ်စုကိုဖြစ်စေ၊ စာပေလေ့လာရေးဆိုင်ရာ အုပ်စုတစ်စုဖြစ်စေ ဦးဆောင်၍ လိုအပ်သော ရှာဖွေမှုကိုလာရောက်လုပ်ဆောင်လေ့ရှိသည်။ ထိုသို့လုပ်ဆောင်ရန် ကွန်ပျူတာအနည်ငယ်ရှိသည်။ စာကြည့်တိုက်အတွင်း သတ်မှတ်ထားသော ကျင့်ဝတ်လိုက်နာရန် စည်းကမ်းများမှာ အလယ်တန်းကျောင်း၏ အခြားနေရာသတ်မှတ်ချက်များအတိုင်း ဖြစ်သည်။

## MAP စစ်ဆေးခြင်း

ISM မှ ကြီးကြပ်စစ်ဆေးပေးသော ပညာတိုးတက်မှု အရည်အချင်းစစ်ဆေးခြင်း ဖြစ်သည်။ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်အတွက် တတ်မြောက်မှုအဆင့်သတ်မှတ်ပေးသည်။ နှစ်အလိုက်တိုးတက်မှု မှတ်တမ်းကိုလည်းပေးသည်။ တစ်နှစ်နှစ်ကြိမ်ဖြေဆိုရန် နှစ်စနှင့်နှစ်ဆုံးဖြစ်သည်။ အချို့ကျောင်းသားများမှာ တတိယအကြိမ်ဖြေဆိုနိုင်ပြီး ၎င်းမှာ ဘာသာရပ်တစ်ခုနှင့် တတ်ကျွမ်းမှု တိုးတက်လာခြင်းစသည့်ဖြစ်စဉ်များအတွက်ဖြစ်သည်။

MAP စစ်ဆေးမှုကို ကွန်ပျူတာဖြင့် ဖြေဆိုရမည်ဖြစ်ပြီး ကျောင်းသား၏ အရည်အချင်းတိုးတက်မှု အသေးစိတ် (လိုအပ်ချက်နှင့် ထောက်ပံ့ပေးနိုင်မှု အပါအဝင်)ကို ဆရာနှင့် မိဘများထံသို့ တင်ပြပေးမည်ဖြစ်သည်။ ၎င်းမှာ သင်ကြားမှုနှင့် လေ့လာမှုတို့အတွက် ကောင်းစွာအထောက်အကူဖြစ်စေနိုင်မည်။

MAP စစ်ဆေးမှုများသည် ISA စစ်ဆေးမှုများနေရာတွင် အစားထိုးဝင်ရောက်လာခြင်းဖြစ်ပြီး ၎င်းမှာ MAP စစ်ဆေးမှုများ၏ အသုံးဝင်မှုပိုမိုခြင်း၊ တစ်ခုလျှင်စစ်ဆေးချိန် တစ်နာရီကြာမြင့်သည့်အတွက် စာသင်ချိန်ထိခိုက်မှုမှ လျော့နည်းခြင်း၊ စစ်ဆေးမှုနှင့် အရည်အချင်း အသေးစိတ်ကိုမှု တူညီစွာဖော်ပြနိုင်ခြင်း စသည့်အားသာချက်များကြောင့်ဖြစ်သည်။

မိဘများမှ ပိုမိုသိရှိလိုပါက [www.nwea.org](http://www.nwea.org) မှ Parent Toolkit အစီအစဉ်ကို ကူးယူ၍ ဖတ်ရှုနိုင်ပါသည်။

## လေ့လာရေးခရီးများ

ကျောင်းပြင်ပလေ့လာရေးခရီးများသည် ကျောင်းသားများအတွက် ကျောင်း၊ စာအုပ်၊ အိမ်စာ အစရှိသည်တို့မှ ကင်းလွတ်၍ ၎င်းတို့၏ ဘဝတစ်လျှောက်လုံးအတွက် လိုအပ်သော လေ့လာသင်ကြားမှုကို ပေးသော ပဓာနကျသည့် အခြေခံလိုအပ်ချက်ဖြစ်သည်။ ပတ်ဝန်းကျင်လေ့လာမှု၊ ပြတိုက်၊ စိတ်ဝင်စားဖွယ်နေရာ အစရှိသည်တို့ကို သွားရောက်လေ့လာခြင်း၊ လူတွေ့မေးမြန်းမှု ပုဂ္ဂိုလ်ဆိုင်ရာ သမိုင်းကြောင်း၊ ဘဝဇာတ်ကြောင်း အစရှိသည်တို့ကို ကိုယ်တိုင်ကြားသိရခြင်းနှင့် မိမိရောက်ရှိနေသောနေရာနှင့် အနီးအဝေးဝန်းကျင်များသို့ စူးစမ်းရှာဖွေမှုများပြုလုပ်နိုင်ခြင်း အစရှိသည်တို့မှ ကိုယ်ပိုင်တစ်ဦးချင်း အရည်အသွေး ပိုမိုတောက်ပြောင်လာစေနိုင်သည်။ ကျောင်းမှဆရာတစ်ဦး သို့မဟုတ် ဆရာများဦးဆောင်၍ အတန်းလိုက်ဖြစ်စေ၊ Grade အလိုက်ဖြစ်စေ၊ တစ်နေ့စာလေ့လာရေးခရီးများကိုလည်း သွားရောက်ရမည်ဖြစ်သည်။

## နံရံမဲ့ ရက်သတ္တပါတ်

ပထမနှစ်ဝက်အဆုံး သို့မဟုတ် ဒုတိယနှစ်ဝက်အတွင်း၌ သွားရောက်လေ့လာရန် စီစဉ်ထားသော ပြည်တွင်းခရီးစဉ်ဖြစ်သည်။ ၎င်းမှာ ISM ၏ ကျောင်း၏ ပညာရေး အစီအစဉ် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သကဲ့သို့ ကျောင်း၏အစဉ်အလာ လေ့တစ်ခုလည်း ဖြစ်သည်။ ဤခရီးစဉ်သည် အားလပ်ရက် အပန်းဖြေခရီးတစ်ခု မဟုတ်ပါ။ ကျောင်းသင်ရိုးညွှန်းတန်း၏ ချဲ့ထွင်အခန်းကဏ္ဍ၊ သင်ရိုးပြင်ပ ဖြစ်သည်နှင့်အညီ ကျောင်းနံရံများအတွင်းမှထွက်၍ လက်တွေ့လေ့လာသင်ကြားရသော အခွင့်အလန်းတစ်ခုဖြစ်သည်။ WWW သည် အလယ်တန်းကျောင်းသားများအတွက် စာသင်နှစ်တစ်နှစ် ပြည့်စုံရန် လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤခရီးစဉ်အတွက် စ လည် ဆုံး ကျောင်းသားများ ကိုယ်တိုင်ပါဝင်၍ ကျောင်းစာပြင်ပ (သင်ရိုးနှင့်ဆန့်ကျင်ဘက်) သုတေသနပြုမှုများ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ခရီးမှပြန်လည်ရောက်ရှိလာသောအခါ နောက်ဆက်တွဲ အိမ်စာများနှင့် သုတေသနစီမံကိန်းများ အစရှိသည်တို့ကို ပြုလုပ်ဆောင်ရွက်ရန်ဖြစ်သည်။

WWW သည် ကျောင်းစာသင်ရိုးအပြင်၊ ကျောင်းသားများအား မိမိတို့၏ အိမ်နှင့်မိသားစုတို့မှ ဝေးကွာ၍ သို့သော် အုပ်ချုပ်သူများ၏ ကြီးကြပ်မှုအောက်မှ လုံခြုံစိတ်ချရသော အခြေအနေတွင် ကိုယ်တိုင်လက်တွေ့ ဗဟုသုတ၊ အတွေ့အကြုံ၊ အသိအမြင် စသည်တို့ကို ရှာဖွေနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဤသို့သော အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံသင်ခန်းစာတို့မှ တစ်ဆင့် မိမိကိုယ်ကိုယ်ယုံကြည်မှု၊ တာဝန်ယူမှု၊ လောင်းရိပ်မဲ့ လွတ်လပ်မှုစသည်တို့ကို တည်ဆောက်နိုင်ခြင်း၊ ထို့အပြင် နောင်အခါသွားရောက်မည့် အင်္ဂလိပ်စာအသုံးချ တက္ကသိုလ် ကောလိပ်များအတွက်လည်း လိုအပ်ချက်တစ်ခုကို ကြိုတင်ပြင်ဆင်မှု အခန်းကဏ္ဍအနေဖြင့် ဆောင်ရွက်ပေးထားခြင်းဖြစ်သည့် အတွက် အလွန်အရေးပါသော အစီအစဉ်တစ်ခုလည်းဖြစ်သည်။

ကျောင်းသားများအနေဖြင့် အလယ်တန်းမှ grade level တစ်ခုချင်းအလိုက် ၎င်းတို့၏ ဘာသာရပ်သင် အတန်းပိုင်ဆရာများ၊ အထူးပြုဘာသာရပ်သင် ဆရာများ၊ မြန်မာနိုင်ငံသား လက်ထောက် ဆရာ/ ဆရာမများနှင့်အတူ သွားရောက်ရသော ခရီးစဉ်များဖြစ်သည်။ လက်ရှိသတ်မှတ်ထားချက်အရ (၆)တန်းကျောင်းသား/ကျောင်းသူများသည် ပြည်မြို့သို့ (၃)ညအိပ်ခရီး၊ (၇)တန်းကျောင်းသား/ကျောင်းသူ များသည် မန္တလေးအခြေစိုက်၍ မြန်မာနိုင်ငံ၏ မြို့တော်များဖြစ်သည့်/ဖြစ်ခဲ့သည့် နေပြည်တော်၊ မန္တလေး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းနှင့် အင်းဝတို့သို့ (၄)ညအိပ်ခရီး၊ (၈)တန်း ကျောင်းသား/ကျောင်းသူများသည် အင်းလေးဒေသနှင့် ရှမ်းပြည်နယ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ အရေးတကြီး စိန်ခေါ်ချက်များနှင့် ဒေသန္တရဗဟုသုတတို့ကို လေ့လာနိုင်ရန် (၅)ညအိပ်ခရီး အစရှိသည်တို့ကို WWW ခရီးစဉ်များအဖြစ် စီစဉ်ထားရှိသည်။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့အနေနှင့် ကျောင်းသားများ ဤခရီးစဉ်ကို ငွေကြေးဆိုင်ရာ အခက်အခဲမရှိစေဘဲ ဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ်ကို တတ်နိုင်သမျှ သင့်တင့်မျှတမှုအရှိဆုံးဖြစ်အောင် စီမံပေးထားပါသည်။ မိဘများ၏ ခွင့်ပြုချက်ရယူရန် စာလွှာနှင့်ပုံစံများ၊ ခရီးစဉ် အစီအစဉ် နှင့် ကျသင့်စရိတ် အစရှိသည်တို့ကို မိဘများထံသို့ တစ်ရက်တာခရီးစဉ်အတွက် (၂)ပါတ်ကြို၍ လည်းကောင်း၊ WWW ခရီးစဉ်အတွက် တစ်လကြို၍ လည်းကောင်း အကြောင်းကြားပေးပါသည်။

## အထောက်အကူပြုဝန်ဆောင်မှုများ။ ။

### ကျောင်းဆင်းချိန် အထောက်အကူပြုအစီအစဉ် ။ ။

ဆရာ/ဆရာမများအနေနှင့် ရက်သတ္တတစ်ပါတ်အတွင်း အချို့ရက်များတွင် ညနေ (၃)နာရီမှ (၄)နာရီအတွင်းနှင့် နံနက် (၇)နာရီ (၄၅)မှ (၈)နာရီ (၁၀)မိနစ်အတွင်း ကျောင်းသားများ၏ အပိုသင်ခန်းစာ အထောက်အကူပြုရန် အချိန်များအားလပ်ပါသည်။ မိမိ၏သင်ခန်းစာ အတွက် လိုအပ်ချက်ရှိသော ကျောင်းသားမှ ဆရာ၏ အကူအညီကိုတောင်းခံလိုပါက သက်ဆိုင်ရာဆရာနှင့် ဆွေးနွေး၍ အချိန်တစ်ခုသတ်မှတ်ပေးရန် တောင်းဆိုနိုင်သည်။ ဆရာအနေနှင့်လည်း အခါအားလျော်စွာ ကျောင်းသားအား ကျောင်းဆင်းချိန် အချိန်တစ်ချိန် သတ်မှတ်ပေး၍ အထောက်အပံ့ပေးရမည်ဖြစ်သည်။ ထိုသို့သော အစီအစဉ်များအတွက် သက်ဆိုင်ရာ မိဘများအား ကြိုတင်၍ အသိပေးရမည်ဖြစ်သည်။ အကယ်၍ ကျောင်းသားမှ ကျောင်းဆင်းချိန်အတွက် အဆင်မပြေခဲ့သည့်ရှိသော် ဆရာများမှ ကျောင်းမတက်မီသော် လည်းကောင်း၊ ကျောင်းချိန်အတွင်းသော် လည်းကောင်း စီစဉ်ပေးရန်ဖြစ်သည်။

## Support and Counseling

အလယ်တန်းကျောင်း၏ counseling program သည်ကျောင်းသား/သူများအောင်မြင်စေရန် အထောက်အကူပြုသည့် လမ်းညွှန်ပြသပေးသည့်သင်ခန်းစာများ၊ မဆိုင်းမတွတုံ့ပြန်မှုပေး၍ ကူညီပေးခြင်း (responsive service)နှင့် ကျောင်းသား/သူတစ်ဦးချင်းစီအတွက် အစီအစဉ်များ တိုက်ရိုက် လုပ်ဆောင်ပေးပါသည်။

လမ်းညွှန်ပြသပေးသည့် သင်ခန်းစာများသည် စည်းမျဉ်းများနှင့်ကန့်သတ်စီစဉ်ထားပြီး၊ ဖွံ့ဖြိုးမှုနှင့်ဆိုင်သော အဆင်ပြေစေမည့် သင်ခန်းစာများကိုကျောင်းသား/သူများ၏ advisory classes များတွင် စီစဉ်ပေးပါသည်။ ထိုသင်ခန်းစာများသည် ကျောင်းသား/သူများ၏ မိမိကိုယ်တိုင်စွမ်းဆောင်နိုင်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေးနှင့် အနာဂါတ်အောင်မြင်မှုများနှင့် ပတ်သက်၍ စွမ်းရည်များနှင့် အမူအကျင့်များ မြှင့်တက်လာစေမည်ဖြစ်သည်။

Responsive service သည် ကျောင်းသား/သူလိုအပ်ချက်ကို တစ်ဦးချင်းစီ နှင့် အဖွဲ့ငယ်ဖွဲ့၍ ဆွေးနွေးလမ်းညွှန်မှုအားဖြင့် ချက်ခြင်းတုံ့ပြန် လုပ်ဆောင်ပေးပါသည်။ လူမှုရေးပြသနာများ၊ စိတ်ခံစားချက်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍အခက်အခဲရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးပိုင်း ရှုတ်ထွေးမှုများသည် ကျောင်းသား/သူများ၏ မည့်သည့်အသက်အရွယ်မဆို ပညာရေးအောင်မြင်အောင်စွမ်းဆောင်ရာ၌ စိတ်ပျံ့လွင့်စေပါသည်။ Responsive service သည် ကျောင်းသား/သူများကို ၎င်းတို့၏အတန်းတွင်း၌ ပြန်လည်သင်ယူနိုင်ရန် အဆင်သင့်ဖြစ်စေရန် ကူညီပေးပါသည်။ ကျောင်း၏ချမှတ်ထားသည့် ကန့်သတ်ချက်များကြောင့် responsive service အားကျောင်း၌ အချိန်တိုအတွင်း နှင့် အခြေခံစွမ်းရည်များအတွက်သာ ကူညီပေးနိုင်ပါသည်။

ကျောင်းသားတစ်ဦးချင်းစီအတွက် စီစဉ်လုပ်ဆောင်ပေးရာတွင် ကျောင်းသား/သူများ၏ မိမိကိုယ်ပိုင်ရည်မှန်းချက်များ တည်ဆောက်ခြင်း နှင့် အနာဂါတ်အစီအစဉ်များအတွက် ဖွံ့ဖြိုးစေသည့် လုပ်ရှားမှုများပါဝင်ပါသည်။ အကြံပေးပုဂ္ဂိုလ်သည် ကျောင်းသား/သူများ၏ဘဝတွင် လျှောက်လှမ်းရမည့် လမ်းကြောင်းများနှင့်ပတ်သက်၍ ၎င်းတို့နှင့်အတူတကွလုပ်ဆောင်သွားမည်ဖြစ်သည်။

မိဘများအနေဖြင့် ချစ်ခင်ရသူများဆုံးပါးသွားခြင်း၊ ကွာရှင်းပြတ်ဆဲထားခြင်း (သို့) မိသားစုအတွင်း အခြားသောပြောင်းလဲမှု အစရှိသည့် အကြောင်းကိစ္စများရှိပါက အကြံပေးပုဂ္ဂိုလ်နှင့် မိမိကလေးအားတွေ့ဆုံးဆွေးနွေးရန်အတွက် တောင်းဆိုရန် အလေးအနက်ထားတိုက်တွန်းအပ်ပါသည်။

## Academic Honesty

ISM ကျောင်းသည် ကျွန်ုပ်တို့၏အသိုင်းအဝန်းရှိလူများအားလုံးအပေါ် ရိုးသားဖြောင့်မတ်ခြင်း နှင့် လေးစားမှုရှိစေရန် အခြေခံတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကျောင်းတက်သည့် အခန်းကဏ္ဍအားလုံးတွင် ကျောင်းသား/သူအားလုံးသည် ကိုယ်ကျင့်တရားပိုင်းတင်းကျပ်ခြင်းနှင့် လူကျင့်ဝတ်နှင့်ဆိုင်ရာ အမူအကျင့်များနှင့်ပတ်သက်၍ စိတ်နှလုံးနှိမ့်ချခြင်းစသည်တို့ကို သတိပြုမှတ်သားရမည်ဖြစ်သည်။ ဤချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းချက်များအရ ISM အနေဖြင့် ပညာရေးနှင့်ပတ်သက်၍ မရိုးသားသည့် မည်သည့်နည်းလမ်းကိုမဆို (စာခိုးချခြင်း (cheating)၊ လိမ်ညာပြောဆိုခြင်း (lying)နှင့် သူတစ်ပါးပြုလုပ်ထားသည့်အရာအား တိုက်ရိုက်ကူးယူခြင်း (plagiarism)) လက်ခံပေးမည်မဟုတ်ပါ။

စာခိုးချခြင်း (cheating) ဆိုသည်မှာ ဥဇာစမ်းများ၊ assignment များနှင့်စာမေးပွဲများတွင် တရားမဝင်ကူးယူ ခိုးချခြင်းကိုဆို လိုပါသည်။ အခြားသောကျောင်းသား/သူကို မိမိပြုလုပ်ထားသောအရာများကို ကူးယူခွင့်ပြုခြင်းကိုလည်း ခိုးချသည်ဟုသတ်မှတ်ပါသည်။ မိမိကိုယ်တိုင်ပြုလုပ်ရမည့် အိမ်စာများကို အခြားသူအား ပြီးမြောက်အောင် လုပ်ဆောင်စေခြင်းကိုလည်း လိမ်လည်ခြင်း၏ဟု သတ်မှတ်ပါသည်။

လိမ်ညာပြောဆိုခြင်း (lying)ဆိုသည်မှာ ရည်ရွယ်ချက်ဖြင့် အမှန်တရားအား မည်သည့်နည်းလမ်းဖြင့်မဆို မှားယွင်းစွာဖော်ပြခြင်း (သို့) အမှန်တရားအား ဖော်ပြရန် ပျက်ကွက်ခြင်းတို့ကို ဆိုလိုပါသည်။

Plagiarism ဆိုသည်မှာ မည်သည့် စိတ်ကူးတင်ဆက်မှုများကိုမဆို၊ အတွေးအခေါ်များ (သို့) အခြားသူပိုင်ဆိုင်သော စကားလုံးများကို တိုက်ရိုက်ကူးယူခြင်းကိုဆိုလိုပါသည်။ စာအုပ်များထဲမှ စကားလုံးများ (သို့) စိတ်ကူးများကို ကူးယူခြင်း၊ internet sites၊ (သို့) အခြားသော ကျောင်း/သူများ အနေဖြင့် မူလအကြောင်းအရင်းအား ဥပမာပေး၍ ကျိုးကြောင်းဆီလျော်စွာ ဖော်ပြနိုင်စွမ်းမရှိခြင်းသည်လည်း တိုက်ရိုက်ကူးချခြင်းပင်ဖြစ်သည်။

ပညာရေးဆိုင်ရာရိုးသားမှုစည်းမျဉ်းများကို ချိုးဖောက်ကျူးလွန်မှုအား သိရှိသော်လည်း အကြောင်းကြားပြောဆိုခြင်းမရှိပဲ ထိမ်ချန်ထားခြင်းသည်လည်း ပညာရေးဆိုင်ရာ မရိုးသားခြင်းပင်ဖြစ်သည်။

အထက်ပါ စည်းမျဉ်းစည်းကမ်းများကို ကျူးလွန်သောကျောင်းသား/သူများသည် အောက်တွင်ဖော်ပြထားသည့် အကျိုးဆက်များကို ခံယူရမည်ဖြစ်သည်။

1st Offense in an academic year- ကျောင်းသား/သူသည် assignment (သို့) စာမေးပွဲရမှတ်တွင် 'သုည' မှတ်သာရရှိမည်ဖြစ်ပြီး၊ assignment ပြီးမြောက်သော်လည်း credit ရရှိမည်မဟုတ်ကြောင်း သိရှိထားရမည်ဖြစ်ပြီး မိဘများလည်း အသိပေးအကြောင်းကြားခြင်းခံရမည်ဖြစ်သည်။

2nd Offense in an academic year- ကျောင်းသား/သူသည် assignment တွင်ရမှတ် 'သုည' မှတ်သာရရှိမည်ဖြစ်ပြီး၊ assignment ပြီးမြောက်သော်လည်း credit ရရှိမည်မဟုတ်ခြင်း၊ ကျောင်းမှခေတ္တဆိုင်းငံ့ထားခြင်းနှင့် မိဘ၊ ကျောင်းသား/သူနှင့် ကျောင်းအုပ်ကြီးတို့အကြားတွေ့ဆုံစည်းဝေးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

3rd Offense in an academic year- ကျောင်းသား/သူသည် ကျောင်းမှထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်။

# Extracurricular Programs

## Afterschool Activities

ပုံမှန်ကျောင်းချိန်များထက် ပြင်ပလှုပ်ရှားမှုအစီအစဉ်များသည် ISM ကျောင်းအတွက် လွန်စွာအရေးကြီးလှပါသည်။ ကျောင်းသား/သူ အများစုသည် ကျောင်းဆင်းချိန် ပြင်ပလှုပ်ရှားမှု (ASAs)နှင့် အားကစားများတွင် ပါဝင်ကြပါသည်။ သင်ရိုးပြင်ပ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်သည့် ကျောင်းသား/သူများသည် ကျောင်းတွင် ပိုမိုကျောင်းမွန်စွာသင်ယူနိုင်ပါသည်။ ၎င်းတို့၏အသိုင်းအဝိုင်းတွင်လည်း ဆက်စပ်မှုရှိခြင်းနှင့် တက္ကသိုလ်အဆင့်သို့ရောက်ရှိသည့်အခါတွင် ပိုမိုအောင်မြင်မှုရရှိမည်ဖြစ်သည်။

အလယ်တန်းကျောင်းတွင် ASAs အားတစ်နှစ်ပတ်လုံး၌ အကြိမ်လေးကြိမ်ခွဲခြားထားပါသည်။ တစ်ကြိမ်စီတိုင်းတွင် activities များစွာ ပါဝင်ပါသည်။ ASA များသည် ဗုဒ္ဓဟူးနေ့၊ ညနေ ၃း၀၀နာရီ–၄း၀၀နာရီအထိဖြစ်သည်။ ကျောင်းပထမနှစ်ဝက် အစပိုင်းတွင် ASA list ကိုကျောင်းဧည့်ခန်းဆောင်တွင် ကြော်ငြာထားမည်ဖြစ်ပြီး၊ အတန်းပိုင်ဆရာ/ဆရာမမှ ဝေမျှပေးသွားမည်ဖြစ်သည်။ ASA တွင်တက်ရောက်ရမည့် ကျောင်းသား/သူများစာရင်းအား ကျောင်းထဲတွင် ကြော်ငြာပေးသွားမည်ဖြစ်သည်။ ကျောင်းသား/သူများသည် မိမိတို့ရွေးချယ်ထားသည့်activity အားသတ်မှတ်ထားသည့် အချိန်အတိုင်း တက်ရောက်ရမည်ဖြစ်သည်။ လက်ရှိလှုပ်ရှားမှုများတွင် လူမှုရေးအသင်းအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ Board games ၊အက၊ ဂီတ၊ ချက်ပြုတ်ခြင်း၊ အားကစားများ (အားကစား အစီအစဉ်တွင် မပါဝင်သေးသည့် ကစားနည်းများ)၊ ကမ္ဘာ့ဂန္တဝင်လှုပ်ရှားမှုများ... 

## Community Sevrice

အလယ်တန်းကျောင်းတွင် သင်ယူမှု အထောက်အကူပြုဆရာတစ်ယောက်ထားရှိ၍ ကျောင်းသားတစ်ဦးချင်းသော် လည်းကောင်း၊ အုပ်စုငယ်များနှင့်သော် လည်းကောင်း ၎င်းတို့၏ သင်ယူလေ့လာမှု အခက်အခဲရှိသူများအား ဆွေးနွေးလမ်းညွှန်မှုပြုလျက်ရှိသည်။ ဤဆရာမှ ကျောင်းမှ ချမှတ်ထားသော ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် အထက်ပါ ကျောင်းသား/သူများ၏ မိဘ၊ ဆရာသမားတို့နှင့် ညှိနှိုင်းကာ သင့်လျော်သောနည်းလမ်းများအား ရှာဖွေရှင်းပြပေးသည်။ ၎င်းမှ မိဘများအား ပညာရေးနှင့်ပတ်သက်သော စိတ်ပညာလေ့လာမှုကောင်းကျိုးများနှင့် ISM ကျောင်းနှင့် မကိုက်ညီသော ကျောင်းသား/သူများအတွက် လိုအပ်ချက်အရ အခြားသင့်တော်သော ပတ်ဝန်းကျင်အစရှိသည်တို့ကို ကူညီညွှန်ပြပေးသည်။ ထို့အပြင် လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုတို့အတွက် ဆွေးနွေးလမ်းညွှန်မှု လိုအပ်နေသော ISM ကျောင်းသား/သူများအား ကျောင်းတွင်းသင်ခန်းစာများ သင်ကြားရာတွင် ပိုမိုအောင်မြင်စေရန် ကူညီလမ်းညွှန်ပေးလျက်ရှိသည်။ ကျောင်းအုပ်ကြီးနှင့် ဆရာများမှ ထောက်ခံချက်ဖြင့် တစ်ဦးချင်းတွေ့ဆုံရန် လိုအပ်သော ကျောင်းသား/သူများသည် ဤအကြံပေးပုဂ္ဂိုလ်နှင့်တွေ့ဆုံလမ်းညွှန်မှုခံယူနိုင်ရန် အချိန်သတ်မှတ်စီစဉ်ပေးသည်။ အချို့သောကိစ္စရပ်များ၊ ဥပမာ–စာသင်ခန်းအတွင်း ဗိုလ်ကျစိုးမိုးမှုများ ဖြစ်ပွားခဲ့လျှင် အတန်းပိုင်ဆရာများမှ ဤအကြံပေးပုဂ္ဂိုလ်ဆရာမအား အကူအညီတောင်းလျက် အစုအဖွဲ့နှင့်အလေးဂရုထားခြင်း လှုပ်ရှားမှုသင်ခန်းစာကို သက်ဆိုင်ရာ အစုအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ စာသင်ခန်းအတွင်း၌ ဆောင်ရွက်စေလျက် ဖြေရှင်းပေးသည်။ မိဘများအနေနှင့်လည်း မိမိတို့မိသားစုအတွင်း မိသားစုတစ်ဦး သေဆုံးမှု၊ မိဘနှစ်ပါးကွာရှင်းမှု အစရှိသည့် အပြောင်းအလဲများ ဖြစ်ပေါ်လာပါက ၎င်းတို့၏ သားသမီးများအား ဤဆရာမနှင့်တွေ့ဆုံ လမ်းညွှန်မှုခံယူနိုင်ရန် တောင်းဆိုနိုင်သည်။

## Middle School Drama Club

အလယ်တန်းကျောင်း drama club အား ဗုဒ္ဓဟူးနေ့တိုင်းနှင့် ကြာသပတေးနေ့တိုင်း ညနေ ၃း၀၀နာရီ–၄း၀၀နာရီအထိ အစမ်းလေ့ကျင့်ခြင်းပြုလုပ်ပါသည်။ စာသင်နှစ်တစ်နှစ်လျှင် ပြဇာတ် ၂ပုဒ်အား ကပြရန်ရည်မှန်းထားပြီး၊ ဒီဇင်ဘာလတွင်တစ်ပုဒ်နှင့် မေလတွင် တစ်ပုဒ်ကပြသွားမည်ဖြစ်သည်။ Drama club အားအတန်းသုံးတန်းစလုံး (၆၊၇၊၈တန်း)မှကျောင်းသား/သူအားလုံး ပါဝင်နိုင်ပါသည်။

## Sports Programs

ကျောင်းအားလုံးသည် အားကစားတစ်မျိုး (သို့) တစ်မျိုးထက်ပို၍ ပါဝင်လှုပ်ရှားရန်တိုက်တွန်းပါသည်။ အလယ်တန်းကျောင်းတွင် သင်ယူမှုစွမ်းရည်များ၊ ပျော်ရွှင်စရာကောင်းခြင်းနှင့် အားကစားနည်းသစ်များ ရှာဖွေလှုပ်ရှားပျော်ရွှင်ကြရန်ဖြစ်သည်။ စိတ်ဝင်စားသည့် ကျောင်းသား/သူတိုင်း ပါဝင်ကစားကြရန်နှင့် လူတိုင်းပါဝင်ကစားနိုင်သည့်အချိန်များကို ချမှတ်သည့် အစီအစဉ်ဇယားများအတိုင်း လေ့ကျင့်ကစား ရန်တိုက်တွန်းပါသည်။ ဘတ်စကက်ဘော၊ ဘောလီဘော၊ ဘောလုံး၊ တောလမ်းဖြတ်ပြေးပြိုင်ပွဲ၊ ရေကူး၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက်ကစားနည်းများကို ကစားနိုင်ပါသည်။ ဤအားကစားနည်းများတွင် ပါဝင်ခြင်းသည် အဆင့်မြင့်ကစားနည်းဖြစ်၍အသင်း A နှင့် B ဟူ၍ရှိပြီး ကျောင်းသားတိုင်း ရန်ကုန်ရှိအခြား International ကျောင်းသုံးကျောင်းဖြင့် ယှဉ်ပြိုင်နိုင်ရန် ခွင့်ပြုထားပါသည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့်ကြာသာပတေးနေ့ နေ့တိုင်းတွင် လေ့ကျင့်မှုကို အခါလျော်စွာပြု

လုပ်လေ့ရှိပြီး၊ ထိုနေ့တွင်ပင် ပြိုင်ပွဲများလည်း ရှိတတ်ပါသည်။ ရာသီတစ်ခုပြီးဆုံးတိုင်း စနေနေ့တွင် ကျင်းပသည့်ပြိုင်ပွဲများ ရှိမည်ဖြစ်သည်။

ISM အသင်းတွင် ပါဝင်ကစားသည့်ကျောင်းသား/သူများသည် ကျောင်းကိုယ်စားပြုသူများဖြစ်ပြီး အသင်းအတွက် အဆင့်မြင့်မြင့်စုပေါင်းကစားရန်နှင့် အားကစားစိတ်ဓာတ်၊ လေးစားမှုစိတ်ဓာတ်ရှိရန် မျှော်လင့်ပါသည်။ အကယ်၍ လေ့ကျင့်မှုပျက်ကွက်လျှင်သော်လည်းကောင်း၊ စာသင်ယူမှုတွင်နောက်ကျ ကျန်ရစ်လျှင်သော်လည်းကောင်း၊ ကျောင်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်းနှင့် ထိုနေ့ရက်တွင် ကျောင်းတက်ပျက်ကွက် ခဲ့လျှင်သော်လည်းကောင်း အခြားကျောင်းနှင့် ယှဉ်ပြိုင်ကစားမှုကို ခွင့်ပြုမည်မဟုတ်ပါ။

## Guidelines, Policies, Routines လိုက်နာရမည့်ကျင့်ဝတ်၊ မူဝါဒနှင့်လုပ်ရိုးလုပ်စဥ်များ

## Assessment (or) Evaluation and Feedback (အကဲဖြတ်ခြင်း (သို့မဟုတ်) တန်ဖိုးဖြတ်ခြင်းနှင့် တုန့်ပြန်ချက်)

စာသင်နှစ်တစ်နှစ် အစမှာပင် ဆရာများမှ ကျောင်းသားများအား ၎င်းတို့၏ ပညာရေးဆောင်ရွက်မှုစွမ်းရည်ကို မည်သို့အကဲဖြတ်မည်။ တုန့်ပြန်ချက်ပေးမည် စသည်အားဖြင့် ရှင်းပြပေးမည်ဖြစ်သည်။ ဘာသာရပ်ဆိုင်ရာ ဆရာအားလုံးမှ ၎င်းတို့၏သက်ဆိုင်ရာ rubrics (ညွှန်ကြားချက်အပြည့်အစုံဇယား)ကို အသေးစိတ်ပါဝင်စေလျက် ရေးဆွဲ အသုံးပြုမည်ဖြစ်သည်။ ဤအကဲဖြတ်ခြင်းအားလုံး၌ ဒဏ်ခတ်ခြင်း စနစ်နှင့် စာသင်ခန်းအတွင်း ပြုမူကျင့်ကြံပုံတို့ကို ကိုင်တွယ်ထိန်းကျောင်းခြင်း အစရှိသည်တို့ ပါဝင်မည်မဟုတ်ပါ။ ထို့ကြောင်း ကျောင်းသားတစ်ဦးသည် စာပေသင်ယူလေ့လာမှုတွင် အားရကျေနပ်စရာဖြစ်အောင် စွမ်းဆောင်နိုင်သည့်တိုင်အောင် ၎င်း၏ရိုင်းပျသော ရိုသေလေးစားမှုကင်းသော အပြုအမူ၊ အနေအထိုင်နှင့် ၎င်း၏ အကျိုးဆက်များအရ ဝန်ခံကတိဖြင့် နေထိုင်ခြင်းကာလ သတ်မှတ်ချက် အစရှိသည်တို့ကို ကျခံစေနိုင်သည်။

## Assessment Rubric (အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်းဆိုချက်များ)

ISM ကျောင်းသည် ကောလိပ်ကျောင်းသို့ တက်ရောက်ရန်အတွက် အသင့်ဖြစ်စေရန် ပြင်ဆင်ပေးသောကျောင်းဖြစ်ပါသည်။ ကျောင်းသား/သူအတို့အတွက် ပညာရေးဆိုင်ရာ အောက်မြင်မှုရှိစေရန် ကြိုးပမ်း၍ပံ့ပိုးပေးခြင်းနှင့် ကျောင်းသား/သူများမိမိအဆင့်အလိုက် လိုအပ်သည့်အရည်အသွေးများကို နားလည်သဘောပေါက်ပြီး ပညာရေးတွင်ထူးချွန်စွာ အကောင်းဆုံး အောင်မြင်အောင်စွမ်းဆောင်နိုင်ရန် ပံ့ပိုးပေးပါသည်။ အလယ်တန်းကျောင်း၏ အဆင့်သတ်မှတ်ချက် အတိုင်းအတာများအား အထက်တန်းကျောင်းမှ အသုံးပြုသည့် နည်းလမ်းအတိုင်း အလားတူအသုံးပြုလျက်ရှိပါသည်။ အောက်တွင်ဖော်ပြထားသည့် အဆင့်သတ်မှတ်ချက်များသည် ကျောင်းသား/သူများ၏အဆင့်အား အကဲဖြတ်စည်းမျဉ်းအတိုင်းသတ်မှတ်ခြင်းဖြစ်သည်။

91-100 (A) Excellent - ကျောင်းသား/သူသည် လုပ်ငန်းဆောင်တာများကို မျှော်မှန်းချက်များအတိုင်း ကိုက်ညီအောင်နှင့် ပိုမိုသာလွန်အောင် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ပါသည်။

81-90 (B) Above Average - ကျောင်းသား/သူသည် လုပ်ငန်းဆောင်တာများကို မျှော်မှန်းချက်များအတိုင်း ကိုက်ညီမှုရှိအောင် ပုံမှန်လုပ်ဆောင်နိုင်ပါသည်။

71-80 (C) Average - ကျောင်းသား/သူသည် လုပ်ငန်းဆောင်တာများကို မျှော်မှန်းချက်များအတိုင်း ကိုက်ညီမှုရှိအောင် အများအားဖြင့် လုပ်ဆောင်နိုင်ပါသည်။

61-70 (D) Below Average - ကျောင်းသား/သူသည် လုပ်ငန်းဆောင်တာများကို မျှော်မှန်းချက်များအတိုင်း ကိုက်ညီမှုရှိအောင် လုပ်ဆောင်နိုင်ရန် ခဲယဉ်းပါသည်။

60 and Below (F) Unacceptable - ကျောင်းသား/သူသည် လုပ်ငန်းဆောင်တာများကို မျှော်မှန်းချက်များအတိုင်း ကိုက်ညီမှုရှိအောင် လုပ်ဆောင်နိုင်ခြင်းမရှိပါ။

## Progress Reports (တတ်မြောက်မှု အစီရင်ခံစာ)

ကျောင်းသား/သူများ၏ တတ်မြောက်မှုအစီရင်ခံစာများကို သုံးလတစ်ကြိမ် ပေးပို့ပါသည်။ ကျောင်းသား/သူများ၏တတ်မြောက်မှုကို သင်ရိုးညွှန်းတန်းပါ စံချိန်စံနှုန်းနှင့် benchmark အတိုင်းစိစစ်အကဲဖြတ်ပါသည်။ ထပ်မံ၍ သုံးလတစ်ကြိမ် အစီရင်ခံစာတွင် ကျောင်းသား/သူတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုရလဒ်နှင့် တိုးတက်မှုရှိလာသည့် ဘာသာရပ်များအတွက် သိသာထင်ရှားစေသည့် မှတ်ချက်များပါဝင်သည်။

## Awards ဆုများ

ကျောင်းသား၏ ထူးချွန်မှု၊ ရလဒ်ကောင်းမှုတို့အတွက် နှစ်ဝက်တစ်ကြိမ် ပေးအပ်ခြင်းဖြစ်သည်။ ဘာသာရပ်ဆိုင်ရာ ဆရာများမှ ဆုရရှိမည့် ကျောင်းသား၊ ကျောင်းသူတို့ကို အမည်တင်သွင်းရန်ဖြစ်၍ သက်ဆိုင်ရာ grade level အဖွဲ့မှ ရွေးနွေးဆုံးဖြတ်မည်ဖြစ်သည်။ ဆုပေးပွဲကို grade level တစ်ခုချင်းစီအတွက် ကျင်းပပေးသည်။

## Attendance (ကျောင်းခေါ်ချိန်)

ကျောင်းသားများသည် Week Without Walls (WWW) အပါအဝင် ပြက္ခဒိန်တွင်သတ်မှတ်ထားသော ကျောင်းတက်ရက် အားလုံးကို တက်ရောက်ရန်လို အပ်ပါသည်။ ကျောင်းသို့အချိန်မီရောက်ရှိရေးနှင့် သင်ယူမှုအတွက်အသင့်ရှိရေးသည် ကျောင်းသားနှင့်မိဘ တို့၏ တာဝန် ဖြစ်သည်။ အပြင်းဖျားသောကျောင်းသားများ၊ အထူးသဖြင့်ကူးစက်တတ် သောရောဂါ ဖြစ်နေသောကျောင်းသားများသည် ကျောင်းသို့မလာသင့်ပါ။ မိဘများအနေဖြင့် ကျောင်းWedsite တွင်တင်ထားသော ပြက္ခဒိန်ကိုစစ်ဆေးရန်နှင့် ကလေးများမှ တဆင့်အိမ်သို့ပို့သော သတင်းစာရှိ (Dragon Chronicle) ပြက္ခဒိန် ကိုစစ်ဆေးရန် တာဝန်ရှိပါသည်။ ဆရာဝန်နှင့်ချိန်းချက်မှု၊ နိုင်ငံခြားတွင်ကျန်းမာရေးစစ်ဆေးမှုနှင့် အပမ်းဖြေအားလပ်ရက်ခံစားခြင်းများကို ကျောင်းပိတ်ရက်တွင်သာပြုလုပ်ရန်ဖြစ်သည်။

အတန်းတစ်တန်းမှတစ်တန်းသို့ တိုး၍တက်နိုင်ရန် ကျောင်းသားများသည် အနည်းဆုံးကျောင်းတက်ရက် ၁၆၀ ရှိရန်၊ အဆင့်များအပြည့်အဝ ရရှိမှုကို ထိန်းသိမ်းရန်နှင့် Assignment များကိုအချိန်မီတင်ပြရန်ဖြစ်သည်။

ကျောင်းတက်ရက် ၁၈၀ မှ ၁၆၀ ရှိရန်ဖြစ်သည်။ ထို့အတွက်ကြောင့်၊ ကျောင်းပျက်ရက် ၂၀ ထက်ပိုသော ကျောင်းသားများမှာ နောက်အတန်းတစ်တန်းသို့ တက်ရောက်ခွင့်ရရှိမည်မဟုတ်ပါ။

## Absents (ကျောင်းပျက်ရက်များ)

လူကြီးမင်း၏ ကလေးသည် ကျောင်းပျက်ကွက်မည် ဆိုပါက နံနက် ၈ နာရီတွင် ကျောင်းသို့အကြောင်းကြားရမည် ဖြစ်ပါသည်။ မည်သည့်အကြောင်းကိစ္စဖြင့်မဆို ကျောင်းတက်ပျက်ကွက်ခဲ့ပါက ကျောင်းသား/သူများသည် လွတ်သွားသောသင်ခန်းစာများအားလုံးကို ပြန်လည်အစားထိုး လုပ်ဆောင်ရမည်မှာ ၎င်းတို့၏တာဝန်ပင်ဖြစ်သည်။ မိမိကျောင်းတက်ပျက်ကွက်မည်ကို ကျောင်းသား/သူအနေဖြင့် ကြိုတင်သိရှိထားပါက ခွင့်တိုင်စာကိုကြိုတင် တင်ပြရမည်ဖြစ်ပြီး၊ ဆရာ/ဆရာမအားလုံးအား တစ်ပတ်ကြိုတင်၍ အသိပေး အကြောင်းကြားရမည် ဖြစ်သည်။ ကျောင်းသား/သူများအနေနှင့် ကျောင်းပိတ်ရက်များ၏ အစနှင့်အဆုံးတို့တွင် ခွင့်ရက်များယူခြင်းဖြင့် ကျောင်းပိတ်ရက် အားလပ်ရက်ကို ချဲ့ထွင်ခြင်းတို့အားခွင့်မပြုပါ။ မိဘများအနေဖြင့် ကျောင်းပြက္ခဒိန်ကို သေချာစွာကြည့်ရှု အသုံးချစေလိုပါသည်။ ကျောင်းအားလပ်ရက်များမှာ ကျောင်းပိတ်ရက်များအတိုင်းသာဖြစ်ကြောင်း သိရှိစေလိုပါသည်။

## Medical Absents (ဆေးခွင့်)

ကျောင်းသား တစ်ဦးအနေနှင့်ဆေးခွင့် (ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရမှုတို့အတွက်) သုံးရက်ထက်မပိုသော ခွင့်ရက်များကို ပျက်ကွက်နိုင်ပြီး၊ ကျောင်းပြန်တက်သောအချိန်တွင် သက်ဆိုင်ရာ ဆရာဝန်၏ ဆေးလက်မှတ်ကို တင်ပြရမည်ဖြစ်သည်။

## Making up Missed Work (လွတ်သွားသောစာများကို ပြန်လည်လုပ်ဆောင်ခြင်း)

ကျောင်း (သို့) အတန်းတက်ရန်ပျက်ကွက်သော ကျောင်းသားများသည် ပျက်ကွက်သွားသော သင်ခန်းစာများကို ပြန်လည်လုပ်ရပါမည်။ ပျက်ကွက်သွားသော သင်ခန်းစာများကို ပြီးစီးအောင်လုပ်ဆောင်ရန် သက်ဆိုင်ရာဆရာ/ဆရာမတစ်ဦးချင်းစီနှင့် တွေ့ဆုံရန်မှာ ကျောင်း/သူ၏တာဝန်သာဖြစ်သည်။ ပျက်ကွက်သွားသော သင်ခန်းစာများကို မည်သို့လုပ်ဆောင်ရမည်ကို ဆရာ/ဆရာမများမှ ဆုံးဖြတ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

## Notification of Prolonged Absence
## (ကာလကြာမြင့်စွာကျောင်းတက်ပျက်ကွက်ခြင်းအတွက်အသိပေးခြင်း)

ကျောင်းသား/သူသည် ကြာရှည်စွာဖျားနာခြင်း (သို့) ထူးခြားသောအခြေအနေများကြောင့် ကျောင်းပျက်သောအခါ မိဘအုပ်ထိန်း သူသည် ကျောင်းနှင့်ဆက်သွယ်၍ သက်ဆိုင်ရာကျောင်းသား၏ဆရာနှင့် ဆက်သွယ်ညှိနှိုင်းပြီး ကျောင်းစာများကို စုစည်း ရယူနိုင်ပါသည်။ ကျောင်းပြန်တက်သောအခါ ကျောင်းသားများသည် လွတ်သွားသော ကျောင်းစာများကို ပိုင်နိုင်နားလည် တက်ကျွမ်းကြောင်း ပြသနိုင်လျှင် ၎င်းစာများတွင် credit ရနိုင်သည်။ ကျောင်းသား တစ်ဦးလုပ်ဆောင်ရမည့်အလုပ် ပြီးစီးရ မည့်အချိန်သတ်မှတ်ပေးမှုများသည်လည်း ဆရာတစ်ဦးချင်း ပေါ်တွင်ပင်မူတည်သည်။ ကျောင်းသို့ပြန်လည်ရောက်ရှိလာသောအခါ ကျောင်းသားများမှ ပျက်ကွက်ခဲ့သော စာများနှင့် ပြန်လည်လုပ်ဆောင်ခြင်းတို့အတွက် သတ်မှတ် အရည်အချင်းပြည့်မီစေရန် ကိုယ်တိုင်တာဝန်ယူရမည်။ မပြည့်မီသော ကျောင်းသားများသည် အပိုသင်ခန်းစာများ အလုပ်များကိုဆောင်ရွက် ရမည်ဖြစ်ပြီး နောက်တစ်ဆင့် အတန်းသို့လည်း တက်ရောက်ခွင့်ရှိချင်မှ ရှိနိုင်မည်ဖြစ်သည်။

### Participation in School Activities (ကျောင်း၏လှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားခြင်း)

ကျောင်းသား/သူများသည် ပျက်ကွက်ခဲ့သည့်ရက်အစား သင်ရိုးပြင်ပ လှုပ်ရှားမှုများတွင် အစီအစဉ်အတိုင်းပါဝင်နိုင်ရန် ကျောင်းချိန်အတိုင်း တစ်နေကုန် တက်ရမည်ဖြစ်သည်။ ဆိုလိုရင်းမှာ – ကျောင်းသား/သူများအနေဖြင့် ကျောင်း၌တစ်နေကုန်ရှိနေသော်လည်း သီးခြားရက်သတ်မှတ်ထားသည့် အားကစားပွဲများ၊ ကျောင်းလှုပ်ရှားမှုများ (သို့) ပါတီပွဲများသို့တက်ရောက်ခွင့် ရမည်မဟုတ်ပါ။

### Principal Descretion (ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် )

ယခုဖော်ပြသောပေါ်လစီတွင် မပါဝင်သောကိစ္စရပ်များလည်း တခါတရံ ပေါ်ပေါက်လာတတ်ပါသည်။ ကျောင်းအုပ်ကြီးသည် ထိုကိစ္စရပ်များကို မိမိဆုံးဖြတ်ချက်အတိုင်း လုပ်ကိုင်သွားမည်ဖြစ်သည်။

### ကျောင်းနောက်ကျခြင်း (Tardiness)

နံနက် ၈နာရီ ၁၀ မိနစ်တွင် ကိုယ်ပိုင်အတန်းသို့ အချိန်မီရောက်ရှိရန်နှင့် အခြားအတန်းများသို့လည်း အချိန်မီရောက်ရှိရန် လိုအပ်ပါ သည်။ အချိန်မှီရောက်ရှိနိုင်ခြင်းသည် မိမိကိုယ်ကိုသာမက ဆရာများ၊ သက်တူရွယ်တူများကိုလေးစားရာရောက်ပြီး ၎င်းသည် ကျောင်းသားများ အရေးကြီးသောလုပ်ဆောင်ရမည့်တာဝန်နှင့် ယဉ်ကျေးမှုပင်ဖြစ်သည်။မိဘများသည် ကျောင်းသားမှ ကျောင်းနောက်ကျမည်ကိုသိရှိပါက ကျောင်းသို့ဖြစ်နိုင်လျှင် အကြောင်းကြားပေးရန် လိုအပ်ပါသည်။သို့ရာတွင် ကျောင်းသားများသည် ၉ နာရီနောက်ပိုင်းတွင် ကျောင်းသို့ မလာရောက်နိုင်တော့ပါ။ အကယ်၍ ဤအချိန်မတိုင်မီ ကျောင်းသို့လာ ရောက်နိုင်ခြင်းမရှိလျှင် ခွင့်ယူရန်ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးမှ အခြားသောအထူးအခြေအနေအကြောင်းပြချက်များ(ဥပမာ၊ဗီဇာကိစ္စ၊ passport သက်တမ်းတိုးရန်၊ မိသားစုဆိုင်ရာ အရေးပေါ်ကိစ္စများ၊ စသည်)တို့အတွက်မူ ကျောင်းနောက်ကျလာရောက်ခြင်းကို ခွင့်ပြုပေးနိုင်သည်။

ကျောင်းသားများသည် quarter တစ်ခုစီတွင် ကိုယ်ပိုင်အတန်းချိန်၌ ၃ကြိမ်နောက်ကျမှုကို ခွင့်ပြုသည်။စုစုပေါင်း နောက်ကျ ချိန်အားလုံးကို ကျောင်း၏အတွင်းရေးမှူးမှ လေ့လာမှတ်သားပြီ Report Card တွင်မှတ်တမ်းထားရှိမည်ဖြစ်သည်။ ကျောင်းသားသည် ၃ကြိမ်ထက်ပို၍ နောက်ကျပါက အပြစ်ဒဏ်ပေးခံရခြင်း၊ အခြားအလုပ်များကိုပါလုပ်စေ ခြင်း၊ လူမှုရေး များတွင် လုပ်ဆောင်စေခြင်း၊ လှုပ်ရှားမှုလုပ်ငန်းများမှ ဖယ်ထုတ်ခြင်းနှင့် မိဘများထံအသိပေးကြောင်း ကြားခြင်းဆိုင်ရာများကို ကျောင်းအုပ်ကြီးမှ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် (၆)ကြိမ်ထက်ပို၍ နောက်ကျသော ကျောင်းသား/သူများသည် ထိုနှစ်ဝက်စာအတွက် ESLR ဆုများ နှင့် လွဲချော်မည်ဖြစ်သည်။

စာသင်နှစ်တစ်နှစ်အတွင်း အကြိမ်(၂၀)နှင့်အထက် နောက်ကျသော ကျောင်းသားများသည် နောက်ထပ်စာသင်နှစ်အတွင်း ခံဝန်ကတိဖြင့် ကျောင်းတက်ရန်ဖြစ်သည်။ အကယ်၍ ကျောင်းနောက်ကျခြင်း ပြဿနာအား ဖြေရှင်းနိုင်ခြင်းမရှိပါက ထိုကျောင်းသားသည် ISM ကျောင်း၏ ကျောင်းသားဖြစ်ခွင့် မရှိတော့ပါ။

## အနိုင်ကျင့်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်း (Bullying and Fighting)

ISM အဖွဲ့အစည်းရှိ အဖွဲ့ဝင်များအားလုံးသည် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းသား/သူအားလုံး၏ လုံခြုံရေးအတွက် တာဝန်ယူမှုရှိသည်။ ကျွန်ုပ်တို့ကျောင်းအဖွဲ့အစည်းရှိ အဖွဲ့ဝင်များအားလုံးသည် တစ်ဦးနှင့်တစ်ဦး သည်းခံမှုရှေ့ထား၍ အခြားသူများ၏ အခွင့်အရေးကို လေးစားမှုရှိရန် လေ့ကျင့်မှုရှိမည်ဟု မျှော်လင့်ပါသည်။ ထို့ကြောင့် တစ်ဦးအပေါ် တစ်ဦးအနိုင်ကျင့်မှုများကို ကျောင်းမှ ဘယ်သောအခါမှ လက်ခံမည်မဟုတ်ပါ။ အနိုင်ကျင့်ခြင်းနှင့် အကြမ်းဖက်မှု များသည် လက်မခံနိုင်သော အပြုအမူများပင်ဖြစ်သည်။ ကျောင်းသား/သူများနှင့် ဝန်ထမ်းအားလုံးသည် ISM ကိုလုံခြုံစိတ်ချမှုနှင့် ကျေနပ်လောက်သောနေရာတစ်ခု အဖြစ်မြင်တွေ့ရပါမည်။ ISM သည် အနိုင်ကျင့်မှု/

အကြမ်းဖက်မှုများကို အရှက်သိက္ခာကင်းမဲ့၍ တစ်ဦးအပေါ် တစ်ဦးလေးစားမှုမရှိသော လုပ်ရပ်များအဖြစ် ရှေ့ရှုမြင်ပါသည်။ ထို့အပြင် အခြား သူတစ်ဦးအား နာကျင်မှု ကိုဖြစ်စေသော အနိုင်ကျင့်ခြင်း/လေးစားမှုမရှိပဲအကြိမ်ကြိမ် အနှောင့်အယှက်ပေးခြင်း၊ နှုတ်အားဖြင့် သော်လည်းကောင်း၊ အပြုအမူအားဖြင့်သော်လည်းကောင်း၊ လူတစ်ဦး (သို့) အဖွဲ့တစ်ခုမှ အခြားသူတစ်ဦး (သို့) အဖွဲ့တစ်ခုကို အနိုင်ကျင့်ခြင်းများဖြစ်သည်။

ကြီးနိုင်ငယ်ညှင်း ပြုမူမှုများနှင့် အကြမ်းဖက်မှုများသည် မှားယွင်းသော အပြုအမူများဖြစ်ပါသည်။ ISM ၏ကျောင်းသား/သူများ အားလုံးသည် မိမိ၏ကျောင်းကိုလုံခြုံစိတ်ချ၍ ပျော်ရွှင်ဖွယ်ကောင်းသော နေရာတစ်ခုအဖြစ်လည်း သတ်မှတ်နိုင်ရပါမည်။ ကျောင်းအဖွဲ့အစည်းရှိ လူအားလုံးသည် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်အားလုံးအား လုံခြုံစိတ်ချ ရသောနေရာဖြစ်စေရန် ဆောင်ရွက်ပေး ရမည့်တာဝန်ရှိပါသည်။

အနိုင်ကျင့်မှုများနှင့် အကြမ်းဖက်မှုများသည် နေရာမရွေးဖြစ်ပွားနိုင်ပါသည်။ ၎င်းတွင် စာသင်ခန်းထဲတွင်လည်းကောင်း၊ သန့်စင်ခန်းတွင်လည်းကောင်း၊ လေသာဆောင်တွင်လည်းကောင်း၊ စားသောက်ဆောင်တွင်လည်းကောင်း၊ ကစားကွင်းတွင် လည်းကောင်း၊ ကျောင်းအဆောက်အဦးပြင်ပတွင်လည်းကောင်း၊ နည်းပညာများမှတဆင့် အနိုင်ကျင့်မှု များဖြစ်ပွားနိုင်သည်။

အနိုင်ကျင့်ခြင်းနှင့် အကြမ်းဖက်သော အပြုအမူများတွင်

- တစ်ဦးတစ်ယောက်အပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း(သို့) ထိုသို့ပြုမူရန် ခြိမ်းခြောက်ခြင်း။
- တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ခြင်း။
- တစ်ဦးတစ်ယောက်၏ ရုပ်သွင်၊ လူမျိုး၊ ဘာသာ၊ လိင်၊ နောက်ခံမိသားစု၏အရည်အခြင်းနှင့် ပတ်သတ်သည်များ ကို ဝေဖန်မှုများ ပြုလုပ်ခြင်း။
- တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ လိမ်လည်ပြောဆိုခြင်း (သို့) ကောလာဟလ ဖြန့်ခြင်း။
- တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှု(ပစ္စည်း) ကိုယူခြင်း၊ ဖျက်ဆီးခြင်း(သို့)ဝှက်ထားခြင်း။
- တစ်ဦးတစ်ယောက် အတွက်သူငယ်ချင်းများကို စွန့်ခွာခြင်း။
- အုပ်စုတစ်စုတွင် ပါဝင်နိုင်ရန် တစ်ဦးတစ်ယောက်အား လုပ်ရပ်တခုကို အတင်းအကြပ်ပြုစေခြင်း(သို့)ခြိမ်းခြောက်ခြင်း။
- တစ်ဦးတစ်ယောက်ထံသို့ ခြိမ်းခြောက်စာများပို့ခြင်း။

ကြီးနိုင်ငယ်ညှင်းပြုမူမှုများသည် ကျောင်းချိန်ပြင်ပတွင် ဖြစ်နိုင်သော်လည်း အင်တာနက်ဖြင့်အနိုင်ကျင့်မှုများကို ISM ၏သည်းခံခွင့်ပြုမည် မဟုတ်ပါ။

အင်တာနက် အနိုင်ကျင့်မှုများတွင်

- အထက်ဖော်ပြပါအချက်များအား လူမှုရေးမီဒီယာ၊ သတင်းအချက်အလက်ပို့ခြင်း၊ အဖွဲ့လိုက် mail ပို့ခြင်းနှင့် IMing ပြုလုပ်ခြင်းစသော အင်တာနက်များသုံး၍ ကျူးလွန်ခြင်း။
- တစ်ဦးတစ်ယောက်အား ထိခိုက်နာကျင်စေရန် ရည်ရွယ်၍ online ၌အဖွဲ့လိုက်မေးခွန်းထုတ်ခြင်း။
- ကြမ်းတမ်းယုတ်ညံ့သော အသုံးအနှုန်းများ ကိုအသုံးပြု၍ message များပေးပို့ပြီး ဉညူငညန ၌ရန်ရှာခြင်း။
- Online တွင် တစ်ဦးတစ်ယောက်ကို စော်ကားသည့်စကားလုံးများ သုံးနှုန်းပြောဆိုခြင်း။
- တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာ(သို့)ပေါင်းသင်းဆက်ဆံရေး ပျက်ယွင်းစေရန် ရည်ရွယ်၍ တင်းအဖြင်းနှင့် ကောလာဟလများ ဖြန့်ဝေခြင်း။
- ဆရာများ၊ ကျောင်းသားများ(သို့)ကျောင်းနှင့်ပါတ်သက်၍ မိမိ၏ထင်မြင်ယူဆချက်များကို အများသုံး ဖရိုဂရမ် များတွင် ဖြန့်ဝေခြင်း။
- တစ်ဦးတစ်ယောက်၏ account ထဲသို့ခိုးဝင်၍ ထိုသူလည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း ထိခိုက်စေ ရန်အတွက် ထိုသူအဖြစ်ဟန်ဆောင်၍ message များပို့ခြင်း။
- တစ်ဦးတစ်ယောက်၏ လို့ဝှက်ချက်များကို ဖြန့်ဝေခြင်း(သို့) ထိုသူ၏သတင်းအချက်အလက်နှင့် ဓါတ်ပုံများကို အရှက်ရစေရန်ပြုမူခြင်း(သို့)ထိုသို့ပြုမူစေရန် အခြားသူများအားလှည့်စားခြင်း။
- Online အဖွဲ့ဝင်များမှ တစ်ဦးတစ်ယောက်အား ရည်ရွယ်ချက်ရှိရှိ ထုတ်ပယ်ခြင်း။

## အနိုင်ကျင့်ခြင်း(သို့)ဗိုလ်ကျခြင်းကို အကြောင်းကြားခြင်း (Reporting Bullying or Harassment)

အနိုင်ကျင့်မှုနှင့် အကြမ်းဖက်မှုများသည် ကျောင်းအတွက်ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။ အနိုင်ကျင့်မှု(သို့) အကြမ်းဖက်မှု များ နှင့် ပတ်သက်၍ တိုင်ကြားမှုများရှိပါက ချက်ခြင်းစုံစမ်း စစ်ဆေး၍ ရေးယူသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ISM သည် ထိုသို့ဖြစ်ပွားမှုများကို တိုင်ကြားရန်လိုအပ်ပါသည်။ ကျောင်းသားများသည် မိဘ၊ဆရာ၊ ကျောင်းအုပ်၊ အကြံပေးပုဂ္ဂိုလ်များ၊ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ စသော ယုံကြည်ရလောက်သောသူများ ကို ဖြစ်ပွားခဲ့သော အနိုင်ကျင့်အကြမ်းဖက်မှု များနှင့် ပတ်သက်၍ တိုင်ကြားရန်အကြံပေးအပ်ပါသည်။

မိဘများအား အကြံဉာဏ်ပေးလိုသည်မှာ မိမိတို့ကလေးများ၏ လူမှုရေးကွန်ယက်အဆက်အသွယ်အသုံးပြုခြင်းများ ကို ကြီးကြပ်စောင့်ကြည့်ကြလိုခြင်းနှင့် Online အသုံးပြုဆောင်ရွက်မှုများအတွက် အချိန်ကာလတစ်ခု သတ်မှတ်ပေးစေလိုခြင်းဖြစ်ပါသည်။ အကယ်၍ မိဘများမှ၊ Online ပေါ်တွင် ဗိုလ်ကျစိုးမိုးခြင်း၊ ရန့်ရင်းကြမ်းတမ်းသော (သို့) နှစ်လိုဖွယ် အစရှိသော စကားလုံးအသုံးအနှုန်းများ သုံးစွဲခြင်း၊ မဖွယ်ရာသော ရုပ်ပုံများတင်ထားခြင်း အစရှိသည်တို့ကို တွေ့ရှိပါက ကျောင်းအုပ်ကြီးထံသို့ အသိပေးတိုင်ကြားနိုင်ပါသည်။ ဤနည်းလမ်းသည် ကျောင်းမှ ထိုပြဿနာများကို ပါဝင်ဖြေရှင်းပေးရာတွင် ထိရောက်စေရေးအတွက် အထောက်အကူဖြစ်ပါသည်။ လုံခြုံရေးသည် ကျောင်း၏အရေးပါသော တုံ့ပြန်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ အနိုင်ကျင့်မှုနှင့် အကြမ်းဖက်မှုဆိုင်ရာများကို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အနိုင်ကျင့်မှုနှင့် အကြမ်းဖက်မှုဆိုင်ရာ အပြုအမူများနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်း၊ အပြစ်ပေး ခြင်း၊ ကျောင်းထုတ်ခြင်း၊ ဝန်ခံဂတိပြုစေခြင်း စသည်တို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## လက်ကိုင်ဖုန်းများ (Cell Phones and Hand Phones)

ဆဲလ်ဖုန်းများနှင့် လက်ကိုင်ဖုန်းများကို ကျောင်းတက်စဉ်ကာလ စာသင်ခန်းအတွင်းတွင် သက်ဆိုင်ရာဆရာ/ဆရာမမှ စာသင်ခန်းအတွင်း အထူးဆောင်ရွက်ချက်ပြုလုပ်ရန် ခွင့်ပြုချက်ပေးခြင်းမှတစ်ပါး မည်သည့်အချိန်တွင်မှ အသုံးမပြုရပါ။ ISM ကျောင်းအနေဖြင့် လက်ကိုင်ဖုန်းသည် ကျောင်းသား/သူများအတွက် မရှိမဖြစ်လိုအပ်သည်ဟု အသိအမှတ်ပြု သော်လည်း စာသင်ချိန်တွင် အနှောင့်အယှက်ဖြစ်စေပါသည်။ စာသင်ချိန်အတွင်း ကျောင်းသားများထံသို့ မိဘများမှ ဖုန်းခေါ်ဆိုခြင်းမပြုရပါ။ လိုအပ်လျှင် receptionist ထံသို့ ဆက်သွယ် အကြောင်းကြားနိုင်သည်။

ဖုန်းများပျောက်ဆုံးခြင်းနှင့် ခိုးယူခံရခြင်းတို့ကို ကျောင်းမှ တာဝန်မယူပါ။ ကျောင်းတွင် ဖုန်းအသုံးပြုခြင်း၊ တွေ့ရှိခြင်း(သို့) အသံကြားလျှင် ကျောင်းအုပ်ကြီးမှ ဒဏ်ခတ်သည့် အနေဖြင့်သတ်မှတ်ထားသောအချိန် ကာလတစ်ခုအထိ သိမ်းဆည်းထားမည်ဖြစ်သည်။

iPad စသောလျှပ်စစ်ပစ္စည်းနှင့်ဆိုင်သောပစ္စည်းများကိုကျောင်းအုပ်နှင့်ဆရာ၏ခွင့်ပြုချက်မှအပ ကျောင်းတက်ရက် တစ်လျှောက်လုံးတွင် လုံးဝအသုံးပြုခွင့်နှင့်ယူဆောင်လာခွင့် မရှိပါ။ ထိုပစ္စည်းများကိုကျောင်းတွင်အသုံးပြုခြင်းကို တွေ့ရှိ ရပါက သိမ်းယူပြီးလျှင် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်အရ အရေးယူမည်ဖြစ်ပါသည်။

Laptop ကွန်ပြူတာအသုံးပြုမှုတွင် အတန်းပိုင်ဆရာမှ တရားဝင်ခွင့်ပြုလျှင် အသုံးပြုနိုင်ပြီး ထိုကွန်ပြူတာသည် အသုံးပြုသူပိုင်ရှင်အားလည်းကောင်း၊ အခြားသောသင်ယူမှုကိုလည်းကောင်း အနှောင့်အယှက်ဖြစ်စေလျှင် ထိုအခွင့်အရေးထူး ကိုပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။ Laptop ကွန်ပြူတာအား လော့ကာထဲတွင် သော့ခတ်သိမ်းဆည်းထားခြင်းခံရမည်ဖြစ်သည်။

ထိုလျှပ်စစ်ပစ္စည်းများ ပျောက်ရှခြင်းအတွက် ကျောင်းမှတာဝန်မယူပါ။ ဤအသုံးအဆောင်ပစ္စည်းများကို ကိုယ်နှင့်အတူရှိနေသော မိမိတို့၏ ကျောပိုးအိတ် အတွင်း၌လည်းကောင်း၊ သော့ခတ် ထားသည့် Locker (တစ်ဦးချင်းပစ္စည်းသိမ်းရန်နေရာ) အတွင်း၌ လည်းကောင်း၊ လုံခြုံစွာထားရှိရမည်ဖြစ်ပြီး ၎င်းတို့ကို ကော်ရစ်ဒါတစ်လျှောက် နှင့် အားကစားရုံထဲတွင် ထားရှိခြင်းမပြုရပါ။

## အန္တရာယ်ရှိသောပစ္စည်းများ (Dangerous Articles)

ကျောင်းတွင် အခြားသူများအား အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများကိုခွင့်ပြုမည်မဟုတ်ပါ။ ISM မှဆိုလိုသော အန္တရာယ်ရှိသော ပစ္စည်းများမှာ ခြိမ်းခြောက်လို၍ သုံးသောပစ္စည်း (သို့) အခြားသူတဦး၏ ကိုယ်ခန္ဓာအားထိခိုက် ဒဏ်ရာရစေနိုင်သော မည်သည့်ပစ္စည်းမျိုးကိုမဆိုဖြစ်သည်။ ကျောင်းတွင်ဤသို့သော ပစ္စည်းများကိုတွေ့ရှိပါက သိမ်းဆည်းခြင်းခံရပြီး ကျောင်းအုပ်ကြီးမှ ချမှတ်သော စည်းကမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်သည်။

## အခန်းထဲ၌ ကန့်သတ်အချိန်အတွင်း ထိန်းသိမ်းထားခြင်း (Detention)

ကျောင်းအုပ်ကြီး(သို့) ဆရာ(သို့) ထိုနှစ်ဦးလုံးမှ ကျောင်း၏ညွှန်ကြားချက်များ(သို့) ပေါ်လစီများကို ချိုးဖောက်သည့် ကျောင်းသားများကို ပြစ်ဒဏ်ပေးမည်ဖြစ်ပါသည်။ ယေဘုယအားဖြင့် နံနက် ၇း၃၀ မှ ၈း၁၅ အထိဒဏ်ပေးခံရမည် ဖြစ်သည်။ တခါတရံ ထမင်းစားချိန်(သို့) ကျောင်းလွှတ်ချိန်များတွင်လည်း ဒဏ်ပေးခံရနိုင်သည်။ စည်းကမ်းဖောက်ဖျက်သော ကျောင်းသား/သူများသည် သတ်မှတ်ပေးသောရက်တွင် ဒဏ်ပေးခြင်းခံကြရမည်။ ဒဏ်ပေးခြင်းကိုမခံယူလျှင် စည်းကမ်းအရ ထပ်မံ အရေးယူခြင်းကိုခံရမည်ဖြစ်သည်။ ဤအတွက် ကျောင်းသွားကျောင်းပြန် ကြိုပို့ရန်မှာ ကျောင်းသားနှင့်မိဘများ၏ တာဝန်ဖြစ်သည်။

ဒဏ်ပေးရာတွင် အောက်ပါစည်းမျဉ်းများအရ ဆောင်ရွက်မည်။

- ဆရာ(သို့) ကျောင်းအုပ်ကြီးမှ တာဝန်ပေးသည့်အလုပ်ကို သတ်မှတ်ထားသည့်နေရာတွင် တိတ်ဆိတ်စွာ ပြီးစီးအောင်ဆောင်ရွက်ရမည်။

- ဤအချိန်ကာလအတွင်း အီလက်ထရွန်နစ် ပစ္စည်းများအသုံးပြုခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။ ကျောင်းသားသည် အခန်းတွင်းရှိအခြားသူများကို စိတ်နှောင့်အယှက် မဖြစ်စေရပါ။

## ထမင်းစားရုံ (Dining Hall)

ကျောင်းသား/သူများမှ ထမင်းစားရုံကို အိမ်မှယူလာသော (သို့) ဆိုင်မှဝယ်စားသောအစားအစာများကို စားသောက်ရန် အားလပ်ချိန်နှင့် နေ့လည်စာစားချိန်တွင်သုံးနိုင်သည်။ အစားအသောက်များအားလုံးကို ထိုင်၍စားသောက်ရမည်။ ကျောင်းတွင်း(သို့) မည်သည့်အချိန်တွင်မဆို မည်သည့်အစားအသောက်ကိုမျှ ယူဆောင်လာခွင့်မရှိပါ။ (ချွင်းချက်။ ။ ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာဆရာများက ခွင့်ပြုထားချိန်/ ခွင့်ပြုထားခြင်းမှလွဲ၍)။ ထို့အပြင်၊ အစားအသောက်များကို၊ အားကစားရုံနှင့် ကစားကွင်းထဲသို့လည်း ယူဆောင်သွားခွင့်မရှိပါ။ အစားအသောက်များ ကို စားသောက်သုံးစွဲပြီးတိုင်း၊ မိမိစားသုံးခဲ့သည်များနှင့် ထိုပတ်ဝန်းကျင်ဧရိယာကို ကိုယ်တိုင်သန့်ရှင်းစေခြင်းနှင့် မိမိအမှိုက်ကို မိမိစွန့်ပစ် ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရမည်။

ကျောင်းသားများအနေနှင့် ထမင်းစားရုံအတွင်း ဂရုတစိုက်ပြုမူဆောင်ရွက်ရမည်။ မုန့်မှာလျှင် တန်းစီ၍အလှည့်ကျ စောင့်ဆိုင်းကြရမည်။ အချင်းချင်းအော်ဟစ်ပြောဆိုခြင်းများကို ရှောင်ကြဉ်ရမည်။ စားသောက်ဆိုင်၏ အတွင်းဘက်၊ ဝန်ဆောင်မှုပေးနေသောနေရာသို့ ဝင်ရောက်ခြင်း၊ အစားအသောက်များကို မိမိဘာသာ စင်ပေါ်မှသော်လည်းကောင်း၊ ရေခဲသေတ္တာအတွင်းမှသော်လည်းကောင်း ယူဆောင်ခြင်းများ မပြုရပါ။ အစားအသောက်ရောင်းချပေးနေသူ ဝန်ထမ်းများအား မထီမဲ့မြင်ပြုလုပ်လျှင်၊ ပြုလုပ်သည့်ကျောင်းသား/သူအား ကျောင်းအုပ်ကြီးထံသို့ ပို့ဆောင်မည်ဖြစ်သည်။

## သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှု (Dress Code)

ကျောင်းသား/သူအားလုံးသည် ကျောင်း၏တူညီဝတ်စုံကို ဝတ်ဆင်ရမည်။ နေ့စဉ်သင့်လျော်သော ယူနီဖောင်းဝတ်ဆင်ရေးသည် ကျောင်းသားနှင့် မိဘများ၏တာဝန်ဖြစ်သည်။ ယူနီဖောင်းဝတ်စုံအားလုံးသည် ကောင်းမွန်သော အခြေအနေတွင်ရှိရမည်။ အပိုပြင်ဆင်ထားမှုများ၊ ဒီဇိုင်းတီထွင်ထားမှုများ(သို့) အလှဆင်ထားမှုများ မရှိရပါ။

ကျောင်းသားများသည် အောက်ပါအတိုင်းဝတ်ဆင်ရမည်။

- ✓ ကျောင်းမှဝယ်ယူသော အပြာရောင် ISM ပိုလိုရှပ်လက်တိုကို ဝတ်ဆင်ရမည်။
- ✓ အနက်ရောင်ဘောင်းဘီရှည်၊ PE ဘောင်းဘီတို(သို့)၊ လုံချည်(မည်သည့်အရောင်မဆို)ဝတ်ဆင်နိုင်သည်။ <u>စကတ်နှင့်ဂျင်းများ(အနက်ရောင်အပါအဝင်) ဝတ်ဆင်မှုကိုခွင့်မပြုပါ</u>။
- ✓ သင့်လျော်သောရှူးဖိနပ်များဝတ်ဆင်ရမည်။ ညှပ်ဖိနပ်များသည် ငယ်ရွယ်သူများအတွက် စိတ်ချရမှုမရှိ၍ ကျောင်းဝင်း၊ ကျောင်းအားကစားကွင်းများအတွင် မည်သည့်အချိန်မှမစီးရ။ ကြိုးသိုင်းဖိနပ်များ၊ တလက်မ အမြင့်ထက်ပိုသော ဒေါက်ဖိနပ်များမစီးရ။
- ✓ PE အတွက် ISM ၏မီးခိုးရောင် T-shirt နှင့် အိတ်မပါသောအားကစားဘောင်းဘီတို အပြာရောင်ကိုဝတ်ဆင်ရမည်။ ထိုဝတ်စုံများကို ကျောင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။ ကျောင်းသားများသည် ပေါ့ပါးသောရှူးဖိနပ် (Sneaker) များကို ဝတ်ဆင်ရမည်။
- ✓ အကယ်၍နေ့လည်စာထက်စော၍ PE အချိန်ရှိပါက ကျောင်းသားများသည် PE ဝတ်စုံကို ကျောင်းသို့ဝတ် ဆင်နိုင်သည်။
- ✓ မည်သို့ပင်ဖြစ်စေ ကျောင်းသားများသည် PE အချိန်ပြီးလျှင် သန့်စင်သောပိုလိုရှပ်ကို ပြောင်းလဲဝတ်ဆင်ပြီး ချွေးနံ့ပျောက်ဆေးကိုသုံးရမည်။
- ✓ အရှိအသေတန်သော ဝတ်စားဆင်ယဉ်မှုနှင့် တန်ဖိုးကြီးသောလက်ဝတ်ရတနာများ(ခန္ဓာကိုယ်အလှဆင်မှု) ဝတ်စားဆင်ယဉ်မှုကို ခွင့်ပြုမည်မဟုတ်ပါ။

ယူနီဖောင်းဝတ်ဆင်လာခြင်းမရှိသော ကျောင်းသား/သူများ (သို့) မသင့်လျော်သော အဝတ်များကိုဝတ်ဆင်လာသော ကျောင်းသား/သူ များအားအခြားအဝတ်အစားများကို ပြောင်းလဲဝတ်စေခြင်း၊ ကျောင်းလုံချည်ပေးခြင်း(သို့) အိမ်ပြန်၍ အဝတ်လဲစေခြင်းများကို ပြုလုပ်စေပါမည်။ လစဉ်ပထမအပတ် သောကြာနေ့သည် Casual Dress Day အဖြစ်သတ်မှတ်သည်ဖြစ်၍ ကျောင်းသား/သူများသည် နှစ်သက်ရာ အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်နိုင်ပါမည်။ အကယ်၍ မြန်မာ့ယဉ်ကျေးမှုနှင့် သင့်လျော်ပြီး လေးစားမှုကိုဖော်ပြသော ဝတ်စားဆင်ယဉ်မှုဖြစ်ရမည်။ ကျောင်းသူများအတွက် ဒူးအထက် ၄ လက်မရှိ စကတ်များ၊ ဘောင်းဘီတိုများကို ဝတ်ဆင်ခွင့်မပြုပါ။

## ကျောင်းတွင်စားသောက်ခြင်း (Eating in School)

ကျောင်းသား/သူများကို ကျောင်းဆောင်အတွင်း စားသောက်ခွင့်မပြုပါ။ ထို့ကြောင့်ရုံဖန်ရုံခါပြုလုပ်သော အထူးပွဲများကို ကျောင်းအုပ်နှင့် ဆရာ/ဆရာမများ၏ ခွင့်ပြုချက်မှ အပကျောင်းခန်းထဲ၌စားသောက်ခွင့်မရှိပါ။ သောက်ရေဗူးများကို စာသင်ခန်းအတွင်းယူဆောင်ခွင့်ရှိသည်။

သို့သော်ပြန်လည် အသုံးပြုနိုင်သော ရေဗူးကိုသာအသုံး ပြုရန်တိုက်တွန်းလိုပါသည်။ တစ်ခါသုံး ပလတ်စတစ် ရေဗူးများသည် ပတ်ဝန်းကျင်၌ အမှိုက်များကို ပိုမိုများပြားစေသောကြောင့်ဖြစ်သည်။

## အားကစားကွင်းနှင့် အားကစားရုံဆိုင်ရာ ကျင့်ဝတ်၊ ကျင့်ထုံးများ (Field and Gym Code of Behavior)

ကျောင်းသားများသည် ကွင်းနှင့်အားကစားရုံတို့ကို PE အတန်းများမှ အသုံးပြုနေခြင်းမရှိသော အချိန်တွင် ကျောင်းမတက်မီနှင့် အားလပ်ချိန်များ၌ အသုံးပြုနိုင်သည်။ ကျောင်းလွှတ်ချိန်များတွင်လည်း ၊ အားကစားလေ့ကျင့်ခန်းအစီအစဉ်များနှင့် ကစားပွဲများကျင်းပနေချိန်နှင့် ကင်းလွတ်လျှင်၊ အသုံးပြုနိုင်သည်။ သို့ရာတွင် ကျောင်းမတက်မီနှင့် ကျောင်းဆင်းချိန်တို့တွင် အသုံးပြုနေသော ကျောင်းသားများအား ကျောင်းဝန်ထမ်းများမှ ကြီးကြပ်တာဝန်ယူမှု မရှိကြောင်းကို မိဘများက သိရှိစေရန်ဖြစ်သည်။

ကွင်းအတွင်းနှင့် အားကစားရုံအတွင်းလိုက်နာရန် အချက်များ။

- အားကစားဖိနပ်များကိုသာ ဝတ်ဆင်ထားရမည်။ ညှပ်ဖိနပ်များ၊ ကွင်းထိုးဖိနပ်များ စသည်တို့ကို ဝတ်ဆင်၍ ကစားခွင့်မပြုပါ။
- အစားအသောက်များ လုံးဝ ယူဆောင်လာခွင့် မရှိပါ။
- အရည်အမျိုးမျိုးမှ 'သောက်ရေ'တစ်မျိုးသာလျှင် ယူဆောင်လာခွင့်ရှိသည်။
- အားကစားပွဲများနှင့် အားကစားနှင့်သက်ဆိုင်သော လှုပ်ရှားမှုများတွင် ကျောင်းသားအားလုံးပါဝင်နိုင်ခွင့် ရှိကြောင်း သိရှိစေရမည်။
- ခြောက်သွေ့ပူပြင်းသော ရာသီတွင် နေရောင်ကာကွယ်သော ဦးထုပ်များအား ဝတ်ဆင်ထားရမည်။
- ISM ဝန်ထမ်း/ဆရာများမှ စီစဉ်ဆောင်ရွက်သော အားကစားဆိုင်ရာလှုပ်ရှားမှုများမှအပ ကျောင်းသား၏ မူလတန်းနှင့်အထက်တန်းတို့မှ ညီအစ်ကို၊ မောင်နှမများ ဤကွင်းနှင့်အားကစားရုံကို အသုံးပြုခွင့်မရှိပါ။

## အိမ်စာ (Homework)

အိမ်စာပေးခြင်းသည်အတန်းတွင်းသင်ယူမှု အယူအဆများ(သို့) သင်ကြားရတော့မည့် သင်ခန်းစာအတွက် ကြိုတင်ဆွေးနွေး ပြင်ဆင်ခြင်း၊ စေသောအရည်အသွေးများကို အားဖြည့်ပေးခြင်းဖြစ်သည်။၎င်းသည်ရှေ့ဆက်သင်ကြားမှု အပိုင်းအတွက်လို အပ်ပြီးအလုပ်များစေသော အလုပ်မဟုတ်ပါ။ ဆရာများသည်လည်း အိမ်စာပေးမှုတွင် မျှတမှုရှိစေရန် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုရှိသောကြောင့်ပုံမှန်အားဖြင့် တစ်ရက်လျှင်ကျောင်းသားတစ်ဦး၏ အိမ်စာသည် မိနစ်၉၀ ထက်မများပါ။ အချို့ သော assignment များသည် တစ်ပတ်အကြာ၌သာ ဆရာများအားပေးရမည်ဆိုပါက အိမ်စာလုပ်ချိန်များနိုင်ပါသည်။ ထို့ကြောင့်ကျောင်းသားများအား ကျောင်းမှပေးထားသော student plan book တွင်ပြုလုပ်ရမည့် assignment အားလုံးနှင့် နောက်ဆုံးထားတင်ရမည့်အချိန်ကို ရေးမှတ်ထားရန် တိုက်တွန်းလိုပါသည်။ သို့မှသာမိဘများအနေဖြင့် ၎င်းတို့၏လိုအပ်ချက်ကို သိရှိလေ့လာနိုင်မည်ဖြစ်ပါသည်။ အိမ်စာများကို သတ်မှတ်ထားသောအချိန်အတွင်း ပြီးစီးရန် ၎င်းတို့ကိုယ်တိုင် ပြုလုပ်ရပါမည်။ အကယ်၍ မိဘများ(သို့) ကျူရှင်ဆရာများမှ အိမ်စာကိုကူညီလုပ်ဆောင်ပေးပါက ဆရာ/ဆရာမများနေဖြင့် ထိုကျောင်းသား၏ သင်ခန်းစာအပေါ်၌ နားလည်နိုင်မှုကိုအကဲဖြတ်ရာတွင် အခက်အခဲ ဖြစ်စေပါသည်။

ထို့အပြင် မိမိအားပေးအပ်ထားသော အိမ်စာလုပ်ငန်း၌ ကျောင်းသား/သူများအနေနှင့် ပြန်လည်ဆန်းစစ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း စသည်တို့ကို ပြုလုပ်ခွင့်မရှိပါ။

## ရိုးသားမှု နှင့် အလေးထားမှု (Honesty and Respect)

ကျောင်းသား/သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏သူငယ်ချင်းနှင့် ဆရာ/ဆရာမများအပေါ်၌ လည်းကောင်း ရိုးသားမှုရှိရမည်။ အမှန်တရားကိုသာ ပြောဆိုရန် ISM ကျောင်းမှမျှော်လင့်ပါသည်။ မရိုးသားမှုတစ်စုံတစ်ရာသည် ကျောင်း၏မူဝါဒ နှင့်ကိုက်ညီမှုမရှိသော အဆိုးရွားဆုံး ချိုးဖောက်ကျူးလွန်မှုလည်းဖြစ်ပါသည်။ မိမိ၏အပြုအမူ၊ ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိသူငယ်ချင်း၏ အပြုအမူ ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ ဖုံးကွယ်ရန်အလို့ငှာ မမှန်မကန်ပြောဆိုပါက ကျောင်းပြင်ပတွင် ခေတ္တဆိုင်းငံ့ထားခြင်း သို့မဟုတ် ကျောင်းမှထုတ်ပယ်ခြင်းကို ခံရမည် ဖြစ်သည်။

ကျောင်းသား/များများမှ ၎င်းတို့၏ ဆရာ/ဆရာမများ၊ သူငယ်ချင်းများ၊ ကျောင်းဝန်ထမ်းများနှင့် ကျောင်းမှချမှတ်ထားသော မူဝါဒများကို ရိုသေလေး စားခြင်း၊ အလေးထားခြင်းပြုရန် မျှော်လင့်ပါသည်။

## ခိုးမှု (Theft)

ခိုးမှုတွင် အခြားသူ၏ပိုင်ဆိုင်သော ပစ္စည်းများကိုပိုင်ရှင်၏ ခွင့်ပြုချက်မရှိပဲ ကိုယ်တိုင်ယူခြင်း၊ ထိုသို့ယူရာတွင် အကူအညီ ပေးခြင်းများ ပါဝင်သည်။ ကျောင်းအနေဖြင့် ကျောင်းသား/သူများနှင့် ၎င်းတို့၏ကိုယ်ပိုင်ပစ္စည်းများကို ရှာဖွေခွင့်ရှိသည်။ ခိုးမှုကျူးလွန်သော ကျောင်းသား/သူသည် ခေတ္တကျောင်းရပ်ဆိုင်းခြင်း(သို့) ကျောင်းထုတ်ခြင်း ခံရမည်ဖြစ်ပါသည်။

## လက်သရမ်းသဖျက်ဆီးခြင်း (Vandalism)

၎င်းတွင် ကျောင်းပိုင်ပစ္စည်းတစ်စိတ်တစ်ဒေသကို ဖြစ်စေ ပျက်စီးစေမှုနှင့် ၊ ရိုသေလေးစားမှုမရှိခြင်းတို့ အကျုံးဝင်သည်။ ၎င်း၌ကျောင်းမှ ပရိဘောဂများနှင့် နံရံများအပေါ်တွင် ရေးခြစ်ခြင်းလည်းပါဝင်သည်။ ဤကဲ့သို့ပြုမူသော ကျောင်းသား/သူသည် ကျောင်းပြင်ပ၌ ခေတ္တဆိုင်းငံ့ ခြင်း(သို့) ကျောင်းမှ ထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်။

## ကျောင်းဆက်လက်တင်နိုင်ခြင်းရှိ/မရှိခြင်းအတွက် ချမှတ်ထားသည့်မူဝါဒလမ်းစဉ် (Policy of Continuing Enrollment)

မည်သည့်ကျောင်းသား/သူမဆို ISM ကျောင်း၌ကျောင်းတက်နေစဉ်တွင် သူ/သူမတို့၏ သင်ယူမှုအတွေ့အကြုံသည် အကျိုးမရှိကြောင်း တွေ့ရှိပါက ကျောင်းစာသင်နှစ် ကုန်ဆုံးလျှင် နောက်ထပ်ကျောင်းဆက်လက် တက်ခွင့်ရရှိမည်မဟုတ်ပါ။ ထိုဆုံးဖြတ်ချက်အား ဆရာ/မများ၊ ကျောင်းအုပ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ နှင့် ကျောင်းဒါရိုက်တာတို့၏ အကြံဉာဏ်များကို ရယူပြီးမှဂရုတစိုက် ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

ISM ကျောင်းသား/သူများသည် မိမိကိုယ်တိုင်လုပ်ဆောင်ခြင်းနှင့် အခြားသူများနှင့်လည်း ပူးပေါင်းလုပ်ဆောင်နိုင်ရမည်ဖြစ်ပါသည်။ ထို့အတူလုပ်ဆောင်ရမည့်အရာများကို ပြန်လည်ညွှန်ကြားပြောဆိုရာတွင် အကြိမ်အရေအတွက် အနည်းဆုံးပြောဆိုခြင်းဖြင့် လုပ်ဆောင်နိုင်ရမည်ဖြစ်ပါသည်။ ISM ကျောင်းသား/သူများသည် သက်ဆိုင်ရာအတန်းအလိုက် ကျောင်းမှစီစဉ်ပေးသော ဝန်ဆောင်မှုကိုသာအသုံးပြုရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော စံနှုန်းအတိုင်း ကျောင်းသား/သူသည် ပြီးမြောက်အောင်စွမ်းဆောင်နိုင်ခြင်း မရှိပါလျှင်ထိုကျောင်းသား/သူသည် သင့်လျော်သောအချိန်တွင် ကျောင်းမှထုတ်ပယ်ခံရနိုင်ပါသည်။ ထိုကဲ့သို့အခြေအနေမျိုးဖြစ်ပေါ်လာပါက တစ်နှစ်စာ ကျောင်းလခထဲမှ မိမိတက်ခဲ့သောရက်အတိုင်း တွက်ချက်နုတ်ယူ၍ ကျန်ရှိသောငွေအား မိဘများသို့ပြန်အမ်းပေးမည်ဖြစ်ပါသည်။
(ISM Board of Directors မှ ၂၀၁၅ မေလတွင် အတည်ပြုထားသည့် မူဝါဒအရ)

## အစမ်းခန့်ကာလ (Probation)

အချို့သောအချိန်များတွင် ကျောင်းသားများသည် သတ်မှတ်ထားသောအလုပ်များနှင့် အမှတ်များသို့ ရောက်ရှိခြင်းမရှိ လျှင် (သို့) အပြုအမူအားဖြင့် မသင့်လျော်သော၊ အနှောင့်အယှက်ဖြစ်စေသော အပြုအမူများ ဆက်လက်ပြုလုပ်နေပါက ပညာရေး နှင့် ဆိုင်သောအစမ်းခန့်ကာလနှင့် အပြုအမူနှင့်ဆိုင်သော အစမ်းခန့်ကာလဟု၍ ရှိပါသည်။

### Academic Probation (ပညာရေးနှင့်ဆိုင်သောအစမ်းကာလ)

အောက်တွင်ဖော်ပြထားသည့် အခြေအနေများဖြစ်ပေါ်ပါက ကျောင်းသား/သူများသည် စမ်းသပ်ကာလသဘောတူညီချက်ဖြင့် နေထိုင်ရမည်ဖြစ်သည်။

- ✓ ပညာရည်တိုးတက်မှုမှတ်တမ်းတွင် ဘာသာရပ် တစ်ခုခု၌ 'F' ရရှိခြင်း၊
- ✓ Assignment များကို သတ်မှတ်ထားသောအချိန်တွင်တင်ရန် အမြဲတမ်းနောက်ကျခြင်း (သို့) လက်သင့်မခံနိုင် သောနည်းလမ်း အဖန်တလဲလဲ သုံးခြင်း၊

ကျောင်းသားတစ်ဦးသည် ပညာရေးနှင့်ဆိုင်သော အစမ်းကာလပြုလုပ်မည်ဆိုပါက ဖော်ပြပါအချက်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

- ✓ မိဘများအနေဖြင့်ဖြစ်ပေါ်လာသောပြဿနာ၊ ကိစ္စများနှင့် ပတ်သက်၍ ဖြစ်နိုင်လျှင် ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမများ နှင့် တွေ့ဆုံဆွေးနွေးရမည်ဖြစ်ပါသည်။
- ✓ ပညာရေးတိုးတက်မှုနှင့် ပတ်သက်၍ အောင်မြင်မှုရှိစေမည့် အစီအစဉ်အား ပြင်ဆင်ပေးပြီး၊ ထိုစာချုပ်ပေါ်တွင် မိဘများ(သို့)အုပ်ထိန်းသူများ၊ ကျောင်းသား/သူ နှင့် ကျောင်းအုပ်ကြီးမှ လက်မှတ်ထိုးရမည်ဖြစ်ပါသည်။
- ✓ ဆရာ/ဆရာမများမှ ကျောင်းသား/သူအတွက်လိုအပ်သလို ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။
- ✓ ကျောင်းအုပ်ကြီးမှ ကျောင်းသား/သူ၏ ပညာရေးအခြေခံတိုးတက်မှုကို ပုံမှန်သုံးသပ်မည်ဖြစ်ပါသည်။
- ✓ အကယ်၍ ကလေးသည် ပြင်ပကျူရှင်ဆရာနှင့်သင်ကြားရန် လိုအပ်ပါက ကျောင်းအုပ်သည် မိဘများနှင့် အတူ ပံ့ပိုးမှုစနစ်များသည် တိုးတက်မှုရှိ/မရှိကို ပြန်လည်ဆွေးနွေးသုံးသပ်မည်ဖြစ်ပါသည်။

ပညာရေးတိုးတက်မှုစာချုပ်သည် သတ်မှတ်ထားသောအချိန်သို့ရောက်ရှိပါက ကျောင်းအုပ်မှ မိဘများနှင့် တွေ့ဆုံ၍ နောင်လာ မည့်ခြေလှမ်းတွင်မည်သို့ပြုလုပ်မည်ကို စဉ်းစား၍ ကျောင်းသား/သူသည် ISM ကျောင်းမှ ထွက်ရကောင်း ထွက်ရနိုင်ပါသည်။

## အပြုအမူဆိုင်ရာအစမ်းကာလ (Behavioral Probation)

ကျောင်းသားသည်အောက်ပါအချက်များနှင့် ကိုက်ညီနေပါက အပြုအမူဆိုင်ရာအစမ်းကာလ ရှိမည်ဖြစ်ပါသည်။

- ✓ ကျောင်းမှ အလေးအနက်ထားချမှတ်ထားသောစည်းကမ်းချက်များနှင့်လိုက်နာရမည့် အချက်များကို စံတင်ရ လောက်အောင်ချိုးဖောက်ခြင်း၊

- ✓ ဆရာများ၊ သက်တူရွယ်တူများ၊ ကျောင်းပိုင်ပစ္စည်းများ နှင့် လုပ်ဆောင်ရမည့်အလုပ်များကို လေးစားခြင်း၊ မရိုသေခြင်း၊ ရိုင်းပြခြင်းများကို အဖန်တလဲလဲပြုလုပ်ခြင်း၊
- ✓ ကျောင်း၏ လမ်းညွှန်ချက်များနှင့် စည်းကမ်းများကို ၂ခု ထက်ပို၍ချိုးဖောက်ခြင်း၊

အထက်ပါအချက်များဖြစ်ပေါ်ပါက အပြုအမူဆိုင်ရာအစမ်းကာလ ဖြစ်ပေါ်လာမည်ဖြစ်ပြီး ထိုကိစ္စ၏ အစဦးမှစ၍ အကြံပေး ပုဂ္ဂိုလ်မှ ပါဝင်မည်ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ကျောင်းအုပ်နှင့် မိဘများမှ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပါသည်။

## လူမြင်ကွင်းတွင် မေတ္တာမျှခြင်း (Public Displays of Affection )

ကျောင်းသည် စာလုပ်ရမည့်နေရာ နှင့် စာကိုအာရုံစိုက်ရမည့်နေရာဖြစ်ကြောင်း ကျောင်းသားများအားအသိပေးပြီးဖြစ်ပါ သည်။ လူမြင်ကွင်းတွင် မေတ္တာမျှခြင်းကို ခွင့်မပြုပါ။ ၎င်းသည် အခြားသောကျောင်းသား/သူများအတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ ယင်းသို့ပြုမူခြင်း၏အကျိုးဆက်အရ ကျောင်းသား/သူသည် ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံဆွေးနွေးရမည်ဖြစ်သည်။

## စာပေလေ့လာခြင်း အုပ်စုများ (Study Groups)

**<u>စာကျက်ချိန်သတ်မှတ်ထားသော အုပ်စုများ</u>**

အကယ်၍ ကျောင်းသား/သူတစ်ဦးမှ အိမ်စာများကို တင်ပြနိုင်ရန် အခက်အခဲတစ်စုံတစ်ရာရှိပါက၊ မည်သည့်အချိန်၌မဆို ဆရာ/ဆရာမတစ်ဦးမှ ထိုကျောင်းသား/သူအား၊ ကျောင်းဆင်းချိန်တွင် စာပေလေ့လာရမည့်အုပ်စုတွင်းသို့ ပါဝင်ဆောင်ရွက်ရန် ထည့်သွင်းနိုင်သည်။ ၎င်းမှာ ကျောင်းသား/သူ၏ စာပေဆောင်ရွက်မှုဆိုင်ရာ အလေ့အကျင့်များ ပိုမိုကောင်းမွန် တိုးတက်လာစေရန်အတွက် လိုအပ်သည့် အချိန်အထိ၊ တစ်ပါတ်လျှင် (၁)ရက် မှ (၅)ရက်အထိ သတ်မှတ်ပေးနိုင်သည်။ ဤလိုအပ်ချက်ရှိလာသော ကျောင်းသား/သူ၏ မိဘများအား ကြိုတင်အသိပေးမည်ဖြစ်၍ ၊ ၎င်းအတွက် လိုအပ်သော အကြိုအပို့အတွက် မိဘများမှ တာဝန်ယူစီစဉ်ပေးရမည်ဖြစ်သည်။

## ကျောင်းမှ ခေတ္တဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်း (Suspension and Expulsion)

အလွန်အလေးအနက်ထားသော (သို့) ကျောင်း၏ စည်းကမ်းများ၊ ပေါ်လစီများ၊ လမ်းညွှန်ချက်များကို အဖန်တလဲလဲ ချိုး ဖောက်လျှင် ကျောင်းမှ ခေတ္တဆိုင်းငံ့ခြင်း(သို့)ထုတ်ပယ်ခြင်း ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။ အကယ်၍ ကျောင်း၏ ရည်ရွယ်ချက်၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ရှိ လုပ်ဆောင်မှု၊ ၎င်း၏ဆရာများနှင့် ရွယ်တူများအပေါ် လေးစားမှုမရှိသော ကျောင်းသား/သူများ အတွက် ဤအချက်သည် ၎င်းတို့ကိုရှင်းလင်းစွာသိမြင်စေ၍ ပြုပြင်စေရန် နှိုးဆော်သောအချက်ဖြစ်ပါသည်။

**<u>ကျောင်းတွင်းခေတ္တဆိုင်းငံ့ထားခြင်း (In-School Suspension)</u>**

In-School Suspension သည်လွန်စွာအရေးပါသောဖြစ်စဉ် ဖြစ်ပေါ်လာသောအပြုအမူပေါ်မူတည်၍ ကျောင်းတွင်း ခေတ္တဆိုင်းငံ့ ထားခြင်းကို အများဆုံး ၅ရက်အထိ သတ်မှတ်မည်ဖြစ်ပါသည်။ In-School Suspension ပေးမည်ဆိုလျှင် ကျောင်းအုပ်မှ မိဘများအား အသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး၊ မိဘများသည်လည်းကျောင်းအုပ်နှင့် လာရောက်တွေ့ဆုံရမည်ဖြစ်သည်။

- ✓ In-School Suspension ပေးခြင်းခံရသောကျောင်းသား/သူသည် လွတ်သွားသောစာများပြန်လည်ပြုလုပ်ခွင့် နှင့် အမှတ်များရနိုင်ပါသည်။
- ✓ ကျောင်းသား/သူသည် ပြုလုပ်ရန်ရှိသည့် assignment များပြီးစီးပါကဖတ်ရန် စာအုပ်ကိုလည်းယူလာရမည်ဖြစ်ပါ သည်။
- ✓ ကျောင်းသား/သူသည် လူအများအသုံးပြုသော စာကြည့်တိုက်၊ ကျောင်းအုပ်ရုံးခန်းနှင့်၊ စာသင်ခန်းများ တွင် အနှောင့်အယှက်မပေးရပါ။
- ✓ ကျောင်းသား/သူသည်ကျောင်းအုပ်၏ ခွင့်ပြုချက်မပါပဲ break အချိန်၊ PE ၊ နေ့လည်စာစားချိန် နှင့် အခြားပြုလုပ်သည့်ပွဲများတွင် ပါဝင်လုပ်ဆောင်ခွင့်မရှိပါ။
- ✓ In-School Suspension ပေးခြင်းခံရသော ဇတန်း ကျောင်းသား/သူများသည် cumulative file တွင်မှတ်ချက်ရေးမှတ်ခံရခြင်း နှင့် အထက်တန်းကျောင်း Counselor ထံသို့ ခေတ္တဆိုင်းငံ့ခံထားရသည့် အကြောင်းအရာအား တင်ပြသွားမည်ဖြစ်သည်။

**<u>ကျောင်းပြင်ပတွင်ခေတ္တဆိုင်းငံ့ထားခြင်း (Out of School Suspension)</u>**

Out of School Suspension နှင့်ပတ်သက်၍ အလွန့်အလွန် အလေးအနက် ထားရန် ဖြစ်ပေါ်လာသော အပြုအမူပေါ် မူတည်၍ အများဆုံး ၅ရက်အထိ သတ်မှတ်မည်ဖြစ်ပါသည်။ ပြစ်ဒဏ်ချမှတ်ခံရသည်နှင့် မိဘများလည်း ကျောင်းအုပ်နှင့် တွေ့ဆုံရမည်ဖြစ်ပါသည်။ သို့သော် များသောအားဖြင့် ထိုသို့ပြစ်ဒဏ်မချမှတ်မီ မိဘများနှင့် ဦးစွာတွေ့ဆုံဆွေးနွေးရခြင်းများလည်းရှိပါသည်။ ကျောင်းပြင်တွင်ခေတ္တကျောင်းရပ်ဆိုင်းခြင်းသည်ပုံမှန်အားဖြင့် အံ့သြလောက်အောင် ဖြစ်လေ့ဖြစ်ထအလွန်နည်း၍ရက်အနည်းငယ်ကြာ detention ပေးခြင်းများ၊ ကျောင်းတွင် ခေတ္တရပ်ဆိုင်းခြင်းများကိုသာချမှတ်ပါသည်။

- ✓ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကျောင်းသား/သူသည်သတ်မှတ်ထားသောကာလအတွင်း ကျောင်းလာခြင်းကိုခွင့်မပြုပါ။
- ✓ ဆရာ/ဆရာမအချို့(သို့) ဆရာ/ဆရာမ အားလုံးမှ ပြစ်ဒဏ်မချမှတ်မီ ပြုလုပ်ရမည့် assignment များကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကျောင်းသား/သူသည် ပြစ်ဒဏ်ချမှတ်ခြင်းခံရသောအချိန်အတွင်း လွတ်သွားသည့် သင်ခန်းစာများကို ပြန်လည်အစားထိုး လုပ်ဆောင်နိုင်မည်ဖြစ်သည်။
- ✓ Assignment များနှင့် ထိုကျောင်းသား/သူမှ လုပ်ဆောင်ထားသည့် အရာများကိုလည်း အခြားအတန်းဖော်များနည်းတူ အကဲဖြတ်ပေးသွား မည်ဖြစ်ပါသည်။
- ✓ ထိုကျောင်းသား/သူသည် ပြစ်ဒဏ်ချခံနေရစဉ် သတ်မှတ်ထားသောရက်တွင်းပြုလုပ်သော ပွဲများနှင့်လှုပ်ရှားမှုများ တွင်ပါဝင်ခွင့်မရှိပါ။

**ကျောင်းမှထုတ်ပယ်ခြင်း (သို့) ကျောင်းထွက်ခြင်း (Expulsion or Required withdrawal)**

အောင်မြင်မှုမရှိသော ကျောင်းသား/သူ သို့မဟုတ် မကောင်းသည့်ဘက်တွင် ထူးကဲ/လွန်ကဲသော ကျောင်းသား/သူကို အပြုအမူနှင့် သဘောထားများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ပြုပြင်ရန်ကြိုးစားသော်လည်း အောင်မြင်မှုမရှိသော ကျောင်းသား/သူကို ကျောင်းမှ ထုတ်ပယ်မည်ဖြစ်ပါသည်။ ဤဖြစ်စဉ်မျိုးတွင် ကျောင်းအုပ်သည်မိဘများနှင့်တွေ့ဆုံ၍ ကျောင်းသား/သူ၏ အပြုအမူနှင့်သက်ဆိုင်၍ လက်မခံနိုင်စရာများနှင့် အကျိုးဆက်များကို အသေးစိပ်ရှင်းလင်း ပြောကြားမည်ဖြစ်ပါသည်။ မိဘများမှလည်း ထိုအသေးစိပ်ရှင်းလင်း ပြောပြချက်အားလုံးကို သိရှိကြောင်းလက်မှတ်ရေးထိုးရပါမည်။ အခြေအနေအရပ်ရပ်ကိုသိရှိပြီးဖြစ်သော ဒါရိုက်တာထံသို့ ထိုသို့ထုတ်ပယ်ရန်ကျောင်းအုပ်မှ တင်ပြသွားမည်ဖြစ်သည်။

**ကျေနပ်မှုမရှိလျှင်လုပ်ရမည့် လုပ်ထုံးလုပ်နည်းနှင့် အသနားခံခြင်း** (Grievance Procedure & Appeal)

မိဘများနေဖြင့် အုပ်ချုပ်သူများဆုံးဖြတ်ခဲ့သော အရေးယူအပြစ်ပေးခြင်းအပေါ် ကျောင်းအုပ်(သို့) ဒါရိုက်တာထံသို့ ကျောင်းသား၊ မိဘ(သို့) အုပ်ထိန်းသူ အနေဖြင့် ကျောင်းခေတ္တရပ်ဆိုင်းခြင်း(သို့) ထုတ်ပယ်ခြင်းနှင့် ပတ်သက်သောစာရွက်စာတမ်းများနှင့် အသနားခံစာကို file တွဲ၍ ပြက္ခဒိန် ၁၄ရက် အတွင်း BOD ထံသို့တင်ပြရမည် ဖြစ်ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း သတ်မှတ်ထားသည့် အချိန်အတွင်း file တွဲ၍ အချိန်မှီတင်ပြနိုင်ခြင်းမရှိပါက ကျောင်းခေတ္တရပ်ဆိုင်းခြင်း(သို့) ထုတ်ပယ်ခြင်း၏ အသနားခံစာကိုထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

## Technology Code of Conduct (Acceptable Use Policy)

ISM သည် ပညာရေးတွင် နည်းပညာများအသုံးပြုရေးကို တက်ကြွစွာအားပေးဆောင်ရွက်လျက်ရှိပါသည်။ ရရှိနိုင်သောနည်း ပညာရပ်များကို ကျောင်းသားများ၊ဆရာများ၊မိဘများနှင့် အခြားသောသက်ဆိုင်သူများအနေဖြင့် အပြည့်အဝအကျိုးရှိစွာ အသုံးပြုနိုင်ရန် တရားဝင်ခွင့်ပြုချက် ရယူပြီး ကျောင်းမှချမှတ်ထားသော **Technology Code of Conduct** ဖော်ပြချက်စာရွက် တွင် ကျောင်းသား တစ်ဦးချင်းသည် ၎င်းတို့၏ မိဘများနှင့် အတူလက်မှတ်ရေးထိုးပြီးကျောင်း တွင် File တွဲသိမ်းဆည်းထား မည်ဖြစ်ပါသည်။

- ✓ ဤကဲ့သို့နည်းပညာရပ်များကို အသုံးပြုစေခြင်းအားဖြင့် ISM ၏ရည်ရွယ်ချက်ကို အထောက်အကူဖြစ်စေရမည်။ IT ၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန်– မဆီလျော်သောပစ္စည်းများ၊ ဖိုင်များ၊ အခြားသော အန္တရာယ်ဖြစ်စေနိုင်သော software အသုံးပြုခြင်းများကို ထိန်းသိမ်းရန်မှာ အသုံးပြုသူများ၏ တာဝန်သာဖြစ်သည်။
- ✓ ကျောင်းသားများသည် ကျောင်း၏ကွန်ပြူတာကို အသုံးမပြုခင် မိမိတို့၏ကိုယ်ပိုင်အသုံးပြုမည့် ပစ္စည်းများကို anti-virus system သွင်းထားရမည်။ မိမိတို့ကိုယ်ပိုင် ပစ္စည်းများအသုံးပြုလိုပါက ဆရာ/ဆရာမထံမှ ထောက်ခံချက်ရမှသာ အသုံးပြုခွင့် ရနိုင်မည်ဖြစ်ပါသည် (ဥပမာ– flash drives, iPads, iPods, personal laptops)။
- ✓ ကျောင်းအနေဖြင့် ကျောင်းသားများကို အသုံးပြုရန်မသင့်သော၊ ကျောင်းသားနှင့်မပတ်သက်သော စာများကိုအသုံးမပြုရန် (ညစ်ငြမ်းသောစာများ၊ ဓါတ်ပုံများ၊ ဂိမ်းများနှင့် ဆင့်ပွားပို့ရသောစာများ)၊ E-mail message များပို့ခြင်းဖြင့် အထိတ်အလန့်ဖြစ်စေခြင်းများမပြုလုပ်ရပါ။
- ✓ ကျောင်းအနေဖြင့် ကျောင်းသားနှင့်မပတ်သက်သော စာများကိုမထုတ်လုပ်ရန်၊ တစ်ဦးခြင်းပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်း၊ သူတပါးအရှက်ရအောင် စာစောင်များရေးခြင်း၊ သူတပါးအကြောင်းကို မမှန်မကန်ရေး၍မည်သည့် network များပေါ်တွင် မဆိုမတင်ရပါ။ ကျောင်းမှအသုံးပြုခွင့်ပေးသော နည်းပညာများမှာ digital footprint နှင့် သတင်းဆောင်းပါးတိုများ ထုတ်ဝေခြင်း တို့ဖြစ်သည်။
- ✓ အသုံးပြုသူတဦးစီတိုင်းသည် အခြားသူများပြုလုပ်ထားသော ဖိုင်၊ လျှို့ဝှက်နံပါတ်များနှင့် အစီအစဉ်များကို လေးစားရမည်။ ရည်ရွယ်ချက်ဖြင့် တစ်ပါးသူများ ပြုလုပ်ထားသော အချက်အလက်များကို ရှာဖွေကြည့်ရှုခြင်း၊ ကူးယူခြင်း၊ ထပ်မံပြုပြင်ခြင်း၊ အသုံးပြုခြင်းများ မပြုလုပ်ရပါ။ မိမိကိုယ်ပိုင်အသုံးပြုသော Account နှင့် password ကိုမည်သူ့ကိုမှ မျှဝေသုံးစွဲခွင့်မပြုရန် မိမိတွင်တာဝန်အပြည့်အဝရှိပါသည်။
- ✓ ကျောင်းသားများအနေဖြင့် ဆရာ/ဆရာမ၏ computer, laptop, desktop တို့ကို ဆရာ/ဆရာမ ခွင့်ပြုချက်ရမှသာ အသုံးပြုရပါမည်။

- ✓ ကွန်ပြူတာအသုံးပြုသူများသည် ကွန်ပြူတာနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများနှင့် softwear များကိုဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို မပြုလုပ်ရန်မှာ အသုံးပြုသူများ၏တာဝန်ပင်ဖြစ်သည်။ အသုံးပြုသူများသည် ကွန်ပြူတာအသုံးပြုနေစဉ် အစားအသောက်များကို ယူဆောင်ခွင့်မပြုပါ။ Laptop များကိုအသုံးပြုပြီးပါက လုံခြုံစိတ်ချမှုရှိစေရန်၊ မှန်ကန်စွာသိမ်းဆည်းပြီး ပြန်လည်အားဖြည့်ခြင်းတို့ ပြုလုပ်ရန်လည်းလိုအပ်ပါသည်။
- ✓ Network ၏လုပ်ဆောင်ချက်များ ပျက်စီးခြင်းနှင့် ပတ်သက်၍ အသုံးပြုသူသည် တာဝန်ယူရမည်ဖြစ်သည်။ ပညာရေးနှင့်မသက်ဆိုင်သော Audio or Video များကိုကူးယူခြင်း၊ လွှဲပြောင်းခြင်း၊ သတင်းလွှင့်ခြင်း တို့ကိုတားမြစ်ပါသည်။ Internet မှ file များကိုကူးယူလိုပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။
- ✓ ဆရာ/ဆရာမများနှင့် online မှစကားပြောခြင်းကို ကျောင်းသင်ခန်းစာနှင့် ပတ်သက်မှုရှိမှသာ လုပ်ဆောင်နိုင်သည်။ **ISM ကျောင်းသားအဖြစ်ဖြင့်ရှိနေစဉ်ကာလအတွင်း ISM ဆရာ/ ဆရာမ(များ) နှင့် မိတ်ဆွေဖြစ် စကားပြောရန်၊ ကျောင်းကိစ္စဆွေးနွေး ရန်တို့ကို ကျောင်းမှ Media network မှ တစ်ဆင့် အသုံးပြု လုပ်ဆောင်ခြင်းတို့ကို တင်းတင်းကြပ်ကြပ် တားမြစ်သည်။**
- ✓ Network တာဝန်ရှိသူများမှ Files များ၊ Online အဆက်အသွယ် ပြုလုပ်ထားခြင်းများကို အခါအားလျော်စွာ ပြန်လည်စစ်ဆေးမည်ဖြစ်သည်။ ၄င်းမှာ ဆက်သွယ်ရေးစနစ် ထိန်းသိမ်းရန်နှင့် အသုံးပြုသူများက တာဝန်သိစိတ်ရှိစွာ အသုံးပြုနေခြင်း ရှိ/မရှိ စစ်ဆေးရန် အတွက်ဖြစ်သည်။မိမိအသုံးပြုနေသောfile သည် မိမိတစ်ကိုယ်တည်းသုံးစွဲနေခြင်းမဟုတ်ကြောင်း၊ လျှို့ဝှက်file အဖြစ်မတည်ရှိကြောင်း သိရှိသဘောပေါက်ထားရမည်။ ဤသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက ကျောင်းမှသတ်မှတ်ထားသော နည်းပညာအသုံးပြုမှုများကို ကန့်သတ်ခြင်းဖြစ်စေ၊ ပိတ်ပင်ခြင်းဖြစ်စေ ပြုလုပ်မည်ဖြစ်ပြီး၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ အခြားသော စည်းကမ်းပိုင်းဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများကို ကျခံရမည်ဖြစ်သည်။
- ✓ နည်းပညာအသုံးပြုမှုဆိုင်ရာကျင့်ဝတ်များကို လိုက်နာရန်ပျက်ကွက်ပါက၊ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ကျူးလွန်သောအတိုင်းအတာကိုလိုက်၍၊ နှုတ်ဖြင့်သတိပေးခြင်းမှစ၍၊ တာဝန်ဝတ္တရားမှ ခေတ္တရပ်ဆိုင်းခြင်း စသည်အားဖြင့်၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများအတိုင်း အရေးယူဆောင်ရွက်ခြင်းခံရမည်။ လိုအပ်ပါက ပိုမိုပြင်းထန်သော အရေးယူအပြစ်ပေးခြင်း အတိုင်းအတာအထိ အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်နိုင်သည်။ ကျင့်ဝတ်ဖောက်ဖျက် ခြင်းတွင် အထက်ဖော်ပြပါအချက်များအပြင် နည်းပညာကို အန္တရာယ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ နည်းပညာကိုအသုံးပြု၍ သွေးဆောင်ဖျားယောင်းခြင်း၊ အင်အားသုံးဖျက်စီးစေခြင်း စသည်တို့ပါအကျုံးဝင်၍ ၄င်းအခြင်းအရာများအတွက် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊ ရာထူးမှရပ်ဆိုင်း ခြင်းစသည့် အရေးယူမှုများကိုခံရမည့် ဖြစ်သည်။

## Tuition Teachers

မိဘများနေဖြင့် ကလေးများအတွက် ကျူရှင်ဆရာများ ငှားရမ်းခြင်းမပြုရန် အလေးအနက်ပြောကြားလိုပါသည်။ ကျောင်းသား/သူများသည် ISM မှအကောင်းဆုံးပညာရေးကို ရရှိနေသောကြောင့် ကျူရှင်ထက်မံထားခြင်းသည် မလိုအပ် ပါ။အဓိကအကြောင်း ရင်းမှာ ကျူရှင်ဆရာများအနေဖြင့် ကျောင်းသားများ၏ ပညာရေးတိုးတက်မှုတွင် အလွတ်ကျက် မှတ်စေသောနည်းလမ်း ဟောင်းကို အသုံးပြုသောကြောင့် ဝေဖန်ဆန်းစစ်တတ်သောဉာဏ်နှင့် ပြဿနာများကိုဖြေရှင်း တတ်သောအရည်အသွေးကို တွန်းအားမပေးသောကြောင့်ဖြစ်သည်။ ထို့အပြင်၎င်းသည် ကျောင်းသား/သူများအား ဇဝေဇဝါဖြစ်စေ၍ လုံလောက်ခြင်းမရှိသော ခံစားမှုကိုဖြစ်စေပါသည်။ အလယ်တန်းကျောင်းမှဆရာ/ဆရာမများ မြင်တွေ့နေရသည်မှာ ကျောင်းသား/သူများသည် ကျူရှင်ချိန်များဖြင့် ခြေကုန်လက်ပမ်းကျကာ အိမ်စာများကိုအချိန်မှီ မပြီးစီးနိုင်ကြောင်းတွေ့ရှိ ရပါသည်။ ကျောင်းသား/သူများ၏ ပညာရေးကို အထိရောက်ဆုံး တိုးတက်စေသော နည်းလမ်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသောစာပေများ၊ စိတ်ကူးယဉ်ဝတ္ထုများ၊ ဖြစ်ရပ်မှန်များကို နေ့စဉ်ဖတ်စေခြင်းဖြစ်ပါသည်။

ကျောင်းသား/သူများသည် အယူအဆများကို နားလည်ရန်ခက်ခဲလျှင်ဖြစ်စေ၊ assignment များကိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်းမရှိပါက အချိန်အတိုင်းအတာတစ်ခုအထိ ကျူရှင်ဆရာငှားရန် ကျောင်းအုပ်နှင့် ဆရာ/ဆရာမများမှ ထောက်ခံအကြံပေးမည်ဖြစ်ပြီး၊ ထိုသူများမှ အကောင်းဆုံးနှင့်အသင့်တော်ဆုံး သင်ကြားရမည့် ကျူရှင်ပုံစံအား အကြံဉာဏ် များပေးမည်ဖြစ်သည်။ အခြားသော အထောက်အကူပြုမှုများကိုလည်း အကြံပြုတင်ပြမည်ဖြစ်သည်။ ဥပမာ– အထူးသဖြင့် Khan Academy (အခမဲ့ အသုံးပြုနိုင်သော online အစီအစဉ်တစ်ခု) ကို သင်္ချာဘာသာရပ်နားလည်နိုင်စွမ်းတွင် အားနည်းသော ကျောင်းသား/သူများ အသုံးပြုရန် အကြံပေးလိုပါသည်။

## School Fees (ကျောင်းလခ)

ကျောင်းလခများကို ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလ အလိုက်ပေးဆောင်ရပါမည်။ ကျောင်းလခများကို ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလအစပိုင်းတို့တွင် နောက်ဆုံးထား၍ ပေးဆောင်ရပါမည်။ နှစ်စနှင့် နှစ်ဝက် စာသင်ကာလ အစပိုင်းတို့တွင် ရက်သတ္တပါတ်လေးပါတ်ထက်ပို၍ ကျောင်းလခပေးရန် နောက်ကျပါက နောက်ကျကြေး **$100** ကို (ပြက္ခဒိန်ပါ ပထမလအတိုင်း) ကျောင်းသားတစ်ဦးချင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ ထပ်ဆောင်း၍ နောက်ကျကြေး/ပစ်ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် **$10** ဖြင့်ကျန်ရှိနေသော ရက်များအတိုင်း ပေးသွင်းရမည်ဖြစ်သည်။ အကယ်၍ ကျောင်းသားသည် **ISM** ကျောင်းမှ ကျောင်းထွက်မည်ဆိုပါက ထိုကျောင်းသားအနေဖြင့် ကျောင်းသို့ပေးဆောင်ရမည့် ကျောင်းလခစသဖြင့် ပေးဆောင်ပြီးမှသာ ထိုကျောင်းသား၏သက်ဆိုင်ရာမှတ်တမ်းများကို ကျောင်းမှထုတ်ပေးမည် ဖြစ်ပါသည်။ ကျောင်းသားတစ်ဦးသည် **ISM** သို့ပညာသင်နှစ် စာသင်ကာလအတွင်း မည်သည့်ရက် အပိုင်းခြားမဆို အစပြု၍ တက်ခဲ့ပါလျှင် ထိုပညာသင်နှစ်၏ သက်ဆိုင်ရာနှစ်ဝက် စာသင်ကာလအတွက် ပေးဆောင်ရမည့် ကျောင်းလခကို အပြည့်ပေးသွင်းရပါမည်။

**ကျောင်းလခ (သို့) ကြိုတင်ပေးသွင်းငွေ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အပြည့်အဝကိုသော်လည်းကောင်း ပြန်အမ်းပေးမည်မဟုတ်ပါ။**